# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957


**စည်းစိမ်ဥစ္စာ သတင်းကျော်စော**

လုံ့လလည်းရှိ၊ သတိလည်းရှိ၊ အပြစ်ကင်းသောအလုပ်ကိုလည်း ပြုလုပ်တတ်၊ အမှုကိစ္စဟူသမျှကို ပညာဖြင့်ဆင်ခြင်၍ ပြုလုပ်လေ့လည်းရှိ၊ ကိုယ်-နှုတ်-စိတ် သုံးပါးကိုလည်း စောင့်စည်းလေ့ရှိ၊ တရားသဖြင့်အသက်မွေးလေ့လည်းရှိ၍ မမေ့မလျော့သောသူမှာ စည်းစိမ်ဥစ္စာအရာအထူး ကျေးဇူးသတင်းကျော်စောခြင်း အလွန်တိုးပွားလေ၏။ အပ္ပမာဒဝဂ်(ဓမ္မပဒ-၂၄)


၁၃၈၅ ခုနှစ်၊ တပို့တွဲလဆန်း ၈ ရက်၊ စနေနေ့။ Saturday, 17 February 2024 ၁၁၃၇၄


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထား ဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် တက်ရောက်လာကြသူများ နိုင်ငံတကာမှ တိရစ္ဆာန်အစာစနစ်စိုက်ပျိုးခြင်း၊ နို့စားနွားမွေးမြူခြင်း၊ စပါးစိုက်ပျိုးခြင်း၊ နေကြာရိတ်သိမ်းခြင်းနှင့် ဆီထုတ်လုပ်ခြင်း၊ ခေတ်မီစက်ယန္တရားများနှင့် နွားမွေးမြူရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ စက်ယန္တရားများဖြင့် တိရစ္ဆာန်များကို အစာကျွေးခြင်း ဗီဒီယိုဖိုင်များကို လေ့လာကြည့်ရှုကြစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဝါသီးနှံ၊ ဆီထွက်သီးနှံ၊ ကော်ဖီနှင့် အသား၊ နို့ထွက်ပစ္စည်းကဏ္ဍဖွံ့ဖြိုးရေး ညှိနှိုင်းဆွေးနွေးပွဲသို့ တက်ရောက်ဆွေးနွေး

## စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့် ကုန်ထုတ်လုပ်ငန်းများတိုးတက်ခြင်းဖြင့် တစ်ဦးချင်းဝင်ငွေများ တိုးတက်လာပြီး နိုင်ငံ့စီးပွားတိုးတက်ပြောင်းလဲလာမည်

နေပြည်တော် ဖေဖော်ဝါရီ ၁၆

ဝါသီးနှံ၊ ဆီထွက်သီးနှံ၊ ကော်ဖီနှင့် အသား၊ နို့ထွက်ပစ္စည်းကဏ္ဍဖွံ့ဖြိုးရေး ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ဆွေးနွေးသည်။

ညှိနှိုင်းဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး ညိုစော၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ မြန်မာ့စီးပွားရေးဦးပိုင်အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးဆန်းဦး၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❍

### ယနေ့ ဖတ်စရာ


**လတ်တလောကာလတွင် မြန်မာနိုင်ငံသားများအတွက် ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်၍ သို့လောသို့လော စဉ်းစားတွေးတောစရာဖြစ်ကြရသော်လည်း အမှန်တကယ် လက်တွေ့လိုက်နာကျင့်သုံးဆောင်ရွက်သည့်အခါ အချိန်ကြာလာသည်နှင့်အမျှ ကမ္ဘာ့နိုင်ငံများနည်းတူ စစ်မှုထမ်းခြင်းကို နိုင်ငံသားတစ်ဦး၏ သာမန်ဝတ္တရားအဖြစ် ရှုမြင်လာကြမည်**

ဆောင်းပါး စာမျက်နှာ » ၇

**အရန်တပ်ဖွဲ့ဝင်ဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဖွဲ့စည်း**

စာမျက်နှာ » ၆

**ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီအစည်းအဝေး (၁/၂၀၂၄)ကျင်းပ**

စာမျက်နှာ » ၁၀

ကြေးမုံ

# နိုင်ငံတော်နှင့် ပြည်သူအကျိုးရှေးရှုဆောင်ရွက်

မြန်မာနိုင်ငံတွင် ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီစနစ်ကို သက်တမ်းနှစ်ကြိမ် ဖြတ်သန်းခဲ့သည်။ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် ဖြစ်ပေါ်ခဲ့သည့် မဲမသမာမှုများကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်နှင့် ပြည်သူ့အကျိုးကို တည့်မတ်မှန်ကန်စွာ ဆောင်ရွက်ပေးနိုင်ရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ နိုင်ငံတော်၏ တာဝန်များကို ထမ်းဆောင်လျက်ရှိသည်။

နိုင်ငံတော်၏ တာဝန်များကို ထမ်းဆောင်ရာ၌ ပြည်သူများ၏ ဆန္ဒဖြစ်သည့် "တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးဟူသည့် အမျိုးသားရေးရည်မှန်းချက် (၂)ရပ်နှင့် "စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စု တည်ဆောက်ရေး" ဟူသည့် နိုင်ငံရေးရည်မှန်းချက် (၂)ရပ်ကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ထိုလုပ်ငန်းစဉ်များ အောင်မြင်စေရန် ရှေ့လုပ်ငန်းစဉ် (၅)ရပ်၊ ဦးတည်ချက် (၉)ရပ် ချမှတ်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါရည်မှန်းချက်၊ ရှေ့လုပ်ငန်းစဉ်နှင့် ဦးတည်ချက်များကို အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံ၏တိုးတက်ဖြစ်ထွန်းမှုများကို ဟန့်တားနှောင့်ယှက်နေသည့် အဖျက်အမှောင့်အန္တရာယ်များ ကင်းဝေးရေးသည် အဓိကလိုအပ်ချက်ဖြစ်သည်။ အကြမ်းဖက်သောင်းကျန်းသူအဖျက်သမားများသည် မြန်မာနိုင်ငံ၏ အကျိုးစီးပွား ဆုတ်ယုတ်ပျက်ပြားစေရေးကို သမိုင်းကြောင်းတစ်လျှောက် စဉ်ဆက်မပြတ် နှောင့်ယှက်ဖျက်ဆီးလျက်ရှိသကဲ့သို့ ၎င်းတို့နှင့်အပေါင်းပါ အဖျက်မီဒီယာများကလည်း ခေတ်အဆက်ဆက် နှောင့်ယှက်ဖျက်ဆီးနေကြသည်ကို တွေ့ရမည်ဖြစ်သည်။

ကမ္ဘာပေါ်ရှိ နိုင်ငံတိုင်း နိုင်ငံတိုင်းတွင် မီဒီယာများရှိကြသည်။ အဆိုပါမီဒီယာများသည် ဒီမိုကရေစီကျင့်စဉ် မီဒီယာကျင့်ဝတ်နှင့်အညီ ပွင့်လင်းမြင်သာစွာ တင်ဆက်နေကြသည်။ ကျင့်ဝတ်ဖောက်ဖျက်မှုနှင့် ဘက်လိုက်မှုများလည်း ရှိကြသည်ကို တွေ့ရသည်။ ၎င်းတို့၏နိုင်ငံနှင့် လူမျိုး ပျက်စီးအောင် ကျင့်ဝတ်ဖောက်ဖျက်ပြီး ဖျက်ဆီးကြသည့် မီဒီယာများမှာ ရှားလှသည်။ မြန်မာနိုင်ငံနှင့်ပတ်သက်၍ ပြည်ပအခြေစိုက်မီဒီယာများသည် နိုင်ငံပျက်စီးရေးကို အများဆုံးပြုလုပ်နေကြသည်ကို တွေ့ရမည်။ နိုင်ငံပျက်စီးရေးကို ကမ္ဘာပေါ်တွင် အများဆုံးပြုလုပ်ခံရသည့် နိုင်ငံမှာ မြန်မာနိုင်ငံဖြစ်သည်ဟု ဆိုရမည်ဖြစ်သည်။

မျက်မှောက်ကာလတွင် လူမှုကွန်ရက်စာမျက်နှာများပေါ်မှ မြန်မာနိုင်ငံအား ပြည်တွင်း၊ ပြည်ပ သွေးထိုးမြှောက်ပင့်ပေးနေမှုများ၊ ကျင့်ဝတ်သိက္ခာကင်းမဲ့စွာဖြင့် မြန်မာနိုင်ငံကို ချောက်ထဲရောက်အောင် တွန်းပို့နေကြသည့် ယုတ်ညံ့သောမီဒီယာများကို နေ့စဉ်အမြောက်အမြားတွေ့မြင် ကြားသိနေရသည်။ မြန်မာနိုင်ငံ၏ လက်ရှိဖြစ်ပေါ်နေသော အခြေအနေများနှင့် လက်တွေ့ဖြစ်ပျက်နေမှုများကို အသိဉာဏ်ပညာနှင့် ဆင်ခြင်သုံးသပ်ဆောင်ရွက်မှုမရှိသည့် အဖွဲ့အစည်းများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကြောင့် တိုင်းပြည်၏ နေရာဒေသအချို့တွင် တည်ငြိမ်အေးချမ်းမှုမရှိဘဲ ပြည်သူများ ကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲဒုက္ခအမျိုးမျိုး ကြုံတွေ့နေကြသည်ကို တွေ့မြင် ကြားသိနေရသည်။

အဆိုပါ တိုင်းပြည်ပျက်စီးရေးလုပ်ဆောင်နေကြသည့် အကြမ်းဖက်အဖျက်သမား သောင်းကျန်းသူများနှင့် အဖျက်မီဒီယာများ၏ လုပ်ရပ်များသည် တိုင်းပြည်အတွက် အန္တရာယ်အလွန်ကြီးမားလှသည်။ သောင်းကျန်းသူများက အစဉ်တစိုက် ဖျက်ဆီးတိုက်ခိုက်မှုများ လုပ်ကိုင်နေကြသည်။ ပြည်ဖျက်မီဒီယာများကလည်း သောင်းကျန်းသူအဖျက်သမားများကို အားပေးအားမြှောက်ပြုလုပ်ပြီး တိုင်းပြည်ပျက်စီးရေးကို အားရဝမ်းသာလုပ်ဆောင်နေကြသည်။ တပ်မတော်နှင့် ပြည်သူ အထင်အမြင်လွဲမှားအောင်၊ ပြည်သူများ အတွေးအမြင်လွဲမှားအောင် အစဉ်တစိုက် ပြုလုပ်ကြသည်။ ထို့ကြောင့် အဖျက်အမှောင့်လုပ်ရပ်များသည် တိုင်းပြည်အတွက် အန္တရာယ်ကြီးမားသောကြောင့် အဆိုပါလုပ်ရပ်များကို ပြည်သူလူထု တစ်ရပ်လုံးက မှန်ကန်စွာသိမြင်ကြဖို့ လိုအပ်သည်။

နိုင်ငံတော်၏ ဖြစ်ပေါ်တိုးတက်မှု ပကတိအခြေအနေများကို ပြည်သူများသိရှိအောင် နိုင်ငံပိုင်မီဒီယာများကသာ အစဉ်တစိုက်လုပ်ကိုင်လျက်ရှိသည်။ နိုင်ငံတော်ကို ပျက်စီးရာပျက်စီးကြောင်း ပြုလုပ်နေကြသည့် အဖျက်အန္တရာယ်များ၊ သတင်းတု၊ သတင်းမှားများ၊ ကောလာဟလသတင်းများကို ပြည်သူလူထုအားလုံး မှန်ကန်စွာ သိရှိနိုင်စေရန် နိုင်ငံပိုင်မီဒီယာများကပင် သတင်းမှားများကို အသိပေးခြင်း၊ သတင်းမှန်များကို ထုတ်လွှင့်ဖော်ပြပေးခြင်း၊ အသိပညာပေးခြင်းများကို ပြုလုပ်လျက်ရှိသည်။ ပြည်သူအများကလည်း နိုင်ငံချစ်စိတ်နှင့် စဉ်းစားချင့်ချိန်ဉာဏ်ဖြင့် အမှန်အမှားတို့ကို ခွဲခြားသိမြင်နိုင်ရန် လိုအပ်သည်။

သို့ဖြစ်ရာ နိုင်ငံပိုင်မီဒီယာများသည် နိုင်ငံတော်နှင့် ပြည်သူအကျိုးအတွက် မီဒီယာကဏ္ဍမှနေ၍ ခေတ်အဆက်ဆက် တာဝန်ကျေပွန်စွာ ဆောင်ရွက်ပေးလျက်ရှိသည့်နည်းတူ မျက်မှောက်ကာလတွင်လည်း ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး တည်တံ့ခိုင်မြဲရေး၊ ဖျက်ဆီးနှောင့်ယှက်မှုများမှ ကင်းဝေးပြီး ပြည်သူလူထုအားလုံး မှန်ကန်စွာသိရှိနားလည်နိုင်ရေးအတွက် သတင်းတု၊ သတင်းမှားများကို တုံ့ပြန်ခြင်း၊ သတင်းမှန်များကို ထုတ်လွှင့်ခြင်းနှင့် အသိပညာပေးခြင်းများကို ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## တပ်မတော်နေ့ဦးတည်ချက်များ

(က) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေး(၃)ပါးကို တပ်မတော်၏အမျိုးသားရေးမူဝါဒအဖြစ် အမြဲဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်အတွက် အသက်ပေးကာကွယ်စောင့်ရှောက်ရေး။

( ခ ) နိုင်ငံတော်၏အမျိုးသားရေး ရည်မှန်းချက်(၂)ရပ်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေး လုပ်ငန်းစဉ်များတွင် နိုင်ငံတော်အစိုးရ၊ တိုင်းရင်းသားပြည်သူလူထုတို့နှင့်အတူ တပ်မတော်သားများအနေဖြင့် ကျရာအခန်းကဏ္ဍများမှ တက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

( ဂ ) အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သည့် ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရာတွင် လေ့လာ၊ လေ့ကျင့်၊ လိုက်နာဆိုသည့် တပ်မတော်၏လုပ်ငန်းစဉ်များနှင့်အညီ စွမ်းရည်(၃)ရပ် တိုးတက်မြင့်မားအောင် အစဉ်တစိုက် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

(ဃ) နိုင်ငံတော်၏ ပကတိလိုအပ်ချက်ဖြစ်သည့် တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီး ပေါ်ထွန်းလာစေရေးအတွက် လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

## တည်ထောင်ခွင့်ပြုပြီး နိုင်ငံရေးပါတီများမှတ်ပုံတင်ခွင့် ဆက်လက်လျှောက်ထားလျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၁၆

နိုင်ငံရေးပါတီ တည်ထောင်လိုသူများက ၎င်းတို့တည်ထောင်လိုသော ပါတီအမည်ကိုဖော်ပြ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လျှောက်ထားလျက်ရှိကြရာ ယနေ့အထိ ပါတီတည်ထောင်ခွင့် လျှောက်ထားလာသည့်အဖွဲ့ ၁၅ ဖွဲ့ရှိပြီး ယင်းသို့လျှောက်ထားသည့် အဖွဲ့များအနက် နိုင်ငံရေးပါတီ ၁၁ ပါတီကို တည်ထောင်ခွင့်ပြုပြီးဖြစ်သည်။

အဆိုပါ တည်ထောင်ခွင့်ပြုပြီး နိုင်ငံရေးပါတီ ၁၁ ပါတီအနက် မင်းမျိုးတင့်လွင် ခေါင်းဆောင်သည့် **မွန်တိုးတက်ရေးပါတီ**က ပါတီတည်ထောင်ခွင့်ပြုသည့် နေ့ရက်မှစ၍ ရက်ပေါင်း ၃၀ အတွင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၇ နှင့်အညီ ကော်မရှင်သို့ ယနေ့တွင် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ပေးပါရန် လျှောက်ထားလာခြင်းဖြစ်သည်။

မှတ်ပုံတင်ခွင့်ပြုရန် လျှောက်ထားသည့် နိုင်ငံရေးပါတီ ၁၁ ပါတီအနက် ပါတီ ကိုး ပါတီကို မှတ်ပုံတင်ခွင့်ပြုခဲ့ပြီးဖြစ်ပြီး ကျန်ပါတီများကို မှတ်ပုံတင်ခွင့်ပြုနိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်က ဆက်လက်စိစစ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်ပစ္စည်းများ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၁၆

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Aung Gabar Motor Services Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် BAIC ARCFOX α T အမျိုးအစား လျှပ်စစ်သုံး မော်တော်ယာဉ်နှင့် လျှပ်စစ်သုံးယာဉ်အားသွင်းစက်များ၊ Super Seven Star Motors Industry Co.,Ltd. မှ တင်သွင်းလာသော ကိုရီးယားနိုင်ငံထုတ် KIA NIRO အမျိုးအစား လျှပ်စစ်သုံး မော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ ကြောင်း သိရသည်။

သတင်းစဉ်

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၆ - ၂ -၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၆၀၀ | ၈,၆၀၀ | ၇၉၄ | ၆,၈၃၃,၅၀၀ |
| MTSH | ၂,၈၅၀ | ၂,၈၅၀ | ၃,၆၂၃ | ၁၀,၃၅၂,၁၅၀ |
| MCB | ၇,၈၀၀ | ၇,၈၀၀ | ၁၁၉ | ၉၂၈,၂၀၀ |
| FPB | ၁,၅၅၀ | ၁,၅၅၀ | ၂၂ | ၃၄,၁၀၀ |
| TMH | ၂,၅၀၀ | ၂,၅၀၀ | ၆၃ | ၁၅၇,၅၀၀ |
| EFR | ၁,၈၀၀ | ၁,၈၀၀ | ၂၂၈ | ၄၁၀,၄၀၀ |
| AMATA | ၄,၆၀၀ | ၄,၈၀၀ | ၁၅ | ၇၀,၀၀၀ |
| MAEX | ၁,၇၅၀ | ၁,၇၀၀ | ၁,၀၀၃ | ၁,၇၀၅,၁၅၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်သက်မွန်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးခိုင်ဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဝါသီးနှံ၊ ဆီထွက်သီးနှံ၊ ကော်ဖီနှင့် အသား၊ နို့ထွက်ပစ္စည်းကဏ္ဍ ဖွံ့ဖြိုးရေး ညှိနှိုင်းဆွေးနွေးပွဲတွင် ဆွေးနွေးပြောကြားစဉ်။

○ ရှေ့ဖုံးမှ

ဦးစွာ နိုင်ငံတကာမှ တိရစ္ဆာန်အစာစနစ်စိုက်ပျိုးခြင်း၊ နို့စားနွားမွေးမြူခြင်း၊ စပါးစိုက်ပျိုးခြင်း၊ နေကြာရိတ်သိမ်းခြင်းနှင့် ဆီထုတ်လုပ်ခြင်း၊ ခေတ်မီစက်ယန္တရားများနှင့် နွားမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ စက်ယန္တရားများဖြင့် တိရစ္ဆာန်များကို အစာကျွေးခြင်း ဗီဒီယိုဖိုင်များကို လေ့လာကြည့်ရှုကြသည်။

**ဆီထွက်သီးနှံများ အထွက်နှုန်းတိုးမြှင့်ရေးနှင့် ပြည်ပမှ စားသုံးဆီတင်သွင်းမှုလျှော့ချနိုင်ရေး**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဆွေးနွေးပြောကြားရာတွင် ယနေ့ **မိမိတို့နိုင်ငံ၏ ကုန်ထုတ်လုပ်ငန်းများ တိုးတက်စေရေး၊ စီးပွားတိုးတက်စေရေးအတွက် အဓိကကျသည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို လက်တွေ့ကျကျဆွေးနွေးမည်ဖြစ်**ကြောင်း၊ အဓိကအားဖြင့် ဆီထွက်သီးနှံနှင့် စက်မှုကုန်ကြမ်းသီးနှံများဖြစ်သည့် ဝါ၊ ကြံ၊ ကော်ဖီနှင့် ဆက်စပ်သီးနှံများနှင့် ပတ်သက်၍ ဆွေးနွေးနိုင်ရန်ဖြစ်ကြောင်း၊ နှစ်စဉ်ပြည်ပမှ စားသုံးဆီများ တင်သွင်းနေရသဖြင့် ပြည်တွင်းဆီစားသုံးမှုဖူလုံမှုရှိစေရေး အလေးထားဆောင်ရွက်ကြရန် မိမိတို့ စတင်တာဝန်ယူစဉ်ကတည်းက ပြောကြားခဲ့ပြီး အထောက်အကူဖြစ်စေရေးအတွက်လည်း နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ရင်းနှီးမတည်ငွေများ ဆောင်ရွက်ပေးခဲ့ကြောင်း၊ သို့သော် စားသုံးဆီတင်သွင်းမှုအနေဖြင့် လျော့ကျခြင်းမရှိသည်ကို တွေ့ရှိရပြီး လက်ရှိအချိန်အထိ တင်သွင်းနေရဆဲဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၌ စားသုံးဆီရရှိရေးအတွက် စိုက်ပျိုးထုတ်လုပ်နိုင်မည့် စိုက်ပျိုးမြေများ၊ လိုအပ်သည့်သွင်းအားစု ရေနှင့် လူ့စွမ်းအားအရင်းအမြစ်များရှိသော်လည်း စားသုံးဆီ ဖူလုံစွာ ထုတ်လုပ်နိုင်ခြင်းမရှိသည်မှာ မဖြစ်သင့်ကြောင်း၊ ဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ နှမ်း၊ နေကြာတို့အနက် မြေပဲသည်တစ်ဧကအထွက်နှုန်း ကောင်းမွန်သည်ကို တွေ့ရှိရကြောင်း၊ အချက်အလက်များအရ နေကြာသည် မြေပဲနှင့်နှမ်းတို့ထက် ဆီအထွက်နှုန်း ပိုမိုကောင်းမွန်သည်ကို တွေ့ရှိရကြောင်း၊ မိမိတို့နိုင်ငံ၌ အထက်ပါ ဆီထွက်သီးနှံသုံးမျိုးလုံး အောင်မြင်စွာ စိုက်ပျိုးထုတ်လုပ်နိုင်သည်ကိုတွေ့ရှိရကြောင်း၊ နေကြာစိုက်ပျိုးမှုတွင် ဝတ်မှုန်ကူးမှုအောင်မြင်စေရေးအတွက် ပျားမွေးမြူရေးကို ပါတွဲ၍ ဆောင်ရွက်ရန်လိုသည်ကို တွေ့မြင်ရကြောင်း၊ ဆီထွက်သီးနှံများသည် လေးလတာကာလအတွင်း စိုက်ပျိုးထုတ်လုပ်နိုင်ပြီး တစ်နှစ်လျှင် နှစ်သီးစိုက်ပျိုး၍ရသည်ကို တွေ့ရှိရသောကြောင့် မည်ကဲ့သို့ အောင်မြင်အောင် ဆောင်ရွက်ရမည်ကို အဖြေရှာဆောင်ရွက်ကြရန်လိုကြောင်း။

စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အခြေခံဖြစ်သည့် မျိုး၊ မြေ၊ ရေ၊ နည်းဟူသော မျိုးကောင်းမျိုးသန့်ရရှိအောင် ဆောင်ရွက်ရန်၊ မြေကို စနစ်တကျပြုပြင်ဆောင်ရွက်ရန်၊ အောင်ရေရရှိရန်၊ စိုက်နည်းစနစ်များ မှန်ကန်ရန်အဓိကကျကြောင်း၊ လက်ရှိဆီထွက်သီးနှံစိုက်ဧကများသည် လုံလောက်သည့် အနေအထားတွင်ရှိပြီး ပန်းတိုင်အထွက်နှုန်း ရရှိစေရေး ဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ သီးထပ်စွမ်းအားများ ကောင်းမွန်စေရေးအတွက်လည်း မတူညီသည့် ရာသီဥတုတွင် လိုအပ်သည့် သွင်းအားစုများရရှိအောင် ဆောင်ရွက်ပေးနိုင်ရန်လိုကြောင်း၊ ထို့ကြောင့် စိုက်ပျိုးရေးဆိုင်ရာ ပညာရှင်များအနေဖြင့် စဉ်းစားဆောင်ရွက်ကြရန်လိုပြီး အခြားနိုင်ငံများ၏ စိုက်ပျိုးရေးတွင် အောင်မြင်စွာဆောင်ရွက်နေကြသည့် နည်းပညာများကိုလည်း အတုယူ ဆောင်ရွက်ကြရန်လိုကြောင်း၊ မျိုးကောင်းမျိုးသန့်များအား စနစ်တကျပြုပြင်ထားသည့် မြေတွင်မြေဩဇာပြည့်မီစွာ ထည့်သွင်းခြင်း၊ အောင်ရေရရှိအောင် ဆောင်ရွက်ပေးခြင်းတို့ဖြင့် စိုက်ပျိုးမည်ဆိုပါက အထွက်နှုန်းများ ပြည့်မီလာနိုင်မည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်ကို ဗဟိုပြု၍ မြစ်၏ အရှေ့၊ အနောက်နှင့် မြစ်လက်တက်များကို အားပြု၍ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ကြကြောင်း၊ အခြားသော မြစ်များ၊ ချောင်းများ များစွာလည်း ရှိပြီးဖြစ်သဖြင့် တစ်နိုင်ငံလုံးတွင် ရေနှင့်ပတ်သက်၍ အထောက်အကူရရှိပြီးဖြစ်ကြောင်း၊ သို့သော်လည်း နွေရာသီကာလ၌ ရေရရှိရန်အခက်အခဲရှိသည့် ဒေသအချို့လည်းရှိကြောင်း၊ ထိုကဲ့သို့ အခက်အခဲရှိသည့် ဒေသများ၌ ဆိုလာကိုအသုံးပြု၍ မြစ်ရေတင်ခြင်းများ၊ ရေရရှိနိုင်သည့် အရင်းအမြစ်များမှ ရေသွင်းစိုက်ပျိုးခြင်းတို့ဖြင့် ဆောင်ရွက်မည်ဆိုပါက စိုက်ပျိုးရေနှင့် အောင်ရေကို အောင်မြင်စွာဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ စိုက်နည်းစနစ်များ မှန်ကန်မှုရှိစေရေးသည်လည်း စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ရေးအတွက် အဓိကကျကြောင်း၊ **တစ်ဧကအထွက်နှုန်း ပန်းတိုင်ရည်မှန်းချက်မပြည့်မီသည့် ထွက်ရှိမှုများသည် မိမိတို့အတွက် အနုတ်လက္ခဏာပြနေသည်ကို သတိပြုမိကြရန်လို**ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးရေးနှင့်ပတ်သက်ပါက တစ်ဧက အထွက်နှုန်းတိုးမြှင့်နိုင်ရေးသည် အဓိကထားဆောင်ရွက်ကြရမည့်လုပ်ငန်းအဖြစ် မှာကြားလိုကြောင်း။

သီးနှံများအနက် စပါးစိုက်ပျိုး၍ရသည့် မြေနေရာသည် အခြားသီးနှံများလည်း အောင်မြင်စွာ ဖြစ်ထွန်းသည်ကို တွေ့မြင်ရကြောင်း၊ ထို့ကြောင့် စပါးစိုက်ပျိုးသည့် မြေနေရာများ၌ ရာသီဥတုအရ၊ မြေအခြေအနေအရ သင့်လျော်ကိုက်ညီသည့် သီးထပ်သီးနှံများကိုလည်း စိုက်ပျိုးနိုင်မည်ဆိုပါက အထွက်နှုန်းများ တိုးတက်လာနိုင်မည်ဖြစ်ကြောင်း။

**စက်မှုကုန်ကြမ်းသီးနှံများဖြစ်သည့် ဝါ၊ ကြံနှင့် ကော်ဖီသီးနှံများ အထွက်နှုန်းတိုးတက်အောင် ထုတ်လုပ်နိုင်ရန်လို**

စက်မှုကုန်ကြမ်းသီးနှံနှင့်ပတ်သက်၍ ဝါစိုက်ပျိုးရေးဆောင်ရွက်ရာတွင် ပန်းတိုင်အထွက်နှုန်းများအတိုင်း ထွက်ရှိအောင် ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ တစ်ဧက သတ်မှတ်အထွက်နှုန်း ပိဿာ ၁၀၀၀ ထွက်ရှိမည်ဆိုပါက ဝါဂွမ်း ပိဿာ ၃၅၀၊ ဝါစေ့ ဆီ ၅၂ ဒသမ ၅ ပိဿာ၊ ဝါစေ့ဆီချေး ၁၇ ဒသမ ၅ ပိဿာ၊ လင်တာဂွမ်း(အမျှင်တို) ပိဿာ ၄၀၊ ဝါစေ့ကြိတ်ဖတ် ပိဿာ ၅၄၀၊ ချည်ပိဿာချိန် ၁၀၀၈ ပေါင်ထွက်ရှိမည်ဖြစ်သဖြင့် ချည်ပိတ် ၃၉၁၆ ကိုက်ထွက်ရှိမည်ဟု သိရကြောင်း၊ ဝါစိုက်ဧက ငါးသိန်း စိုက်ပျိုးနိုင်မည်ဆိုပါက ချည်ပိတ် ကိုက်သန်းပေါင်း ၅၈ သန်း ထွက်ရှိမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံလူဦးရေသန်း ၅၀ နှင့် တွက်ချက်ကြည့်ပါက လူတစ်ဦးတစ်နှစ်လျှင် ချည်ပိတ်ကိုက် ၄၀ ခန့်အသုံးပြုနိုင်မည်ဖြစ်ကြောင်း၊ ပိဿာချိန် ၇၀၀ ထွက်ရှိမည်ဆိုပါက လူဦးရေသန်း ၅၀ တွင် တစ်ဦးလျှင် ချည်ပိတ်ကိုက် ၃၀ ခန့် အသုံးပြုနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် **ဝါစိုက်ပျိုးမှုကို ကေငါးသိန်းစိုက်ပျိုးပြီး သတ်မှတ်ပန်းတိုင်ရည်မှန်းချက်များအတိုင်း စိုက်ပျိုးထုတ်လုပ်နိုင်မည်ဆိုပါက ပြည်တွင်း ချည်သုံးစွဲမှုကို ဖူလုံစေမည်ဖြစ်သဖြင့် နိုင်ငံ့ဝင်ငွေရရှိရေးကို ကြီးမားစွာအထောက်အကူပြုနိုင်မည်ဖြစ်**ကြောင်း၊ ထို့ကြောင့် ဝါစိုက်ပျိုးမှုကို ဝန်ကြီးဌာနများအနေဖြင့် အလေးထားဆောင်ရွက်ရန်လိုကြောင်း။

ပြည်တွင်းမှထွက်ရှိသည့် ချည်များကို အထည်ချုပ်လုပ်ငန်းများတွင် အသုံးပြုနိုင်ခြင်းကြောင့် ချည်ထည်လုပ်ငန်းများဖြင့် CMP လုပ်ငန်းနှင့် MSME **လုပ်ငန်းများကို ဆောင်ရွက်နိုင်မည်ဖြစ်ပြီး ပြည်သူများအလုပ်အကိုင်ရရှိရေးအတွက် များစွာအထောက်အကူပြုစေမည်ဖြစ်**ကြောင်း၊ ချည်ထည်များကို တန်ဖိုးမြှင့်ချည်ထည်များအထိ ထုတ်လုပ်နိုင်မည်ဆိုပါက ပြည်ပပို့ကုန်များကိုပါ တင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း၊ တန်ဖိုးမြှင့်ချည်ထည်များထုတ်လုပ်နိုင်ရေးအတွက် စက်မှုဝန်ကြီးဌာနနှင့် တပ်မတော်ကို တာဝန်ပေး ဆောင်ရွက်စေလျက်ရှိကြောင်း။

ကြံစိုက်ပျိုးမှုနှင့်ပတ်သက်၍ လက်ရှိပျမ်းမျှအထွက်နှုန်းမှာ ၂၆ တန်ခန့်ရှိကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ကြံနှင့်ပတ်သက်၍ လက်ရှိအထွက်နှုန်းအတိုင်း တွက်ချက်မည်ဆိုပါက ပြည်တွင်းဖူလုံမှုမှာ ၂၀၂၃-၂၀၂၄ ခုနှစ်တွင် ၁၁၂ ရာခိုင်နှုန်းရှိကြောင်း၊ တန် ၃၀ နှုန်းဖြင့် တွက်ချက်မည်ဆိုပါက ပြည်တွင်းဖူလုံမှုပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း၊ ကြံစိုက်ပျိုးမှုကို စိုက်ဧကတိုးချဲ့ရန်မလိုဘဲ အထွက်နှုန်း ပိုမိုတိုးတက်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ အဆင့်မီစိုက်ပျိုးနိုင်ရေး၊ ကြံအထွက်နှုန်းများ တိုးတက်စေရေးနှင့် သကြားထုတ်လုပ်မှုတိုးတက်စေရေးတို့အတွက်လည်း ပြည်ပနိုင်ငံများနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း၊ **ကြံစိုက်ပျိုးထုတ်လုပ်မှုများ တိုးတက်လာမည်ဆိုပါက ပြည်တွင်းသကြားလုံလောက်ရုံသာမက ပြည်ပနိုင်ငံများသို့ပါ တင်ပို့နိုင်မည်**ဖြစ်ကြောင်း။

ကော်ဖီသီးနှံနှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် ယခင်တပ်မတော်အစိုးရလက်ထက်မှစ၍ ကော်ဖီစိုက်ပျိုးရေးကို အားပေးဆောင်ရွက်ခဲ့သော်လည်း လက်တွေ့လုပ်ဆောင်ရာ၌ လိုက်ပါလုပ်ဆောင်မှုအားနည်းခဲ့၍ အောင်မြင်မှုနည်းပါးခဲ့ကြောင်း၊ ကော်ဖီစိုက်ပျိုးရန်ခွင့်ပြုထားသည့် မြေများကို အခြားနည်းများဖြင့်သုံးစွဲနေကြခြင်းနှင့် သတ်မှတ်ထားသည့်အတိုင်း စိုက်ပျိုးခြင်းမပြုခြင်းများကြောင့်ဖြစ်သည်ကို တွေ့ရှိရသဖြင့် မိမိတို့အနေဖြင့် ကော်ဖီများ စနစ်တကျစိုက်ပျိုးစေရေး ကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ကော်ဖီထွက်ကုန်များသည် ကမ္ဘာပေါ်တွင် အမြဲလိုအပ်မှုရှိသည့် ကုန်ပစ္စည်းများဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် ကော်ဖီစိုက်ပျိုးနိုင်သည့် မြေနေရာများစွာရှိသဖြင့် ကော်ဖီစိုက်ပျိုးရေးစီမံကိန်းကို အောင်မြင်အောင် ဆောင်ရွက်မည်ဆိုပါက ကော်ဖီပို့ကုန်များကို များစွာမြှင့်တင်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် **ယခုအချိန်မှစ၍ ကော်ဖီစိုက်ပျိုးရေးစီမံကိန်းများကို စတင်ဆောင်ရွက်သွားမည်ဆိုပါက နောင်ကာလများတွင် မိမိတို့နိုင်ငံသည် ကမ္ဘာပေါ်တွင် ကော်ဖီတင်ပို့သည့် ထိပ်တန်းနိုင်ငံသို့ ရောက်ရှိနိုင်မည်ဖြစ်**ကြောင်း၊ ထို့ကြောင့် ကော်ဖီစိုက်ပျိုးထုတ်လုပ်ရေးနှင့်ပတ်သက်၍လည်း အလေးထားဆောင်ရွက်သွားကြရန်လိုကြောင်း။

စာမျက်နှာ ၄ သို့ ○

☆ **တစ်ဧကအထွက်နှုန်း ပန်းတိုင်ရည်မှန်းချက်မပြည့်မီသည့် ထွက်ရှိမှုများသည် မိမိတို့အတွက် အနုတ်လက္ခဏာပြနေသည်ကို သတိပြုမိကြရန်လို**

☆ **ဝါစိုက်ပျိုးမှုကို ကေငါးသိန်းစိုက်ပျိုးပြီး သတ်မှတ်ပန်းတိုင်ရည်မှန်းချက်များအတိုင်း စိုက်ပျိုးထုတ်လုပ်နိုင်မည်ဆိုပါက ပြည်တွင်းချည်သုံးစွဲမှုကို ဖူလုံစေမည်ဖြစ်သဖြင့် နိုင်ငံ့ဝင်ငွေရရှိရေးကို ကြီးမားစွာအထောက်အကူပြုနိုင်မည်ဖြစ်**

☆ **ပြည်ပမှ နှစ်စဉ်တင်သွင်းနေရသည့် စားသုံးဆီများ၊ နို့နှင့်နို့ထွက်ပစ္စည်းများ၊ ချည်ထည်ပစ္စည်းများကို ပြည်တွင်းလုံလောက်စွာ ထုတ်လုပ်နိုင်ပြီး ပြည်ပသို့ တင်ပို့နိုင်မည်ဆိုပါက နိုင်ငံခြားငွေသုံးစွဲမှုများကို လျှော့ချနိုင်မည်ဖြစ်သကဲ့သို့ နိုင်ငံတော်အတွက် လိုအပ်သည့် နိုင်ငံခြားငွေများကိုပါ ရရှိနိုင်မည်ဖြစ်**

☆ **ဝါကြိတ်စက်၊ ချည်ငင်စက်၊ ချည်ထည်ပစ္စည်းများကို အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME)များဖြင့် ဆောင်ရွက်နိုင်မည်ဆိုပါက ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်လာမည်ဖြစ်သဖြင့် အမျိုးသားရေးအဖြစ် ဆောင်ရွက်စေလို**

○ စာမျက်နှာ ၃ မှ

### နို့ထွက်ပစ္စည်းများထုတ်လုပ်နိုင်ရေး ကျွဲ၊ နွား မွေးမြူရေးလုပ်ငန်းများ အားပေးဆောင်ရွက်

မိမိတို့နိုင်ငံအနေဖြင့် နို့နှင့်နို့ထွက်ပစ္စည်းများကို ပြည်ပမှ နှစ်စဉ်တင်သွင်းနေရကြောင်း၊ **ပြည်တွင်း၌ နွားမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်သည့် ရေခံမြေခံနှင့် တိရစ္ဆာန်အစာများ လုံလောက်စွာရှိပြီး ဖြစ်**ကြောင်း၊ အဓိကအားဖြင့် နည်းပညာအားဖြင့် မမြင့်မားသော နို့ထွက်ပစ္စည်းများဖြစ်သည့် နို့ဆီနှင့် နို့စိမ်းများကို ပြည်တွင်း၌ လုံလောက်စွာ ထုတ်လုပ်နိုင်ရေး ဆောင်ရွက်ရန်လိုကြောင်း၊ နွားနို့သာမက ကျွဲနို့ကိုလည်း နို့ထွက်ပစ္စည်းအဖြစ် ထုတ်လုပ်နိုင်ကြောင်း၊ မွေးမြူရေးလုပ်ငန်းများကို သမဝါယမ အသင်းများဖွဲ့စည်း၍ မွေးမြူနိုင်ရေး ဆောင်ရွက်စေခြင်းဖြစ်ကြောင်း၊ နွားမွေးမြူရေးနှင့် ကျွဲမွေးမြူရေး လုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်၍ နို့ထွက်ပစ္စည်း ထုတ်လုပ်သည့် စက်ရုံများ တည်ဆောက်ပြီး ပြည်တွင်း၌ နို့ထွက်ပစ္စည်းများ ဖူလုံအောင်ထုတ်လုပ်နိုင်ခြင်းဖြင့် ပြည်ပငွေသုံးစွဲမှုများကို လျှော့ချနိုင်မည်ဖြစ်ကြောင်း။

### စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့် ကုန်ထုတ်လုပ်ငန်းများတိုးတက်ခြင်းဖြင့် တစ်ဦးချင်းဝင်ငွေများ တိုးတက်လာပြီး နိုင်ငံ့စီးပွားတိုးတက်ပြောင်းလဲလာမည်

မိမိတို့အနေဖြင့် **ပြည်ပမှ နှစ်စဉ်တင်သွင်းနေရသည့် စားသုံးဆီများ၊ နို့နှင့်နို့ထွက်ပစ္စည်းများ၊ ချည်ထည်ပစ္စည်းများကို ပြည်တွင်းလုံလောက်စွာ ထုတ်လုပ်နိုင်ပြီး ပြည်ပသို့ တင်ပို့နိုင်မည်ဆိုပါက နိုင်ငံခြားငွေသုံးစွဲမှုများကို လျှော့ချနိုင်မည်ဖြစ်သကဲ့သို့ နိုင်ငံတော်အတွက်လိုအပ်သည့် နိုင်ငံခြားငွေများကိုပါ ရရှိနိုင်မည်ဖြစ်**ကြောင်း၊ ကုန်ထုတ်လုပ်မှုများ တိုးတက်လာခြင်းဖြင့် လုပ်ငန်းများဆောင်ရွက်လျက်ရှိသည့် ပြည်သူတစ်ဦးချင်း၏ ဝင်ငွေများတိုးတက်လာပြီး လူမှုစီးပွားများတိုးတက်လာမည်ဖြစ်သဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ပြီး များစွာပြောင်းလဲသွားနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိအနေဖြင့် စိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုများ တိုးတက်စေရေး အမြဲမပြတ် တိုက်တွန်းပြောကြားနေခြင်းဖြစ်ကြောင်း၊ ယခု ဆွေးနွေးပွဲတွင်လည်း တက်ရောက်လာကြသူများ အနေဖြင့် နိုင်ငံ့အကျိုးအတွက် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ တိုးတက်စေရေး ပွင့်ပွင့်လင်းလင်း ဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။

### ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးများက ကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေး

ယင်းနောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဆီထွက်သီးနှံများ စိုက်ပျိုးထွက်ရှိမှုနှင့် ပြည်တွင်း ဆီဖူလုံမှုအခြေအနေများ၊ ပြည်တွင်းဆီဖူလုံမှု တိုးမြှင့်နိုင်ရေးအတွက် ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးနိုင်ရေး လျာထားဆောင်ရွက်လျက်ရှိမှုနှင့် လျာထားချက်များအတိုင်း ထွက်ရှိလာမည်ဆိုပါက ပြည်တွင်းဆီဖူလုံမှုများ တိုးတက်လာမည့်အခြေအနေများ၊ စိုက်ပျိုးထွက်ရှိလာသည့် ဆီထွက်သီးနှံများမှ ဆီများထုတ်လုပ်နိုင်ရေး ဆီကြိတ်စက်ရုံများ တည်ဆောက်ရန်လျာထားမှု၊ **ဝါစိုက်ပျိုးမှု၊ ထွက်ရှိမှုနှင့် ပြည်တွင်းချည်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေးဆောင်ရွက်လျက်ရှိမှု၊ ဝါစေ့မှဆီထုတ်လုပ်၍ တိရစ္ဆာန်အစာများထုတ်လုပ်နိုင်မှု၊ ဝါစိုက်ပျိုးမှု တိုးချဲ့နိုင်ရေးအတွက် ဆောင်ရွက်နေမှု၊ စိုက်ဧကများ အမှန်အတိုင်းကောက်ယူရရှိနိုင်ရေး ဆောင်ရွက်လျက်ရှိမှု၊ ဝါမျိုးကောင်းမျိုးသန့်များ စိုက်ပျိုးထုတ်လုပ်နိုင်ရေး ပြည်ပနိုင်ငံများနှင့် ပူးပေါင်းသုတေသနပြုစမ်းသပ်စိုက်ပျိုး ဆောင်ရွက်လျက်ရှိမှု** အခြေအနေများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် ကော်ဖီစိုက်ပျိုးမှုနှင့် ထွက်ရှိမှု၊ တိုးချဲ့စိုက်ပျိုးနိုင်ရေး ဆောင်ရွက်လျက်ရှိမှုနှင့် ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချနိုင်မှု၊ ကြံများစိုက်ပျိုးထုတ်လုပ်လျက်ရှိမှု၊ ဂျုံစိုက်ပျိုးမှုများ တိုးတက်ရေးဆောင်ရွက်နေမှု၊ နို့စားနွားများမွေးမြူ၍ နို့ထွက်ပစ္စည်းများ ထုတ်လုပ်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိမှု၊ နို့စားနွားများ သာမက ဒေသနွားနှင့် ကျွဲများမှလည်း နို့များ ထုတ်လုပ်လျက်ရှိမှု၊ နို့ထွက်ပစ္စည်းများ ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရေးအတွက် နို့စားနွားများတိုးမြှင့်မွေးမြူရန်လိုအပ်မှုအခြေအနေများကို လည်းကောင်း၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် စိုက်ပျိုးရေမျာလုံလောက်စွာရရှိရေး ဆောင်ရွက်ပေးခဲ့မှု၊ စိုက်ပျိုးရေးလုပ်ငန်းများနှင့် မွေးမြူရေးလုပ်ငန်းများအတွက် သွင်းအားစုလိုအပ်ချက်များရရှိရေး ဝန်ကြီးဌာနအနေဖြင့် သမဝါယမ အသင်းအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ပေးလျက်ရှိမှု၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ပြည်တွင်းချည်ထည်များ ထုတ်လုပ်လျက်ရှိမှုနှင့် ပြည်တွင်းချည်လိုအပ်ချက်ကို တတ်နိုင်သမျှ ဖြည့်ဆည်းပေးနိုင်ရေး ဆောင်ရွက်လျက်ရှိမှု၊ ချည်ထည်များထုတ်လုပ်ခြင်းကို MSME လုပ်ငန်းများဖြင့် ဆောင်ရွက်နိုင်မှု၊ သကြားစက်ရုံများ လည်ပတ်ထုတ်လုပ်လျက်ရှိမှု အခြေအနေများကို လည်းကောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဘဏ္ဍာရေးနှစ် အလိုက် ဆီထွက်သီးနှံများ၊ ကော်ဖီထွက်ကုန်များ၊ ကြံထွက်ပစ္စည်းများ၊ ရော်ဘာထွက်ကုန်များနှင့် စိုက်ပျိုးရေးထွက်ကုန်များ တင်ပို့ရောင်းချနိုင်ခဲ့မှု၊ စားသုံးဆီများ၊ လူသုံးကုန်ပစ္စည်းများ၊ စိုက်ပျိုးရေး လုပ်ငန်းသုံးသွင်းအားစုများ၊ လယ်ယာသုံး စက်ကိရိယာပစ္စည်းများ၊ ပိုးသတ်ဆေးများ တင်သွင်းခဲ့မှုအခြေအနေများကိုလည်းကောင်း ဆွေးနွေးတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး ဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီးက စိုက်ပျိုးရေးလုပ်ငန်းများကို နှစ်အလိုက် ကြိုတင် လျာထားဆောင်ရွက်သင့်သည့် အခြေအနေများ၊ အရည်အသွေးမီနေကြာဆီများ ထုတ်လုပ်နိုင်ရေး ဆောင်ရွက်သင့်သည့် အခြေအနေများကိုလည်း ကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် မြန်မာစီးပွားရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ ဒုတိယ ဗိုလ်ချုပ်ကြီးညိုစောက တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ သကြားစက်ရုံများအလိုက် ကြံစိုက်ပျိုးမှုများ ဆောင်ရွက်လျက်ရှိမှုနှင့် ကြံမျိုးများအလိုက် သကြား ထုတ်လုပ်နိုင်မှု အထွက်နှုန်းများနှင့် အထွက်နှုန်း တိုးတက်ရေး ဆောင်ရွက်သွားမည့်အခြေအနေများ၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်၍ နို့ထွက်ပစ္စည်းများနှင့် အသား၊ ငါးများထုတ်လုပ်နေမှု အခြေအနေများကိုလည်းကောင်း၊ မြန်မာ့စီးပွားရေး ဦးပိုင်အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးဆန်းဦးက ကြံစိုက်ပျိုးရေး လုပ်ငန်းများနှင့် သကြားထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ နွားမွေးမြူရေးလုပ်ငန်း များဆောင်ရွက်လျက်ရှိမှု အခြေအနေများကိုလည်း ကောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တက်ရောက်လာကြသည့် ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက စိုက်ပျိုး မွေးမြူရေးလုပ်ငန်းများ တိုးတက်စေရေး သုတေသန ပြုဆောင်ရွက်လျက်ရှိမှု၊ **စိုက်ပျိုးရေမျာလုံလောက်စွာရရှိရေး မြစ်ရေတင်လုပ်ငန်းများ၊ ချောင်းပိတ်ဆည်များ၊ စက်ရေတွင်းများနှင့် နေရောင်ခြည်စွမ်းအင်သုံးရေတင်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ သမဝါယမအသင်းအဖွဲ့များဖွဲ့စည်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုများကို** ရှင်းလင်းတင်ပြသည်။

### တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေး

တင်ပြချက်များအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဖြည့်စွက်ဆွေးနွေးပြောကြားရာတွင် ဆီထွက်သီးနှံများစိုက်ပျိုးရာတွင် စိုက်ဧကအမှန်အတိုင်း စိုက်ပျိုးရန်လိုကြောင်း၊ ရာသီအလိုက်စိုက်ပျိုးသည့် ဧကအမှန်အတိုင်းတင်ပြနိုင်ရန်လိုပြီး မည်သည့်ရာသီ၊ မည်သည့်သီးနှံများ စိုက်ပျိုးသည်ဖြစ်စေ စိုက်ဧကများအတိုင်း အပြည့်အဝစိုက်ပျိုးနိုင်ရန်လိုကြောင်း၊ စိုက်ပျိုးသီးနှံများကို စိုက်ပျိုးရာတွင် မျိုးကောင်းမျိုးသန့်များဖြင့် နည်းစနစ်တကျစိုက်ပျိုးနိုင်ရန်လိုကြောင်း၊ ထွက်ရှိသည့်ကြံများမှ သကြားအပြည့်အဝ ထုတ်လုပ်နိုင်ရေး စက်ရုံများ၏ ထုတ်လုပ်နိုင်မှု စက်စွမ်းအားများကို ပြန်လည်စစ်ဆေးဆောင်ရွက်သွားရန်လိုကြောင်း၊ ကြံစိုက်ဧကများကို တိုးချဲ့ခြင်းထက် အထွက်နှုန်းတိုးတက်အောင်ဆောင်ရွက်ရန် လိုကြောင်း၊ ပြည်တွင်းချည် လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေး ဝါစိုက်ပျိုးထုတ်လုပ်မှုကို တိုးမြှင့်နိုင်ရန်လိုသကဲ့သို့ ချည်မျှင်စက်ရုံများ တိုးချဲ့တည်ဆောက်ခြင်းနှင့် အဆင့်မြှင့်တင်ခြင်းများကို လည်း ဆောင်ရွက်သွားရန်လိုကြောင်း၊ **ဝါကြိတ်စက်၊ ချည်ငင်စက်၊ ချည်ထည်ပစ္စည်းများကို အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME)များဖြင့် ဆောင်ရွက်နိုင်မည်ဆိုပါက ပြည်သူများအလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်လာမည်ဖြစ်သဖြင့် အမျိုးသားရေးအဖြစ် ဆောင်ရွက်စေလို**ကြောင်း၊ နွားမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ကျေးလက်ဒေသများ၌ ယခင်ကကဲ့သို့ ပြန်လည် တိုးတက်မွေးမြူရေး ဆောင်ရွက်ရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် **မွေးမြူသူများအတွက် လက်လှမ်းမီသော ဈေးကွက်ဖန်တီးပေးရန်လို**ကြောင်း၊ **အိမ်၊ ကျေးရွာအလိုက် နွားနို့စုဆောင်းရန်နေရာ (Milk Collection Center) များပြုလုပ်၍ ဝယ်ယူပေးရန်လို**ကြောင်း၊ ၎င်းမှ ၂၄ နာရီအတွင်း နို့ချက်စက်ရုံသို့ ပို့ပေးနိုင်ရန်လိုကြောင်း၊ သွင်းကုန်ပစ္စည်းများကို တင်သွင်းရာတွင် ပြည်တွင်း၌ ထုတ်လုပ်၍ရနိုင်သည့် ပစ္စည်းများကို တင်သွင်းခြင်းထက် နိုင်ငံအတွက် အမှန်တကယ်လိုအပ်သည့် ပစ္စည်းများကိုသာ တင်သွင်းရန်လိုကြောင်း။

ပြည်တွင်း နို့ထွက်ပစ္စည်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေး နို့စားနွားမွေးမြူခြင်းများကို တိုးချဲ့မွေးမြူရန်လိုကြောင်း၊ နို့ဆီ၊ နို့စိမ်း၊ အသင့်သောက်နွားနို့မှစ၍ နို့ထွက်ပစ္စည်းများအား အဆင့်မြင့်ထုတ်ကုန်များအထိ ထုတ်လုပ်နိုင်ရန်လိုကြောင်း၊ ထို့ကြောင့် နို့ထွက်ပစ္စည်းစက်ရုံများ တည်ဆောက်လည်ပတ်နိုင်ရန် တိုင်းရင်းသားလုပ်ငန်းရှင်များကို ဖိတ်ခေါ် ဆောင်ရွက်သွားရန်လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့်စိုက်ပျိုးရေမျာ လုံလောက်စွာရရှိရေး ဆောင်ရွက်ပေးရန်လိုကြောင်း၊ **မိုးစပါး ၁၄ သန်းကျော် စိုက်ပျိုးရေးလုပ်ငန်းမှ ထွက်ရှိသည့် ကောက်ရိုးများအား တိရစ္ဆာန်အစာများ ပြုလုပ်နိုင်သကဲ့သို့ ပျော့ဖတ်လုပ်ငန်းများတွင်လည်း အသုံးပြုနိုင်သဖြင့် အကျိုးရှိစွာအသုံးပြုနိုင်ရန်လို**ကြောင်း၊ ပြောင်းစိုက်ပျိုးရေး၌လည်း အလားတူပင်ဖြစ်ကြောင်း၊ လယ်ယာထွက် ကောက်ရိုးပင်စည်ပျော့တို့မှ သဘာဝမြေဩဇာ၊ ထင်းအစားထိုးလောင်စာ၊ တိရစ္ဆာန်အစာ၊ ကမ္ဘာ၌လိုအပ်ချက်မြင့်မားသော ပျော့ဖတ်တို့ထုတ်လုပ်နိုင်ရေး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ဖြည့်စွက်ဆွေးနွေးမှာကြားသည်။

### ဆွေးနွေးခဲ့သည့် အချက်အလက်များအပေါ် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ကြရန်လို

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ယနေ့ဆွေးနွေးဆောင်ရွက်မှုများသည် များစွာအကျိုးရှိကြောင်း၊ ဆွေးနွေးခဲ့သည့်အတိုင်း လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ရန်လိုကြောင်း၊ ဝါစိုက်ပျိုးရေးနှင့် ဆီထွက်သီးနှံစိုက်ပျိုးရေးတို့ကို အမျိုးသားရေးကိစ္စတစ်ရပ်အဖြစ် ဆောင်ရွက်သွားရန်လိုကြောင်း၊ စိုက်ဧကများတိုးချဲ့ခြင်းထက် တစ်ဧကချင်းအထွက်နှုန်းများ တိုးတက်အောင်ဆောင်ရွက်သွားရန်လိုကြောင်း၊ **စတင်စိုက်ပျိုးချိန်မှစ၍ ရိတ်သိမ်းသည့်အချိန်အထိ အဆင့်ဆင့်ထွက်ရှိလာသည်များသည် နိုင်ငံအတွက် များစွာအကျိုးရှိမည်ဖြစ်**ကြောင်း၊ **ပြည်တွင်း၌ အလုပ်အကိုင် အခွင့်အလမ်းနှင့် ထုတ်လုပ်မှုများအတွက် တန်ဖိုးများမြင့်တက်လာမည်ဖြစ်**ကြောင်း၊ **စိုက်ပျိုးသည်မှသည် ကုန်ချောထွက်ရှိသည်အထိ ကုန်ထုတ်လုပ်မှုလုပ်ငန်းစဉ်နှင့် ကုန်ထုတ်လုပ်စားသုံးမှုကွင်းဆက်(Supply Chain) တစ်ခုလုံး၌ အလုပ်အကိုင်ရရှိမှု၊ ကုန်ထုတ်လုပ်မှုများ များစွာ ဆက်စပ်တိုးတက်လာမည်ဖြစ်**ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးထုတ်လုပ်မှုများအတွက် အလေးထားဆောင်ရွက်ကြရန်လိုကြောင်း၊ အလားတူ စိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများအတွက် လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရန်လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့် ပညာရှင်များ မွေးထုတ်ပေးရာတွင် ဒီပလိုမာအဆင့်မှ ဘွဲ့ကြို၊ ဘွဲ့လွန်အထိ မွေးထုတ်ပေးနိုင်ရေး ကျောင်းများတိုးချဲ့ပေးရန်လိုကြောင်း၊ မွေးမြူရေးဒီပလိုမာပညာရှင်များ မွေးထုတ်ပေးနိုင်ရေးအတွက်လည်း စီမံဆောင်ရွက်လျက်ရှိကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ မြန်ဆန်စွာဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး ဝန်ကြီးဌာနများအချင်းချင်း ညှိနှိုင်းဆွေးနွေးဆောင်ရွက်သွားကြရန်လိုကြောင်း၊ ယနေ့ဆွေးနွေးပွဲနှင့်ပတ်သက်၍ ရလဒ်များကောင်းမွန်သည်ကိုတွေ့ရှိရပြီး **ဆွေးနွေးခဲ့သည့် အချက်အလက်များအပေါ် လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ကြရန်လို**ကြောင်း ပြောကြားပြီး အစည်းအဝေးကို မွန်းလွဲ ၂ နာရီတွင် ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**

☆ **မိုးစပါး ၁၄ သန်းကျော် စိုက်ပျိုးရေးလုပ်ငန်းမှ ထွက်ရှိသည့် ကောက်ရိုးများအား တိရစ္ဆာန်အစာများပြုလုပ်နိုင်သကဲ့သို့ ပျော့ဖတ်လုပ်ငန်းများတွင်လည်း အသုံးပြုနိုင်သဖြင့် အကျိုးရှိစွာအသုံးပြုနိုင်ရန်လို**

☆ **စိုက်ပျိုးသည်မှသည် ကုန်ချောထွက်ရှိသည်အထိ ကုန်ထုတ်လုပ်မှုလုပ်ငန်းစဉ်နှင့် ကုန်ထုတ်လုပ်စားသုံးမှုကွင်းဆက်(Supply Chain) တစ်ခုလုံး၌ အလုပ်အကိုင်ရရှိမှု၊ ကုန်ထုတ်လုပ်မှုများ များစွာဆက်စပ်တိုးတက်လာမည်ဖြစ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၁ / ၂၀၂၄)သို့တက်ရောက်အမှာစကားပြောကြား



နေပြည်တော် ဖေဖော်ဝါရီ ၁၆

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့ ညှိနှိုင်းအစည်းအဝေး အမှတ်စဉ် (၁/၂၀၂၄)ကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီး ချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဗိုလ်ချုပ်ကြီး တင်အောင်စန်း တက်ရောက်အမှာ စကားပြောကြားသည်။

**တက်ရောက်**

အစည်းအဝေးသို့ ပြည်သူ့ စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဒုတိယဥက္ကဋ္ဌ ညှိနှိုင်းကွပ်ကဲရေး မှူး(ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ အတွင်းရေးမှူး စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးမင်းဦး၊ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဗဟိုအဖွဲ့ဝင်များဖြစ် ကြသည့် ပြည်ထောင်စုဝန်ကြီး များ၊ နေပြည်တော်ကောင်စီ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး အဖွဲ့ဥက္ကဋ္ဌဖြစ်သည့် နေပြည်တော် ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ပြည်သူ့စစ်မှု ထမ်း ဆင့်ခေါ်ရေးအဖွဲ့ဥက္ကဋ္ဌများ ဖြစ်ကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ် ဝန်ကြီးချုပ်များက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက် ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်သူ့ စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီး ချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းက ပြည်သူ့စစ်မှု ထမ်းဥပဒေကို နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး ရေးကောင်စီလက်ထက် ၂၀၁၀ ပြည့်နှစ်တွင် နိုင်ငံသားတိုင်းသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်း သား စည်းလုံးညီညွတ်မှုမပြိုကွဲရေး နှင့် အချုပ်အခြာအာဏာတည်တံ့ ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေး ၃ ပါးကို စောင့်ထိန်းရန် တာဝန် ရှိသဖြင့် ယင်းတာဝန်ကိုထမ်း ဆောင်နိုင်ရေးအလို့ငှာ စစ်ပညာ သင်ကြားရန်နှင့် နိုင်ငံတော် ကာကွယ်ရေးအတွက် စစ်မှုထမ်း ဆောင်နိုင်ရန် ဥပဒေကိုပြဋ္ဌာန်းခဲ့ ခြင်းဖြစ်ပါကြောင်း၊ ၎င်းပြဋ္ဌာန်းခဲ့ သည့်ဥပဒေကို နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီက ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ်၊ ၂၇/၂၀၂၄ ဖြင့် ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်မှစ၍ အာဏာတည်အမိန့်ကို သတ်မှတ် ခဲ့ခြင်းဖြစ်ပါကြောင်း။

ထိုသို့ အာဏာတည်သည့် အမိန့်ကိုသတ်မှတ်ခဲ့ပြီး ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်တွင် ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေး ဗဟိုအဖွဲ့၊ ဖေဖော်ဝါရီ ၁၄ ရက် တွင် နေပြည်တော်ကောင်စီ အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့စစ်မှုထမ်းဆင့် ခေါ်ရေးအဖွဲ့များကို အဆင့်ဆင့် ဖွဲ့စည်းခဲ့ပြီး ဆောင်ရွက်ရမည့် လုပ်ငန်း တာဝန်များကိုလည်း သတ်မှတ်ပေးခဲ့ပြီးဖြစ်ပါကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ် ပြည်သူ့ စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ အနေနှင့် ခရိုင်၊ မြို့နယ်အဖွဲ့များ ကို ဆက်လက်ဖွဲ့စည်းသွားရမည် ဖြစ်ပြီး ဖွဲ့စည်းမှုပြီးပါက မြို့နယ် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး အဖွဲ့သည် စစ်မှုထမ်းဆောင်ရမည့် အရွယ်ရောက်သူ နိုင်ငံသားတိုင်း အားဆင့်ခေါ်ခြင်း၊ မှတ်ပုံတင်ထား ခြင်းတို့ ဆက်လက်ဆောင်ရွက် ရမည်ဖြစ်ပါကြောင်း၊ မှတ်ပုံတင် လက်မှတ် ရရှိထားသူများအား ဆင့်ခေါ်၍ ဆေးစစ်ဆေးခြင်းကို တပ်မတော် ဆေးစစ်ဆေးခြင်း ဘုတ်အဖွဲ့ဖြင့် ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ ပြည်သူ့စစ်မှုထမ်း ရန်အတွက် ဆင့်ခေါ်ခြင်းခံရသူ၏ လျှောက်လွှာအပေါ်စိစစ်ချက်နှင့် တပ်မတော် ဆေးစစ်ဆေးရေး ဘုတ်အဖွဲ့၏ စစ်ဆေးတွေ့ရှိချက်၊ သဘောထားမှတ်ချက်တို့ကို ခရိုင် အဖွဲ့၊ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့သို့ ဆက်လက်တင်ပြ ပြီး ၎င်းမှတစ်ဆင့် ဗဟိုအဖွဲ့သို့ ဆက်လက်တင်ပြရမည် ဖြစ်ပါ ကြောင်း။

ပြည်သူ့စစ်မှုထမ်း ဥပဒေကို အခန်း(၈)ခန်းနှင့် ပုဒ်မ(၃၃)ခုဖြင့် ပြဋ္ဌာန်းထားပြီး ၎င်းပြဋ္ဌာန်းချက် များမှ အရေးကြီးသော အချက် များကို ထုတ်နုတ်ရှင်းလင်းလိုပါ ကြောင်း၊ စစ်မှုထမ်းရမည့်အသက် အရွယ် သတ်မှတ်ချက်အနေဖြင့် အမျိုးသားဖြစ်လျှင် အသက် ၁၈ နှစ်ပြည့်ပြီး အသက် ၃၅ နှစ် မပြည့်သေးသော နိုင်ငံသားတိုင်း ကိုလည်းကောင်း၊ အမျိုးသမီးဖြစ် လျှင် အသက် ၁၈ နှစ်ပြည့်ပြီး အသက် ၂၇ နှစ် မပြည့်သေးသော နိုင်ငံသားတိုင်းကိုလည်းကောင်း၊ ကျွမ်းကျင်သူ အမျိုးသားဖြစ်လျှင် အသက် ၁၈ နှစ်ပြည့်ပြီး အသက် ၄၅ နှစ် မပြည့်သေးသော နိုင်ငံ သားတိုင်းကို လည်းကောင်း၊ ကျွမ်းကျင်သူ အမျိုးသမီးဖြစ်လျှင် အသက် ၁၈ နှစ်ပြည့်ပြီး အသက် ၃၅ နှစ် မပြည့်သေးသော နိုင်ငံသား တိုင်းကိုလည်းကောင်းဥပဒေအရ သတ်မှတ်ထားပါကြောင်း။

**တိုးမြှင့်သတ်မှတ်နိုင်**

စစ်မှုထမ်းရန်ကာလမှာ ၂၄ လ ဖြစ်ပြီး တပ်မတော်စက်မှုလက်မှု ပညာသည်များအဖြစ် ဆင့်ခေါ်ခံရ ပါက ၃၆ လ ထက်မပိုသည့်ကာလ အပိုင်းအခြားအတွက် စစ်မှုထမ်း ရန်ဖြစ်ပါကြောင်း၊ နိုင်ငံတော်တွင် အရေးပေါ် အခြေအနေဖြစ်ပေါ် လျှင် အစိုးရအဖွဲ့သည် ပြည်သူ့ စစ်မှုထမ်းရန် ကာလကို ငါးနှစ် အထိ တိုးမြှင့်သတ်မှတ်နိုင်ပါ ကြောင်း၊ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေး ဗဟိုအဖွဲ့သည် စစ်မှု ထမ်းနိုင်မည့် ကျန်းမာရေးအဆင့် မမီကြောင်း သက်ဆိုင်ရာ တပ်မတော်ဆေးစစ်ရေး ဘုတ် အဖွဲ့၏ ထောက်ခံချက်ရရှိထားသူ များ၊ နိုင်ငံ့ဝန်ထမ်းများ၊ ပညာ သင်ကြားနေသူများ၊ အခြားပြုစု စောင့်ရှောက်မည့်သူများမရှိသော မိအို၊ ဖအိုများကို ပြုစုလုပ်ကျွေး နေသူများ၊ မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှု ခံယူနေသူများ၊ ထောင်ဒဏ် ကျခံနေသူများကို ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်မည် ဖြစ်ပါကြောင်း၊ ယာယီရွှေ့ဆိုင်း ထားသူများအတွက် စစ်မှုထမ်း ဆောင်ရမည့် အသက်အရွယ် ကျော်လွန်စေကာမူ သတ်မှတ် ထားသော ပြည်သူ့စစ်မှုထမ်း ဆောင်ရန်ကာလကိုပြည့်မီအောင် ပြန်လည်ထမ်းဆောင်ရမည်ဖြစ်ပါ ကြောင်း။

ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းမှ ကင်းလွတ်ခွင့်နှင့် ပတ်သက်၍ သာသနာ့ဝန်ထမ်းများ၊ အိမ်ထောင် သည် အမျိုးသမီးများအပြင် အိမ်ထောင်ပျက်သော်လည်း သား သမီးရှိသူ အမျိုးသမီးလည်း ပါဝင် ပါကြောင်း၊ ကိုယ်လက်အင်္ဂါ တစ်ခုခု အမြဲတမ်းမသန်စွမ်းသူ များ၊ တပ်မတော်ဆေးစစ်ဆေး ရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှု ထမ်းရန် အမြဲတမ်းမသင့်မလျော် သူဖြစ်ကြောင်း သတ်မှတ်ထားသူ များ၊ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ် ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန် ၍ ကင်းလွတ်ခွင့်ပြုထားသူများ သည် စစ်မှုထမ်းဆောင်ခြင်းမှ ကင်းလွတ်မည်ဖြစ်ပါကြောင်း။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ပြည်သူ့စစ်မှုထမ်းဆင့် ခေါ်ရေးအဖွဲ့များအနေဖြင့် ခရိုင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး အဖွဲ့နှင့် မြို့နယ်ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးအဖွဲ့များ ဖွဲ့စည်းမှုကို လည်း အမြန်လျာထားတင်ပြရန် လိုအပ်ပါကြောင်း၊ ရှေ့ဆက်လက် လုပ်ဆောင်ရမည့် လုပ်ငန်းတာဝန် များနှင့် နည်းဥပဒေ(မူကြမ်း) တို့ကိုလည်း ကြိုတင်လေ့လာနိုင် ရန် ဖြန့်ဝေထားပြီးဖြစ်ပါကြောင်း၊ ယခု အစည်းအဝေးတွင်ဖြစ်စေ၊ သီးခြားဖြစ်စေ အကြံပြုချက်များ၊ ဖြည့်စွက်သင့်သည့် အချက်များ ကို တင်ပြပေးစေလိုပါကြောင်း၊ ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်း ကျင့်သုံးသည့် နိုင်ငံအချို့၏ဖွဲ့စည်း ဆောင်ရွက်မှုများကိုလည်းလေ့လာ နိုင်ရန် ဖြန့်ဝေထားပြီးဖြစ်ပါ ကြောင်း။

လက်ရှိ မိမိတို့နိုင်ငံတွင် ပြည်သူ့စစ်မှုထမ်း ဥပဒေအရ အကျုံးဝင်နိုင်သည့် လူဦးရေမှာ ၁၃ သန်းခန့်ရှိသည်ဟု သိရှိရပါ ကြောင်း၊ ပြည်သူ့စစ်မှုထမ်းအဖြစ် ဆင့်ခေါ်ရာတွင် သတ်မှတ်ချက်နှင့် ကိုက်ညီသူအားလုံးကို တစ်ချိန် တည်း၊ တစ်ပြိုင်တည်း ခေါ်ယူမည် မဟုတ်ဘဲ နေရာဒေသအလိုက်၊ မြို့နယ်အလိုက်၊ လူဦးရေပေါ် မူတည်၍ အချိုးအစားအလိုက် ခေါ်ယူသည့်စနစ်ကို ကျင့်သုံးသွား မည်ဖြစ်ပါကြောင်း၊ သင်တန်း တစ်ပတ်စဉ်တွင် ရပ်ကွက်တစ်ခု၊ ကျေးရွာတစ်ခုမှ အများဆုံးပါဝင် နိုင်မည့် အရေအတွက်မှာ တစ်ဦး၊ နှစ်ဦးထက် ပိုနိုင်မည်မဟုတ် ကြောင်း၊ အကျုံးဝင်သူများအနက် နှစ်စဉ်တက်ရောက်ရမည့် အရေ အတွက်မှာ တစ်ရာခိုင်နှုန်းအောက် ပင်ရှိပါကြောင်းကိုလည်း ပြော ကြားလိုပါကြောင်း၊ ရည်မှန်းချက် များကို အကောင်အထည်ဖော်ရာ တွင် သတ်မှတ် Time Frame အတွင်း အချိန်မီပြီးစီးနိုင်ရန် အတွက် လိုအပ်သည့်လုပ်ငန်းအဖွဲ့ များကိုလည်း ဖွဲ့စည်းဆောင်ရွက် သွားရမည်ဖြစ်ပါကြောင်း၊ ဥပမာ အားဖြင့် တပ်မတော်ဆေးစစ်ရေး ဘုတ်အဖွဲ့၊ အုပ်ချုပ်-ထောက်ပံ့မှု ဖြည့်တင်းရေးဆိုင်ရာ လုပ်ငန်း အဖွဲ့၊ စစ်မှုထမ်းမည့်သူများအား စိစစ်ရေးလုပ်ငန်းအဖွဲ့၊ စာရင်း ဇယားများမှတ်ပုံတင်ရေးလုပ်ငန်း အဖွဲ့၊ သင်တန်းဖွင့်လှစ်နိုင်ရေး အထောက်အကူပြုလုပ်ငန်းအဖွဲ့၊ အလုပ်အကိုင်ပြန်လည်နေရာချ ထားရေးလုပ်ငန်းအဖွဲ့စသည်ဖြင့် ဖွဲ့စည်းရန်ဖြစ်ပါကြောင်း။

ထို့ကြောင့် အစည်းအဝေးသို့ တက်ရောက်လာကြသော ပြည်သူ့ စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့ ဝင်များ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ပြည်သူ့စစ်မှုထမ်းဆင့် ခေါ်ရေးအဖွဲ့များအနေဖြင့် စာရင်း ဇယားများ မှန်ကန်တိကျစွာဖြင့် စနစ်တကျ ဖြစ်စေရေးအတွက် စတင်ဆောင်ရွက်စဉ်ကပင် အလေး ထား စီမံဆောင်ရွက်ထားရန် လိုအပ်ပါကြောင်း၊ Implementation Plan ကို အကောင်အထည် ဖော်ရန်အတွက် ကွန်ပျူတာစနစ် တစ်ခုရေးဆွဲပြီး ရှိပြီးသားစနစ် များနှင့် ချိတ်ဆက်စီမံဆောင်ရွက် ရန်လိုအပ်ပါကြောင်း၊ သို့မှသာ ပိုမို ထိရောက်သော၊ ပွင့်လင်းမြင်သာ မှုရှိသော၊ မျှတသောစစ်မှုထမ်း စနစ် ထွက်ပေါ်လာမည်ဖြစ်ပြီး ပြည်သူလူထု၏ ယုံကြည်မှု တည်ဆောက်နိုင်မည် ဖြစ်ပါ ကြောင်း။

**အလေးထားဆောင်ရွက်**

တိုင်းဒေသကြီး/ပြည်နယ် အလိုက် ပြည်သူလူထုကျယ်ကျယ် ပြန့်ပြန့် သတင်းအမှန်ကို အမြန်သိစေနိုင်ရေးအတွက်လည်း Social Media အပါအဝင် နည်းလမ်းမျိုးစုံသုံး၍ အလေးထား ဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ သင်တန်းဖွင့်လှစ်နိုင်ရေးအတွက် အခြေခံအဆောက်အအုံများဖြစ် သည့် လေ့ကျင့်ရေးကွင်းများ၊ သင်တန်းသားအိပ်ဆောင်များ၊ ရေ၊ မီး၊ မိလ္လာ၊ သယ်ယူပို့ဆောင် ရေး စသည့်ကိစ္စရပ်များကိုလည်း ကြိုတင်ပြင်ဆင်ဆောင်ရွက်ထား ရှိရန်နှင့်သတ်မှတ် Time Frame အတွင်းဝင်ရန် အစီအမံချမှတ်၍ ရေးဆွဲရန် လိုအပ်ပါကြောင်း၊ ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများ အတွက်လည်းစနစ်တကျဖွဲ့စည်း ဆောင်ရွက်ရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဒုတိယ ဥက္ကဋ္ဌ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးက ပြည်သူ့စစ်မှု ထမ်းဥပဒေနှင့် ပတ်သက်သည့် သတင်းမှားဝေဖန်ပြောဆိုချက် များအား နိုင်ငံပိုင်မီဒီယာများမှ တစ်ဆင့်ပြည်သူလူထု သတင်းမှန် များသိရှိနိုင်ရေး တုံ့ပြန် ဆောင်ရွက်ရမည့် အခြေအနေ၊ ပြည်သူ့စစ်မှုထမ်းခြင်း လုပ်ငန်း စဉ်များအား ပြည်သူလူထု ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရေး အသိပညာပေး ဆောင်ရွက်ရမည့် အခြေအနေ၊ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးလုပ်ငန်းများ စနစ် တကျဖြစ်စေရေးနှင့် သတ်မှတ် ကာလ အပိုင်းအခြားအလိုက် မှန်ကန်တိကျစွာ ဆောင်ရွက် နိုင်ရေး အဖွဲ့များအလိုက် ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ရမည့် အခြေ အနေတို့နှင့်စပ်လျဉ်း၍ ဆွေးနွေး ပြောကြားသည်။

ယင်းနောက် ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေး ဗဟိုအဖွဲ့ဝင်များ ဖြစ်ကြသည့် ပြည်ထောင်စု ဝန်ကြီးများနှင့် တပ်မတော်မှ အဆင့်မြင့် အရာရှိကြီးများက ပြည်သူ့စစ်မှုထမ်း ဥပဒေအရ ပြည်သူများ စစ်ပညာသင်ကြားရန် နှင့် နိုင်ငံတော်ကာကွယ်ရေး အတွက် စစ်မှုထမ်းဆောင်ရွက်နိုင် ရေး ဆောင်ရွက်ရမည့်ကိစ္စရပ် များ၊ **စာမျက်နှာ ၆ သို့**

# အရန်တပ်ဖွဲ့ဝင်ဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဖွဲ့စည်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ကာကွယ်ရေးဝန်ကြီးဌာန**
**အမိန့်ကြော်ငြာစာအမှတ်၊ ၁ /၂၀၂၄**
**၁၃၈၅ ခုနှစ်၊ တပို့တွဲလဆန်း ၇ ရက်**
**(၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်)**
**အရန်တပ်ဖွဲ့ဝင်ဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဖွဲ့စည်းခြင်း**

၁။ အရန်တပ်ဖွဲ့ဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ယင်းဥပဒေ ပုဒ်မ ၁၂ အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၂။ အရန်တပ်ဖွဲ့ဝင်ဆင့်ခေါ်ရေးဗဟိုအဖွဲ့ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)<br>ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) | ဥက္ကဋ္ဌ |
| (ခ) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ | ဒုတိယဥက္ကဋ္ဌ(၁) |
| (ဂ) | စစ်ရေးချုပ်<br>စစ်ရေးချုပ်ရုံး | ဒုတိယဥက္ကဋ္ဌ(၂) |
| (ဃ) | စစ်ဦးစီးအရာရှိချုပ်(ကြည်း)<br>ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) | အဖွဲ့ဝင် |
| (င) | စစ်ဦးစီးအရာရှိချုပ်(ရေ)<br>ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) | အဖွဲ့ဝင် |
| (စ) | စစ်ဦးစီးအရာရှိချုပ်(လေ)<br>ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) | အဖွဲ့ဝင် |
| (ဆ) | တွဲဖက်စစ်ရေးချုပ်<br>စစ်ရေးချုပ်ရုံး | အဖွဲ့ဝင် |
| (ဇ) | တွဲဖက်စစ်ထောက်ချုပ်<br>စစ်ထောက်ချုပ်ရုံး | အဖွဲ့ဝင် |
| (ဈ) | ဒုတိယစစ်ရာထူးခန့်ချုပ်<br>စစ်ရာထူးခန့်ချုပ်ရုံး | အဖွဲ့ဝင် |
| (ည) | တွဲဖက်စစ်ဥပဒေချုပ်<br>စစ်ဥပဒေချုပ်ရုံး | အဖွဲ့ဝင် |
| (ဋ) | ဒုတိယတပ်မတော်<br>လေ့ကျင့်ရေးအရာရှိချုပ်<br>တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်ရုံး | အဖွဲ့ဝင် |
| (ဌ) | ညွှန်ကြားရေးမှူး<br>တပ်မတော်မှတ်တမ်း<br>ညွှန်ကြားရေးမှူးရုံး | အတွင်းရေးမှူး |
| (ဍ) | ဒုတိယညွှန်ကြားရေးမှူး<br>တပ်အင်အားဖြည့်တင်းရေး<br>ညွှန်ကြားရေးမှူးရုံး | တွဲဖက်အတွင်းရေးမှူး |

ပြည်ထောင်စုဝန်ကြီး
ကာကွယ်ရေးဝန်ကြီးဌာန

## ကျောက်တန်းမြို့နယ် မြိုင်သာယာကျေးရွာနှင့်ပတ်ဝန်းကျင်ကျေးရွာများရှိ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် ညောင်ဝိုင်းကျေးရွာအုပ်စု မြိုင်သာယာကျေးရွာနှင့် ပတ်ဝန်းကျင် ကျေးရွာများမှ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်း စစ်ဌာနချုပ် သန်လျင်တပ်နယ်မှ နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ ပေါ်တော်မူအောင်ဓမ္မရိပ်သာကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။



ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သွားနှင့်ခံတွင်းရောဂါ၊ မျက်စိရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ သံဃာတော်လေးပါး၊ သာသနာ့နွယ်ဝင်သီလရှင် ၁၀ ပါးနှင့် ဒေသခံပြည်သူ ၉၄ ဦးတို့ကို လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ဆောင်ရွက်ပေးနေမှုများကို သန်လျင်တပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

❍ စာမျက်နှာ ၅ မှ

ပြည်သူ့စစ်မှုထမ်း နည်းဥပဒေ၊ SOP ရေးဆွဲ ရေးတို့နှင့်စပ်လျဉ်း၍ ပြင်ဆင် ဖြည့်စွက်သင့်သည့် အကြောင်းအရာများ၊ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးလုပ်ငန်းစဉ်များ မှန်ကန်တိကျစွာဆောင်ရွက်နိုင်ရေး ကိစ္စရပ်များနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍများအလိုက် အကြံပြုရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ဥက္ကဋ္ဌများဖြစ်ကြသည့် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ဝန်ကြီးချုပ်များက နေပြည်တော်ကောင်စီ အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များဖွဲ့စည်း၍ ကဏ္ဍအလိုက် လုပ်ငန်းတာဝန်များ ဆောင်ရွက်သွားမည့်အခြေအနေတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို အကြံပြုဆွေးနွေးတင်ပြကြသည်။

**ပြောကြား**

ဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းက Time Frame နှင့် Guide Line များကို ချထားပေးပြီး ဖြစ်ပါကြောင်း၊ သက်ဆိုင်ရာမြို့နယ်၊ ခရိုင်၊ ပြည်နယ်/တိုင်းအလိုက် အဆင့်ဆင့် ဆောင်ရွက်ရမည့်လုပ်ငန်းများကို သတ်မှတ်ထားသော အချိန်ကာလအတွင်း ပြီးမြောက်အောင် မြန်ဆန်သွက်လက်စွာ ဆောင်ရွက်ကြရန်လည်း လိုအပ်ပါကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ်များတွင်လည်း ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး လုပ်ငန်းစဉ်များ ဆောင်ရွက်ရန် နိုင်ငံတော်ဘဏ္ဍာငွေမှ ကျခံသုံးစွဲရမည့်ကိစ္စရပ်များ ရှိလာနိုင်သည့်အတွက် ကြိုတင်တွက်ချက်ထားရန် လိုအပ်ပါကြောင်း၊ သတင်းထုတ်ပြန်မှုအပိုင်းများတွင်လည်း ပြည်သူလူထုအနေဖြင့် ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရေးတယ်လီဖုန်းအော်ပရေတာများမှ တစ်ဆင့် မက်ဆေ့ချ်များ ပေးပို့ဆောင်ရွက်နိုင်ပါကြောင်း၊ ထုတ်ပြန်ထားသည့် ပြည်သူ့စစ်မှုထမ်းဥပဒေသည် မိမိတို့လက်ကိုင်ထား ဆောင်ရွက်ရမည့် Guide Line ဖြစ်ပါကြောင်း၊ ပိုမိုအသေးစိတ် ဆောင်ရွက်ရမည့် နည်းဥပဒေကိုလည်း ဆက်လက်ထုတ်ပြန်နိုင်ရေး ဗဟိုအဖွဲ့တွင် ပါဝင်သည့် ဝန်ကြီးဌာနများ၊ တပ်မတော်နှင့် ဆက်စပ်ဝန်ကြီးဌာနများ ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ပေးကြရန် လိုအပ်ပါကြောင်း၊ နိုင်ငံတကာ ပြည်သူ့စစ်မှုထမ်း ဥပဒေများကိုလည်း လေ့လာပြီး မိမိနိုင်ငံနှင့် ကိုက်ညီသည့် ဥပဒေ၊နည်းဥပဒေများ ပေါ်ထွက်လာရေး ကြိုးပမ်းဆောင်ရွက်ကြရန် ပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## စစ်သားသူငယ်

**ဒိုင်းဒိုင်းဒက်ဟု**
**ပစ်တက်လှုပ်ရှား၊ ကစားခဲ့ဖူး**
**ရွယ်လူးပျိုနု၊ စစ်ဟန်တု၍**
**စစ်မှုစစ်သွင်၊ စစ်ကိုမင်သည်**
**ရာဇဝင်၏ အမွေလော။**

**တို့ရာဇဝင်၊ ကြေးမုံပြင်၌**
**ခြေလျင်ဆင်မြင်း၊ စစ်အင်ခင်း၍**
**မင်းရဲကျော်စွာ၊ စစ်မြေတာဝယ်**
**ဗျူဟာကြွယ်လျက်၊ အောင်ပွဲဆက်လည်း**
**စစ်မက်ဆိတ်ငြိမ်၊ စစ်နားချိန်၌**
**ဓားအိမ်ကိုချိတ်၊ တောမြိုင်ရိပ်တွင်**
**စိတ်လက်ပေါ့ပါး၊ ထွေကစားသည်**
**စစ်သားသူငယ် ပေတကား။**

**မြို့ပေါက်နန်းကျ၊ လက်နက်ချလည်း**
**ငယ်စွလုလင်၊ ကျားပေါက်သွင်သို့**
**ငထင်ငယ်ကား၊ ဓားဝဲယာဝင့်**
**အရှင့်ထံမှောက်၊ ရန်မရောက်အောင်**
**တစ်ယောက်တည်းလျှင်၊ ဓားရေးငင်လျက်**
**သူ့ရှင်နောက်ထား၊ ရန်ပယ်ရှားသည်**
**စစ်သားသူငယ် ပေတကား။**

**ကျည်သင့်ခ၍**
**ဥပရာဇာ၊ ဆင်ထက်နာခိုက်**
**ဝဲမှာနတ်သျှင်၊ ချွန်းဖွင့်ဝင်၍**
**ဆင်ချင်းယှဉ်လျက်၊ ရန်ဖြိုဖျက်ခဲ့**
**အသက်ဆယ့်သုံး၊ စစ်မွေ့တုန်းကို**
**ကျုံးကျုံးထိုးစစ်၊ ဖြနရာဇ်လည်း**
**စစ်ခံရွှေ့လျား၊ တပ်ရုပ်သွားသည်**
**စစ်သားသူငယ် ပေတကား။**

**ဪ-စံဖြင့်တိုင်းတာ၊ မငြင်းပါလည်း**
**တို့ရာဇဝင်၊ ကြေးမုံပြင်၌**
**လုလင်ငယ်သွေး၊ မလောက်လေးဟု**
**ဆိုရေးမရှိ၊ ကြုံလှာဘိမူ**
**သတ္တိ သစ္စာ၊ စုံနှစ်ဖြာဖြင့်**
**ပြည်ရွာအတွက်၊ အရှင့်တွက်လျှင်**
**သက်စွန့်ဝံ့စား၊ စစ်ယဉ်ပါးသည်**
**စစ်သားသူငယ် ပေတကား။ ။**
**မျိုးချစ် မျိုးမာန် ထန်တကား။ ။**

**ကို (စစ်တက္ကသိုလ်)**

# ပြည်သူ့စစ်မှုထမ်းဥပဒေဆိုသည်မှာ . . .

မင်းခေါင်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ၂၀၁၀ ပြည့်နှစ်တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၂၇/၂၀၁၀ ဖြင့် ပြဋ္ဌာန်းခဲ့သော ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်မှစတင်၍ အာဏာတည်သည့်နေ့ရက်အဖြစ်သတ်မှတ်ကြောင်း ထုတ်ပြန်ခဲ့သည်။**

ထုံးစံအတိုင်း ပြည်ဖျက်မီဒီယာများနှင့် အကြမ်းဖက်အဖွဲ့အစည်းများက ပြည်သူလူထုအတွင်း ဝေဝါးအောင်၊ စိုးရိမ်ထိတ်လန့်၊ ကြောက်လန့်မှုဖြစ်အောင် မဟုတ်မမှန် လုပ်ကြံဖန်တီးမှုများ လုပ်ဆောင်လာကြသည်။ လူမှုကွန်ရက်ပေါ်တွင်လည်း ကောလာဟလများဖြန့်ချိ၍ လူငယ်များကို ဆန့်ကျင်ဘက်အဖွဲ့အစည်းများထံ လမ်းမှားရောက်အောင် တွန်းပို့ကြပြန်သည်။

**နိုင်ငံသားတိုင်း၏ မြင့်မြတ်သောတာဝန်**

လတ်တလောကာလတွင် ပြည်သူ့စစ်မှုထမ်းဥပဒေသည် မြန်မာပြည်သူများအဖို့ အံ့အားသင့်စရာကိစ္စတစ်ခုဖြစ်သော်လည်း လွတ်လပ်ပြီး အချုပ်အခြာအာဏာပိုင်ဆိုင်သည့် ကမ္ဘာ့နိုင်ငံများ၌မူ အထူးအဆန်းကိစ္စတစ်ရပ် မဟုတ်တော့ချေ။ ကမ္ဘာ့နိုင်ငံအသီးသီးသည် မိမိတို့နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ရေးအတွက် မိမိတို့နိုင်ငံ၏အခြေအနေနှင့် လိုက်လျောညီထွေရှိမည့်ကာကွယ်ရေးအစီအစဉ်များကို ချမှတ်ဆောင်ရွက်လျက်ရှိကြရာ နိုင်ငံတစ်နိုင်ငံ၏ နယ်မြေတည်တံ့မှု၊ အချုပ်အခြာအာဏာပိုင်စိုးမှု၊ အမျိုးသားလွတ်လပ်ရေး အစွန့်ရှည်စွာခိုင်မြဲမှုနှင့် လုံခြုံမှုအတွက် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ရန် နိုင်ငံသားတိုင်းတွင် တာဝန်ရှိသည်ဟု သတ်မှတ်ပြီး အချို့နိုင်ငံများက ဖွဲ့စည်းပုံအခြေခံဥပဒေတွင် "နိုင်ငံကာကွယ်ရေးသည် နိုင်ငံသားတိုင်း၏ မြင့်မြတ်သော တာဝန်ဖြစ်သည်။ စစ်မှုထမ်းခြင်းသည် နိုင်ငံသားများအဖို့ ဂုဏ်ယူရသောတာဝန်ဖြစ်သည်"ဟု ပြဋ္ဌာန်းထားသည်။ ထို့ပြင် စစ်မှုထမ်းခြင်းကို နိုင်ငံသားတစ်ဦး၏ သာမန်ဝတ္တရားအဖြစ် ယူဆလာစေရန် အားပေးခဲ့ကြသည်။

လက်ရှိကာလတွင် ဂျာမနီ၊ ဩစတြေးလျ၊ အီရန်၊ မလေးရှား၊ မက္ကဆီကို၊ နော်ဝေ၊ ရုရှား၊ စင်ကာပူ၊ တောင်ကိုရီးယား၊ ဆွီဒင်၊ ဆွစ်ဇာလန်နှင့် တူကီယဲ စသည့်နိုင်ငံများအပါအဝင် နိုင်ငံပေါင်း ၁၈ နိုင်ငံတွင် စစ်မှုမထမ်းမနေရ ဥပဒေပြဋ္ဌာန်းထားပြီး နိုင်ငံတော်ကာကွယ်ရေးအစီအစဉ်များကို ဥပဒေနှင့်အညီ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဆွစ်ဇာလန်နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဆွစ်ဇာလန်နိုင်ငံသားတိုင်း စစ်မှုထမ်းရမည်ဟု ပါရှိသည့်အတိုင်း အသက် ၂၀ မှ ၅၀ အတွင်းရှိ ကျန်းမာသန်စွမ်းသော နိုင်ငံသားတိုင်း စစ်မှုထမ်းကြရသည်။ အရာရှိဖြစ်ပါက အသက် ၅၅ နှစ်အထိ စစ်မှုထမ်းရသည်။ စစ်မှုထမ်းနိုင်ရန်လိုအပ်သော အရည်အချင်း မပြည့်စုံသူများသည် ယင်းသို့စစ်မှုမထမ်းရသည့်အတွက် အခွန်ပိုပေးဆောင်ကြရသည်။ အမျိုးသမီးများအနေဖြင့်လည်း အသက် ၂၀ မှ ၄၀ အတွင်း မိမိတို့ဆန္ဒအလျောက် စစ်မှုထမ်းလိုပါက လက်နက်တပ်ဆင်မထားသော အမျိုးသမီးအရန်တပ်ဖွဲ့တွင် ဝင်ရောက်အမှုထမ်းနိုင်သည်။

**ဆွစ်ဇာလန်နိုင်ငံသား လူငယ်တိုင်းသည် အသက် ၁၈ နှစ်ပြည့်ပြီးသည်နှင့် စစ်မှုထမ်းရန်** စာရင်းပေးသွင်းကြရသည်။ ရှေးဦးစွာ မိမိတို့နေထိုင်ရာဒေသအလိုက် ကာယသင်တန်းများကို တက်ရောက်ကြရပြီး ယင်းကာယသင်တန်းများ ပြီးဆုံးသွားသောအခါမှ ကာကွယ်ရေးဌာနအောက်ရှိ တပ်သားသစ်လေ့ကျင့်ရေးကျောင်းများတွင် အခြေခံစစ်ပညာကို တက်ရောက်သင်ကြားကြရသည်။ ထို့အတူ နိုင်ငံသားတစ်ဦးသည် ရက်ပေါင်း ၁၀၀ ကျော်ခန့် ရှည်ကြာသော အခြေခံစစ်ပညာသင်တန်းကို ဦးစွာတက်ရောက်ကြရပြီးနောက် နှစ်စဉ် ရက်တိုစစ်မှုထမ်းကြရသည်။ ယင်းစစ်မှုထမ်းကာလများမှာ တိုတောင်းသော်လည်း နိုင်ငံသားတိုင်း စစ်သည်ကောင်းများဖြစ်လာစေရန် အပြင်းအထန် လေ့ကျင့်ပေးသောကာလများပင်ဖြစ်သည်။

> **ဆွီဒင်နိုင်ငံတွင်လည်း နိုင်ငံလုံးဆိုင်ရာ စစ်မှုထမ်းရေးမူဖြင့် အသက် ၁၈ နှစ်မှ ၄၇ နှစ်အတွင်းရှိ ကျန်းမာသန်စွမ်းသော နိုင်ငံသားတိုင်း စစ်မှုထမ်းကြရသည်။ စစ်မှုမထမ်းမနေရကာလမှာ တပ်သားများအတွက် ၁၀ လ ဖြစ်ပြီး အရာရှိများအတွက် ၁၈ လ ဖြစ်သည်။ တပ်သားသစ်များအတွက် လေ့ကျင့်ရေးကာလမှာ ၃၉၄ ရက်ဖြစ်သည်။ အပျော်တမ်းကာကွယ်ရေးတပ်ဖွဲ့များလည်းရှိပြီး နိုင်ငံသား ရှစ်ဦးတွင် တစ်ဦးသည် အပျော်တမ်းတပ်ဖွဲ့တွင် ပါဝင်နေသည်။ မြို့ပြကာကွယ်ရေးအတွက်မူ အသက် ၁၆ နှစ်မှ ၆၅ နှစ်အတွင်း လူတိုင်း မြို့ပြကာကွယ်ရေးသင်တန်း တက်ရောက်ကြရသည်**

**နိုင်ငံသားတပ်မတော်ဟု ခေါ်ဆို**

ဆွစ်ဇာလန်နိုင်ငံသားတိုင်း ပါဝင်လျက်ရှိသော တပ်မတော်ဖြစ်သောကြောင့် ဆွစ်ဇာလန်တပ်မတော်ကို နိုင်ငံသားတပ်မတော် (Citizen Army)ဟုခေါ်ဆိုကြသည်။ နိုင်ငံသားတပ်မတော်မှာ အမြဲတမ်းတပ်မတော် မဟုတ်သောကြောင့် လေ့ကျင့်ရေးတပ်မကြီးတစ်ခုသာ ထားရှိသည်။ ဆွစ်ဇာလန်နိုင်ငံသည် လွန်ခဲ့သောရာစုနှစ် လေးခုမှစ၍ ယနေ့တိုင် ကြားနေနိုင်ငံအဖြစ် ရပ်တည်ခဲ့သောနိုင်ငံဖြစ်သော်လည်း စစ်သွေးစစ်မာန်ကင်းမဲ့သော နိုင်ငံမျိုးမဟုတ်ချေ။

ဒုတိယကမ္ဘာစစ်အတွင်း မိမိ၏ ကြားနေရေးနှင့် လွတ်လပ်ရေးကို ထိန်းသိမ်းနိုင်ရန် ဆွစ်တပ်မတော်ကို လက်နက်ကောင်းများ အပြည့်အစုံတပ်ဆင်ခဲ့ပြီး ဆွစ်လူငယ်လူရွယ်တိုင်းသည် လက်နက်စွဲကိုင်ကာ စစ်ပြီးဆုံးချိန်ရောက်သည်အထိ အမိနိုင်ငံ၏ နယ်စပ်တစ်လျှောက်တွင် သွားရောက်နေခဲ့ကြရသည်။

ဆွစ်ဇာလန်နိုင်ငံတစ်နိုင်ငံလုံး၏ မျိုးချစ်စိတ်ဓာတ်ရင့်သန်မှု၊ ရှည်ကြာသောစစ်ရေး အစဉ်အလာရှိမှုနှင့် အလယ်ခေတ်ကာလကတည်းက အစဉ်တစိုက်တည်ရှိခဲ့သော စစ်မှုမထမ်းမနေရဥပဒေတို့ကြောင့် ဆွစ်ဇာလန်နိုင်ငံသည်ပင် တပ်မတော်အဖွဲ့အစည်းတစ်ရပ်ပမာ ဖြစ်တည်လာခဲ့သည်။ တပ်မတော်ကြီးကို တိုတောင်းသောကာလအတွင်း အလျင်အမြန် စုစည်းနိုင်သည်။ ဆွစ်ဇာလန်တပ်မတော်၏ တစ်စိတ်တစ်ဒေသကို နာရီပိုင်းအတွင်း စုစည်းနိုင်ပြီး ကျန်တပ်မတော်ကြီးတစ်ရပ်လုံးကို နှစ်ရက်အတွင်း စုစည်းနိုင်သည်ဟု ဆိုသည်။

ဆွီဒင်နိုင်ငံတွင်လည်း နိုင်ငံလုံးဆိုင်ရာ စစ်မှုထမ်းရေးမူဖြင့် အသက် ၁၈ နှစ်မှ ၄၇ နှစ်အတွင်းရှိ ကျန်းမာသန်စွမ်းသော နိုင်ငံသားတိုင်း စစ်မှုထမ်းကြရသည်။ စစ်မှုမထမ်းမနေရကာလမှာ တပ်သားများအတွက် ၁၀ လ ဖြစ်ပြီး အရာရှိများအတွက် ၁၈ လ ဖြစ်သည်။ တပ်သားသစ်များအတွက် လေ့ကျင့်ရေးကာလမှာ ၃၉၄ ရက် ဖြစ်သည်။ အပျော်တမ်း ကာကွယ်ရေးတပ်ဖွဲ့များလည်းရှိပြီး နိုင်ငံသား ရှစ်ဦးတွင် တစ်ဦးသည် အပျော်တမ်းတပ်ဖွဲ့တွင် ပါဝင်နေသည်။ မြို့ပြကာကွယ်ရေးအတွက်မူ အသက် ၁၆ နှစ်မှ ၆၅ နှစ်အတွင်း လူတိုင်း မြို့ပြကာကွယ်ရေးသင်တန်း တက်ရောက်ကြရသည်။

**အမြဲတမ်းတပ်မတော်တည်ထောင်**

အစ္စရေးနိုင်ငံသည် စစ်မှုထမ်းဥပဒေကို ၁၉၄၉ ခုနှစ် ဩဂုတ်လတွင် ပြဋ္ဌာန်းခဲ့ပြီး အမြဲတမ်းတပ်မတော်တည်ထောင်ခဲ့သည်။ အသက် ၁၈ နှစ်နှင့် ၂၆ နှစ်အတွင်းရှိ အမျိုးသားများသည် နှစ်နှစ်နှင့်ခြောက်လ စစ်မှုထမ်းရပြီး အသက် ၂၇ နှစ်နှင့် ၂၉ နှစ်အတွင်းရှိ အမျိုးသားများသည် နှစ်နှစ် စစ်မှုထမ်းရသည်။ အမျိုးသမီးများမှာလည်း စစ်မှုမထမ်းမနေရဥပဒေအရ နှစ်နှစ် စစ်မှုထမ်းကြရသည်။ အရာရှိများမှအပ အမျိုးသမီးစစ်သည်များသည် အသက် ၁၈ နှစ်နှင့် ၂၀ နှစ်အတွင်းဖြစ်သည်။ အမျိုးသမီးတစ်ဦးသည် ယင်းအသက်ထက်စော၍ အိမ်ထောင်ပြုလျှင်လည်း စစ်မှုထမ်းရန် ဆင့်ခေါ်ခံရသည်သာဖြစ်သည်။ အခြေခံစစ်ပညာသင်ယူပြီးလျှင် ယင်းအမျိုးသမီးအား အရန်တပ်ဖွဲ့ထဲသို့ ထည့်သွင်းသည်။

**အစ္စရေးနိုင်ငံ၏ အရန်တပ်များကို နယ်မြေအခြေခံဖြင့် ဖွဲ့စည်းထားသည်။ နယ်မြေအရန်တပ်ဖွဲ့တစ်ခုတွင် ကိုယ်ပိုင်လက်နက်ခဲယမ်းတိုက်ရှိသည်။ စစ်စည်းရုံးမှုကို မကြာခဏ လက်တွေ့လေ့ကျင့်သည်။ တပ်ဖွဲ့များသည် လက်နက်အပြည့်အစုံတပ်ဆင်ပြီး စစ်ဆင်ရေးစီမံချက်နှင့်အညီ မူလဆင့်ခေါ်ခံရချိန်မှ ၂၄ နာရီနှင့် ၇၂ နာရီအတွင်း ချီတက်လှုပ်ရှားနိုင်သည်။ တစ်ချိန်တည်းမှာပင် အရပ်ဘက်ပို့ဆောင်ရေးယာဉ်များလည်း ဖွဲ့စည်းပြီး ပို့ဆောင်ရေးတာဝန်ယူရသည်။ အမျိုးသားများသည် အသက် ၄၉ နှစ်အရွယ်အထိ လည်းကောင်း၊ ကလေးမရှိသောအမျိုးသမီးများသည် အသက် ၃၄ နှစ် အရွယ်အထိလည်းကောင်း၊ အရန်တပ်တွင် တစ်နှစ်လျှင် ၁၄ ရက်မှ ၃၁ ရက်အထိ ဆက်တိုက်စစ်မှုထမ်းရန်တာဝန်ရှိသည်။ အသက် ၄၉ နှစ်ကျော်သော အမျိုးသားများသည် အရန်တပ်တွင် စစ်မှုထမ်းခြင်းမှ ကင်းလွတ်ခွင့်ရသည်။ သို့ရာတွင် မြို့ပြကာကွယ်ရေးတွင် လုပ်အားပေးနိုင်သည်။**

> **လတ်တလောကာလတွင် မြန်မာနိုင်ငံသားများအဖို့ ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်၍ သို့လော သို့လော စဉ်းစားတွေးတောစရာဖြစ်ကြရသော်လည်း အမှန်တကယ် လက်တွေ့လိုက်နာ ကျင့်သုံးဆောင်ရွက်သည့်အခါ အချိန်ကြာလာသည်နှင့်အမျှ ကမ္ဘာ့နိုင်ငံများနည်းတူ စစ်မှုထမ်းခြင်းကို နိုင်ငံသားတစ်ဦး၏ သာမန်ဝတ္တရားအဖြစ် ရှုမြင်လာကြမည်**

အစ္စရေးကာကွယ်ရေး အင်အားစုသည် ဖွဲ့စည်းမှု၊ စည်းကမ်းကျနမှု၊ ညီညွတ်မှု၊ တိုက်ခိုက်ရေးစိတ်ဓာတ်နှင့် အခြားရွေးချယ်စရာမရှိဟူသော အသိတို့တွင် အိမ်နီးချင်းနိုင်ငံများ၏ တပ်မတော်များထက် အားသာသည်ဟုဆိုသည်။ အခြားရွေးချယ်စရာမရှိဟူသောစကား၏ အဓိပ္ပာယ်မှာ စစ်နိုင်လျှင်နိုင်၊ မနိုင်လျှင် နိုင်ငံသားတစ်ဦးချင်းရော နိုင်ငံနှင့် ပြည်သူတစ်ရပ်လုံးပါ လွင့်စဉ်ပျောက်ကွယ်သွားမည်ဟူ၍ ဖြစ်သည်။

**နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းရန် တာဝန်ရှိ**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) တွင်လည်း နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များပြဋ္ဌာန်းချက် ပုဒ်မ ၃၈၅ တွင် "ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးတို့ကို ကာကွယ်စောင့်ရှောက်ရေးသည် နိုင်ငံသားတိုင်း၏ တာဝန်ဖြစ်သည်" ဟူ၍လည်းကောင်း၊ ပုဒ်မ ၃၈၆ တွင် "နိုင်ငံသားတိုင်းသည် ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းရန် တာဝန်ရှိသည်"ဟူ၍လည်းကောင်း ပြဋ္ဌာန်းထားသည်။

ယခု ဖေဖော်ဝါရီလ ၁၀ ရက်နေ့တွင် စတင်အာဏာတည်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းဥပဒေတွင် အခန်း(၈)ခန်းပါရှိပြီး အခန်း(၁)တွင် အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်၊ အခန်း(၂)တွင် ပြည်သူ့စစ်မှုထမ်းရန်ကာလ၊ အခန်း(၃)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ အဆင့်ဆင့်ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ၊ အခန်း(၄) တွင် ပြည်သူ့စစ်မှုထမ်းတို့၏ ခံစားခွင့်များ၊ အခန်း(၅)တွင် စစ်စည်းရုံးခြင်း၊ အခန်း(၆) တွင် ပြည်သူ့စစ်မှုထမ်းခြင်းမှ ကင်းလွတ်ခွင့်ပြုခြင်း၊ အခန်း(၇)တွင် ပြစ်မှုနှင့်ပြစ်ဒဏ်များ၊ အခန်း(၈) တွင် အထွေထွေဟူ၍ ဖော်ပြပါရှိသည်။

အခန်း(၁)တွင် အမျိုးသားဖြစ်လျှင် အသက် ၁၈ နှစ်ပြည့်ပြီး၍ အသက် ၃၅ နှစ် မပြည့်သေးသော နိုင်ငံသားတိုင်း၊ အမျိုးသမီးဖြစ်လျှင် အသက် ၁၈ နှစ်ပြည့်ပြီး၍ အသက် ၂၇ နှစ် မပြည့်သေးသော နိုင်ငံသားတိုင်း၊ ကျွမ်းကျင်သူအမျိုးသားဖြစ်လျှင် အသက် ၁၈ နှစ်ပြည့်ပြီး၍ အသက် ၄၅ နှစ် မပြည့်သေးသူများ၊ ကျွမ်းကျင်သူအမျိုးသမီးဖြစ်လျှင် အသက် ၁၈ နှစ်ပြည့်ပြီး၍ အသက် ၃၅ နှစ်မပြည့်သေးသူ နိုင်ငံသားတိုင်းကို စစ်မှုထမ်းရမည့် အသက်အရွယ်အဖြစ် သတ်မှတ်ပြဋ္ဌာန်းထားသည်။ ကျွမ်းကျင်သူဆိုသည်မှာ ဆရာဝန်၊ အင်ဂျင်နီယာ၊ စက်မှုလက်မှုတတ်မြောက်သူ သို့မဟုတ် အခြားအတတ်ပညာတစ်ရပ်ရပ်ဖြင့် အသက်မွေးဝမ်းကျောင်းနေသူများကို ဆိုသည်။ စစ်မှုထမ်းဆောင်ရမည့် ကာလမှာ ၂၄ လ (နှစ်နှစ်) ဖြစ်ပြီး ကျွမ်းကျင်ပညာရှင်များအနေဖြင့်မူ ၃၆ လ (သုံးနှစ်) ဖြစ်သည်။ နိုင်ငံတော်တွင် အရေးပေါ်အခြေအနေဖြစ်ပေါ်လျှင် အစိုးရအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းရန်ကာလကို ၅ နှစ်အထိ တိုးမြှင့်သတ်မှတ်နိုင်ကြောင်း သိရသည်။

**စာမျက်နှာ ၈ သို့ ☆**

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးအရာထမ်းများ၏ ပြည်ပသင်တန်းအတွေ့အကြုံရှင်းလင်းပွဲ ကျင်းပ





နေပြည်တော် ဖေဖော်ဝါရီ ၁၆

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး အရာထမ်း၊ အမှုထမ်းများသည် အိန္ဒိယနိုင်ငံ ဗဟိုစုံစမ်းစစ်ဆေးရေးအကယ်ဒမီ (Central Bureau of Investigation Academy – CBIA) က ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၁၁ ရက်မှ ၁၅ ရက်အထိ ဖွင့်လှစ်ပို့ချခဲ့သည့် Investigation of Corruption Related Cases and Asset Recovery သင်တန်းသို့ Online ဖြင့် တက်ရောက်ကြရာ အဆိုပါသင်တန်းမှရရှိသည့် အတွေ့အကြုံရှင်းလင်းပွဲကို ယနေ့တွင် နေပြည်တော်ရှိ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ရုံး စုပေါင်းခန်းမ၌ ကျင်းပသည်။

အတွေ့အကြုံရှင်းလင်းပွဲသို့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးစစ်အေး၊ အတွင်းရေးမှူးနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အဆင့်မြင့်အရာရှိကြီးများနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ဦးစွာ ကော်မရှင်ဥက္ကဋ္ဌက အိန္ဒိယနိုင်ငံသည် ယင်းတို့ပြဋ္ဌာန်းထားသည့်ဥပဒေများနှင့်စပ်လျဉ်း၍ စဉ်ဆက်မပြတ် ပြန်လည်သုံးသပ်လျက်ရှိသည့် ကောင်းမွန်သည့် အလေ့အထရှိသော နိုင်ငံဖြစ်သည့်အတွက် သင်တန်းမှရရှိသော အတွေ့အကြုံများကို လက်တွေ့လုပ်ငန်းခွင်တွင် ပြန်လည်အသုံးချရန်လိုအပ်ကြောင်း၊ ယခုကဲ့သို့ Knowledge Sharing ဆောင်ရွက်ခြင်းဖြင့် ကျန်ရှိသည့်ဝန်ထမ်းများအနေဖြင့် ဗဟုသုတများရရှိကာ တာဝန်ထမ်းဆောင်ရာတွင် လက်တွေ့ကိုးကားအသုံးပြုနိုင်မည်ဖြစ်သည့်အတွက် သေချာစွာလေ့လာမှတ်သားကြရန် လိုအပ်ကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် Investigation of Corruption Related Cases and Asset Recovery သင်တန်းမှ သင်ကြားပို့ချခဲ့မှုများနှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမင်းထက်နှင့် ဦးစီးအရာရှိ ဒေါ်ထက်ထက်အောင်တို့က ရှင်းလင်းတင်ပြကြရာ တက်ရောက်လာသည့် ဝန်ထမ်းများက သိရှိလိုသည်များ မေးမြန်းဆွေးနွေးကြသည်။

ယင်းနောက် ကော်မရှင်ဥက္ကဋ္ဌနှင့် ကော်မရှင်အဖွဲ့ဝင် ဦးကျော်ဝင်းသိန်းတို့က တင်ပြမှုအပေါ် လိုအပ်သည်များ ဖြည့်စွက်အကြံပြု ဆွေးနွေးကာ ကော်မရှင်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**

## မြိတ်မြို့၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုစာရင်း၊ Biometric အချက်အလက်များ စာရင်းကောက်ယူရေး ရှင်းလင်းဆွေးနွေး

မြိတ် ဖေဖော်ဝါရီ ၁၆

တနင်္သာရီတိုင်း ဒေသကြီး မြိတ်မြို့၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ပန်းခင်းစီမံချက်(၃)ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့်အိမ်ထောင်စုလူဦးရေစာရင်းများ၊ Biometric အချက်အလက် စာရင်းများကို ကွင်းဆင်း ကောက်ယူရာတွင် မြိတ်မြို့နယ်အတွင်းရှိ စက်ရုံ/အလုပ်ရုံ ကုမ္ပဏီဝန်ထမ်းများ ပြုလုပ်နိုင်ရေးအတွက် ဖေဖော်ဝါရီ ၁၃ ရက်က မြိတ်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဧည့်ရိပ်သာ အစည်းအဝေးခန်းမ၌ ရှင်းလင်းဆွေးနွေးခဲ့သည်။



### ရှင်းလင်းပြောကြား

ရှင်းလင်း ဆွေးနွေးပွဲတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးသန့်ဇင်က ပြည်သူလူထုများအား ပန်းခင်းစီမံချက်(၃)ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုလူဦးရေစာရင်းများကို ရပ်ကွက်၊ ကျေးရွာများသို့ ကွင်းဆင်းဆောင်ရွက်နေမှုနှင့် Biometric အချက်အလက်များ ကောက်ယူခြင်းနှင့် UID နံပါတ်ထုတ်ပေးခြင်း လုပ်ငန်းကိုလည်း စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိရာ ကွင်းဆင်းဆောင်ရွက်ရာတွင် စက်ရုံ/ အလုပ်ရုံ ကုမ္ပဏီမှ တာဝန်ရှိသူများအနေဖြင့် မိမိတို့၏ ဝန်ထမ်းများကို ပြုလုပ်ပေးကြရန် ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် စက်ရုံ/ အလုပ်ရုံ ကုမ္ပဏီမှ တာဝန်ရှိသူများက သိရှိလိုသည်များ မေးမြန်းခဲ့ကြရာ တိုင်းဒေသကြီး ဦးစီးမှူးက ပြန်လည်ရှင်းလင်းဆွေးနွေး ပြောကြားခဲ့ကြောင်း သိရသည်။

**ခိုင်ထူး (ပြန်/ဆက်)**

## ရွှေပြည်သာမြို့နယ်၌ မြေလျော်ကြေးပေးအပ်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၆

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်၌ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ မြို့ပြပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ ရွှေပြည်သာမြို့နယ် အမှတ်(၁၁) ရပ်ကွက်ရှိ (ကျူချောင်) သုသာန်မြေအဖြစ် အသုံးပြုရာတွင် ပါဝင်သောမြေများ လျော်ကြေးပေးအပ်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၄ ရက်က မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

### မြေလျော်ကြေးပေးအပ်

အခမ်းအနားတွင် မင်္ဂလာဒုံခရိုင် အုပ်ချုပ်ရေးမှူး ဦးကောင်းညွှန့်က အဖွင့်အမှာစကားပြောကြားပြီး ရွှေပြည်သာမြို့နယ် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေး ကော်မတီဥက္ကဋ္ဌ ဦးမြင့်ဦးက မြေလျော်ကြေး ပေးအပ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သိမ်းဆည်းခံတောင်သူသုံးဦးတို့၏ မြေဧရိယာ ၂၇ ဒသမ ၆၆ ဧကအတွက် ငွေကျပ် ၂၇၆၆၀၀၀၀၀ ကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းညွှန့်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ မြို့ပြပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးဘွေကျုံးနှင့် မြို့နယ်လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေး ကော်မတီဥက္ကဋ္ဌ ဦးမြင့်ဦးတို့က ပေးအပ်ခဲ့ပြီး မြေလျော်ကြေးရတောင်သူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့သည်။

**ဥာဏ်ဟိန်း**



☆ စာမျက်နှာ ၇ မှ

**လတ်တလောကာလတွင် မြန်မာနိုင်ငံသားများအဖို့ ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် ပတ်သက်၍ သို့လော သို့လော စဉ်းစားတွေးတောစရာဖြစ်ကြရသော်လည်း အမှန်တကယ် လက်တွေ့လိုက်နာကျင့်သုံးဆောင်ရွက်သည့်အခါ အချိန်ကြာလာသည်နှင့်အမျှ ကမ္ဘာ့နိုင်ငံများနည်းတူ စစ်မှုထမ်းခြင်းကို နိုင်ငံသားတစ်ဦး၏သာမန်ဝတ္တရားအဖြစ် ရှုမြင်လာကြမည်ဖြစ်သည်။**

အတိတ်ကာလ မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုကာလတွင်လည်း မျိုးချစ်စိတ်ရှိသူ နိုင်ငံသားများသည် စစ်မှုထမ်းရန် အထူးဆင့်ခေါ်စရာမလိုဘဲ ဗမာ့လွတ်လပ်ရေးတပ်မတော် (BIA) သို့ အလုံးအရင်းဖြင့် ဝင်ရောက်ခဲ့ကြသည်။ BIA တပ်မတော်ကြီး စတင်ဖွဲ့စည်းခဲ့သည့် ၁၉၄၁ ခုနှစ် ဒီဇင်ဘာလ ၂၇ ရက်နေ့တွင် ဗိုလ်တေဇ(ဗိုလ်ချုပ်အောင်ဆန်း) အမှူးပြုသော ဗိုလ်လက်ျာ၊ ဗိုလ်စောနောင်နှင့် ဗိုလ်မင်းခေါင်တို့ ရဲဘော်သုံးကျိပ်ဝင်များသည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ သွားဘက်ဆိုင်ရာ ဆရာဝန် ဦးလွန်းဖေအိမ်တွင် အစည်းအဝေးပြုလုပ်ပြီး ဗိုလ်တေဇ (ဗိုလ်ချုပ်အောင်ဆန်း)က **"နယ်ချဲ့အင်္ဂလိပ်အစိုးရကို ကျွန်တော်တို့ တိုက်ရမယ်။ တိုက်နိုင်အောင်လည်း ယခု ဗမာ့လွတ်လပ်ရေးတပ်မတော်ဖွဲ့ဖို့ စည်းဝေးတာပဲ။ ဒီတော့ ကိုယ့်တိုင်းပြည်အတွက် စွန့်ဝံ့သူအဖြစ်ဂုဏ်ယူပြီး တိုက်ပွဲဝင်ကြမလား"**ဟု ပြောကြားရာ တက်ရောက်လာကြသူများက **"တိုက်မယ်၊ ဝင်မယ်"**ဟူ၍ ညာသံပေးကာ တစ်ထိုင်တည်းပင် လူငယ်လူရွယ် ၇၀ ကျော်တို့က BIA တပ်မတော်သို့ ဝင်ရောက်ရန် စာရင်းပေးသွင်းခဲ့ကြသည်။

တစ်ဆက်တည်းမှာပင် ဗိုလ်တေဇ (ဗိုလ်ချုပ်အောင်ဆန်း)က **"ကျွန်တော်တို့လည်း အလောင်းဘုရားထုံးကိုနှလုံးမူပြီး တိုင်းပြည်အတွက် အသက်သေသေ စွန့်ကြမယ်ဆိုတဲ့ အဓိဋ္ဌာန်နဲ့ အားလုံးလက်မောင်းသွေးသောက်ကြပါစို့"**ဟူ၍ ဖိတ်ခေါ်ခဲ့ရာ လူငယ်လူရွယ်များသာမက အသက် ၅၀ ကျော်အရွယ်လူကြီးများပင် စာရင်းထပ်မံပေးသွင်းခဲ့ကြရာ ၁၀၀ ကျော် ၂၀၀ ခန့်ပင် ရှိခဲ့သည်။

ဗန်ကောက်တွင် အင်အား ၂၀၀ ခန့်ဖြင့် စတင်ခဲ့သည့် ဗမာ့လွတ်လပ်ရေးတပ်မတော် (BIA)သည် မြန်မာနိုင်ငံအတွင်းသို့ ထားဝယ်စစ်ကြောင်း၊ မော်လမြိုင်စစ်ကြောင်း အပါအဝင် စစ်ကြောင်းကြီးများဖြင့် ချီတက်ဝင်ရောက်လာသောအခါတွင်မူ မြို့ရွာအသီးသီးမှ မျိုးချစ်စိတ်ရှိသူ ပြည်သူအပေါင်းသည် အိုးပစ်အိမ်ပစ်၊ သားပစ်မယားပစ်ဖြင့် BIA တပ်မတော်အတွင်း ဝင်ရောက်ခဲ့ကြရာ ခြောက်လ၊ ခုနစ်လအတွင်း အင်အား ငါးသောင်းအထိ ရှိလာသည်။

နယ်ချဲ့အင်္ဂလိပ်လက်အောက်မှ မြန်မာနိုင်ငံကို ပြန်လည်သိမ်းပိုက်နိုင်သည့်အခါတွင် ဖက်ဆစ်ဂျပန်တို့က BIA ၏ အင်အားကို စိုးရိမ်တကြီးဖြစ်လာခဲ့ပြီး ဗမာ့ကာကွယ်ရေးတပ်မတော်(BDA) အဖြစ် အမည်ပြောင်းလဲကာ အင်အားကိုလျှော့ချခဲ့ကြသည်။ သို့သော် ဖက်ဆစ်ဂျပန်တော်လှန်ရေးတွင် မြန်မာပြည်သူများသည် ဗမာ့တပ်မတော်နှင့် ပူးပေါင်းကာ ဖက်ဆစ်ဂျပန်ကို တွန်းလှန်တိုက်ထုတ်ခဲ့ကြသည်။ လွတ်လပ်ရေးရပြီး ပြည်တွင်းသောင်းကျန်းမှုကာလတွင်လည်း ဆေးကျောင်းသားများသည် ပြည်ထောင်စုအလံတော် မယိုင်လဲအောင် အင်းစိန်တိုက်ပွဲတွင် တပ်မတော်နှင့်အတူ လက်တွဲပါဝင်တိုက်ခိုက်ခဲ့ကြသည်။

ဤသို့ဖြင့် မြန်မာနိုင်ငံသားများသည် အရေးကြီးလျှင် သွေးစည်းခဲ့ကြသည်။ အရေးကြုံလျှင် သွေးဆုံခဲ့ကြသည်။ ယခု ပြည်သူ့စစ်မှုထမ်းဥပဒေဆိုသည်မှာလည်း လူပုဂ္ဂိုလ် တစ်ဦးတစ်ယောက်၊ တစ်သင်းတစ်ဖွဲ့အတွက် ရည်ရွယ်ပြဋ္ဌာန်းခဲ့သည့် ဥပဒေမဟုတ်ပေ။ အထက်ဖော်ပြပါ ကမ္ဘာ့နိုင်ငံများနည်းတူ မြန်မာနိုင်ငံတွင်လည်း နိုင်ငံသားတိုင်းသည် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကိုစောင့်ထိန်းရန် တာဝန်ရှိသည်နှင့်အညီ ယင်းတာဝန်ကို ထမ်းဆောင်နိုင်ရေးအလို့ငှာ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်နိုင်ရန် ပြဋ္ဌာန်းခဲ့ခြင်းဖြစ်ပါကြောင်း အသိပေး ရေးသားတင်ပြလိုက်ရပါသည်။ ။

# ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ





**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၏(၁/၂၀၂၄)ကြိမ်မြောက်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို Hybrid စနစ်ဖြင့် ဆက်လက်ကျင်းပရာ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ တိုင်းဒေသကြီးနှင့် ပြည်နယ်ဦးစီးမှူးများက တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဆောင်ရွက်လျက်ရှိသော ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ၊ ဆက်လက်ဆောင်ရွက်မည့် အခြေအနေများနှင့်စပ်လျဉ်း၍ တင်ပြဆွေးနွေးကြသည်။

အစည်းအဝေးတွင် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုမျှော်မှန်းချက်နှင့် စပ်လျဉ်း၍ အလားအလာရှိသော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ၊ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု ကဏ္ဍများနှင့် ပတ်သက်၍တင်ပြဆွေးနွေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးက နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့၏ လုပ်ငန်းတာဝန်များကို ကြိုးပမ်းအားထုတ် ဆောင်ရွက်ရေး၊ ဖွံ့ဖြိုးမှုအတွေးအခေါ်၊ ဒေသဆိုင်ရာ ဖွံ့ဖြိုးမှု အတွေးအခေါ်များကို ဝန်ထမ်းများ သိရှိထားရန် လိုအပ်ပြီး မိမိတို့၏ဌာနကို ပြန်လည်ဆန်းစစ်ရေးနှင့် ပြုစုပျိုးထောင်ရေးတို့နှင့်စပ်လျဉ်း၍ ဖြည့်စွက်ဆွေးနွေးသည်။

ထို့နောက် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က စီမံကိန်းများ ဆောင်ရွက်ရာ၌ လက်တွေ့အကောင်အထည်ဖော်နိုင်မည့် စီမံကိန်းများကို ရေးဆွဲဆောင်ရွက်ရေး၊ ရင်းနှီးမြှုပ်နှံမှုအစီအစဉ် (Investment Plan) များရေးဆွဲရာတွင် အမျိုးသားစီမံကိန်း (National Plan )၊ ဒေသန္တရစီမံကိန်း (Regional Plan) တို့နှင့် ချိတ်ဆက်ရေးဆွဲရန် လိုအပ်ကြောင်း၊ ရင်းနှီးမြှုပ်နှံမှု ဆွဲဆောင်ရာတွင် ငွေရင်း၊ ပစ္စည်း၊ နည်းပညာမြှုပ်နှံသူများကိုပါ စည်းရုံးဆွဲဆောင်ရန်လိုအပ်ကြောင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်စေရေး၊ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာစေရေးအတွက် တာဝန်ရှိအရာထမ်း၊ ဝန်ထမ်းများအားလုံး အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် “ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် နိုင်ငံတကာ ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဆွေးနွေးပွဲ” ခေါင်းစဉ်ဖြင့် အတွေ့အကြုံများ မျှဝေသည့် သောကြာနေ့ စကားဝိုင်းအမှတ်စဉ် (၄၆) ဆွေးနွေးပွဲသို့ တက်ရောက် အမှာစကားပြောကြားရာတွင် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးနှင့်စပ်လျဉ်း၍ ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် အကူအညီအထောက်အပံ့များ လိုအပ်လျက်ရှိကြောင်း၊ ကမ္ဘာ့နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်များနှင့် ဆွေးနွေးပွဲများ ပြုလုပ်လျက်ရှိကြောင်း၊ ယနေ့အသိပညာမျှဝေဆွေးနွေးပွဲမှ တရုတ်-မြန်မာ ပူးပေါင်းဆောင်ရွက်မှု၏ အကျိုးသက်ရောက်မှုများကို မျှဝေဆွေးနွေးသွားမည် ဖြစ်သဖြင့် တက်ရောက်လာသူများအနေဖြင့် စနစ်တကျ ပါဝင်ဆွေးနွေးသွားကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးရုံး ဒုတိယညွှန်ကြားရေးမှူး ဒေါ်ချိုဇာလှိုင်းက တရုတ်နိုင်ငံတွင် တက်ရောက်ခဲ့သည့် “ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် နိုင်ငံတကာဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဆွေးနွေးပွဲ” ခေါင်းစဉ်ဖြင့် အသေးစိတ်ရှင်းလင်းဆွေးနွေးပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးက ဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်ရေးတွင် ပါဝင်ဆောင်ရွက်မှုများနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံအလိုက် National Agenda များကို Global Development Agenda များနှင့် ချိတ်ဆက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ဖြည့်စွက်ဆွေးနွေးရာ တက်ရောက်လာကြသူများက သိရှိလိုသည်များကို ဆွေးနွေးမေးမြန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ကျေးရွာဖွံ့ဖြိုးရေးဆိုင်ရာ လေ့လာမှုစစ်တမ်းများ လက်တွေ့ကွင်းဆင်းကောက်ယူ



**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် ကျေးရွာတစ်ရွာချင်းစီ၏ ဖွံ့ဖြိုးမှုအဆင့်အတန်းကို သိရှိနိုင်စေရန်၊ ကျေးရွာများ၏ဖွံ့ဖြိုးရေးဆိုင်ရာ လိုအပ်ချက်များ ဖော်ထုတ်၍ ဦးစားပေးဆောင်ရွက်ရမည့် ကျေးရွာများ သတ်မှတ်နိုင်စေရန်နှင့် ဘဏ္ဍာငွေရရှိမှုအပေါ်မူတည်၍ ဦးစားပေးအဆင့်အလိုက် ထိထိရောက်ရောက် ဆောင်ရွက်ပေးနိုင်ရန် ရည်ရွယ်၍ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် ရုံးသပြေကန်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးရေးဆိုင်ရာ လေ့လာမှုစစ်တမ်းများကို လက်တွေ့ ကွင်းဆင်းကောက်ယူကြသည်။

ထိုသို့ ကွင်းဆင်းကောက်ယူရာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယ ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများသည် ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူး၏ အနီးကပ်ကြီးကြပ်မှုဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၅ ခု၏ ကွပ်ကဲမှုအောက်ရှိ ခရိုင်၊ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနများမှ ဝန်ထမ်း ၄၄ ဦးနှင့်အတူ သန်လျင်မြို့နယ် ရုံးသပြေကန်ကျေးရွာသို့ သွားရောက်၍ မြေပြင်ကွင်းဆင်း၍ ဖွံ့ဖြိုးရေးဆိုင်ရာ ကဏ္ဍအလိုက် ဦးတည်အုပ်စုများကို တစ်ဦးချင်း မေးမြန်းဆွေးနွေးကာ အချက်အလက်များ လက်တွေ့ကောက်ယူခြင်း၊ ကောက်ယူရရှိသော အချက်အလက်များကို ပြန်လည်စိစစ် အတည်ပြုခြင်း ဆောင်ရွက်ကြသည်။

ထို့နောက် စစ်တမ်းအား မြေပြင်ကွင်းဆင်း ကောက်ယူရာတွင် တွေ့ကြုံရသည့် အခက်အခဲများ၊ အားသာချက်၊ အားနည်းချက်များကို ဝိုင်းဝန်းဆွေးနွေးကြပြီး လေ့လာမှုဆိုင်ရာ စစ်တမ်းတွင် လိုအပ်သောအချက်အလက်များ ပြင်ဆင်ဖြည့်စွက်ခြင်း၊ ကောက်ယူရရှိသော အချက်အလက်များကို ကွန်ပျူတာ Software တွင် ဖြည့်သွင်းခြင်း၊ အစီရင်ခံစာပြုစုရေးသားခြင်း လုပ်ငန်းများကို ဆောင်ရွက်ကြသည်။

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကျေးရွာဖွံ့ဖြိုးရေးဆိုင်ရာလေ့လာမှုစစ်တမ်းများကောက်ယူခြင်းကို နေပြည်တော် ကောင်စီနယ်မြေအတွင်းရှိ ကျေးရွာ ၈၃၂ ရွာ၌ အချက်အလက်များကို မြေပြင်ကွင်းဆင်း ကောက်ယူခြင်း၊ ကောက်ယူရရှိသော အချက်အလက်များအား စိစစ်ခြင်း၊ အစီရင်ခံစာ ပြုစုရေးသားခြင်း လုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မကွေးတိုင်းဒေသကြီးအတွင်းရှိ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား အံပုံများ အခမဲ့တပ်ဆင်ပေး



**မကွေး ဖေဖော်ဝါရီ ၁၆**

မကွေးတိုင်းဒေသကြီးအတွင်းရှိ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား အံပုံများအခမဲ့ တပ်ဆင်ပေးခြင်းကို ဖေဖော်ဝါရီ ၁၆ ရက်မှ ၁၈ ရက်အထိ တိုင်းဒေသကြီး ခုတင် ၅၀၀ ဆံ့ ဆေးရုံကြီး၌ ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

ထိုသို့ဆောင်ရွက်ရာတွင် ကျန်းမာရေးဝန်ကြီးဌာန ကုသရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာ ခင်မောင် (သွားကျန်းမာ) နှင့်အဖွဲ့က ဦးစီး၍ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူများ ပူးပေါင်းကာ ယနေ့တွင် မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ အငြိမ်းစားနိုင်ငံ့ဝန်ထမ်း စုစုပေါင်း ၄၅ ဦးအား အံပုံများ အခမဲ့တပ်ဆင်ပေးခဲ့ကြောင်း သိရသည်။ **အောင်ကို(ပြန်/ဆက်)**



## ကရုဏာကမ္ဘာဘိုးဘွားရိပ်သာတွင် မီးဘေးကြိုတင်ကာကွယ်ရေး ဟောပြောသရုပ်ပြခြင်းနှင့် သန့်ရှင်းရေးပြုလုပ်

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ကရုဏာကမ္ဘာ ဘိုးဘွားရိပ်သာရှိ အဆောက်အအုံများ မီးဘေးလုံခြုံရေးစစ်ဆေးပေးခြင်း၊ မီးဘေးကြိုတင်ကာကွယ်ရေးဟောပြောခြင်းနှင့် လက်တွေ့ မီးငြိမ်းသတ်ခြင်း သရုပ်ပြပွဲကို ယနေ့နံနက် ၉ နာရီတွင် ကျင်းပရာ ကရုဏာကမ္ဘာဘိုးဘွားရိပ်သာ တာဝန်ခံအရာရှိနှင့် ဝန်ထမ်းများ၊ အဘိုးအဘွားများ၊ မီးသတ်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူနှင့် တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

**ပေးအပ်လှူဒါန်း**

ဦးစွာ မီးသတ်ဦးစီးဌာန နေပြည်တော်မှ ညွှန်ကြားရေးမှူး ဦးသိန်းမြင့်က မီးသတ်ဦးစီးဌာန၏ လုပ်ငန်းစဉ်များ၊ မီးလောင်မှု အခြေခံသဘောတရားများနှင့် လျှပ်စစ်မီးလောင်မှု ဖြစ်ပွားစေသည့်အရာများ၊ မီးအတန်းအစားခွဲခြားခြင်းများ၊ မီးငြိမ်းသတ်ခြင်းနည်းစနစ်များ၊ မီးသတ်ဆေးဘူးစစ်ဆေးခြင်းနှင့် တပ်ဆင်အသုံးပြုပုံများနှင့် 191 Report Application အသုံးပြုပုံများကို ရှင်းလင်းပြောကြားပြီး မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူက ကရုဏာကမ္ဘာဘိုးဘွားရိပ်သာ တာဝန်ခံအရာရှိထံ မီးသတ်ဆေးဘူးများ ပေးအပ်လှူဒါန်းသည်။

ထို့နောက် မီးလောင်မှုဖြစ်ပွားပါက စနစ်တကျမီးငြိမ်းသတ်နိုင်ရေးအတွက် Kitchen Fire၊ Gas Fire နှင့် ဆီမီးလောင်မှုများ ငြိမ်းသတ်ခြင်းလုပ်ငန်းများကို ဘိုးဘွားရိပ်သာဝန်ထမ်းများကိုယ်တိုင် လက်တွေ့ပါဝင်သရုပ်ပြဆောင်ရွက်ကြသည်။

ထို့ပြင် ကရုဏာကမ္ဘာဘိုးဘွားရိပ်သာဝင်းအတွင်း ပတ်ဝန်းကျင်သန့်ရှင်းသပ်ရပ်မှုရှိစေရေးအတွက် ချုံနွယ်နှင့် အမှိုက်သရိုက်များရှင်းလင်းခြင်းနှင့် ဘုရား၊ စေတီအား ရေသပ္ပာယ်ခြင်းများကိုနေပြည်တော်မီးသတ်ဦးစီးမှူးရုံးမှ ညွှန်ကြားရေးမှူး ဦးမြတ်သီဟ ဦးဆောင်၍ ခရိုင်နှင့် မြို့နယ်မီးသတ်စခန်းများမှ တပ်ဖွဲ့ဝင်များ ပါဝင်ဆောင်ရွက်ခဲ့ကြသည်။

**အောင်မျိုး**

**ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်**

# ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီအစည်းအဝေး (၁/၂၀၂၄) ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီ အစည်းအဝေး (၁/၂၀၂၄)ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပဋိပက္ခအတွင်းလိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာစိုးဝင်း၊ ပြည်ထဲရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဥပဒေရေးရာဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက "ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ လုပ်ငန်းစီမံချက် အကောင်အထည်ဖော် ဆောင်ရွက်မှုများကို ပြည်သူများ လက်လှမ်းမီသိရှိရေး အသိပညာပေးခြင်း စီစဉ်ဆောင်ရွက်ရန်" ဆိုသည့် လုပ်ငန်းတာဝန်တစ်ခု ပါဝင်သည်နှင့်အညီ ပြည်သူများ သိရှိနားလည်ပြီး တိုင်ကြားနိုင်ရေးနှင့် တုံ့ပြန်ရေးလုပ်ငန်းစဉ်များကို ယခုထက်ပိုမို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ပြည်ထောင်စုနယ်မြေ နေပြည်တော်အပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် အမျိုးသမီးကော်မတီများ၏ လုပ်ငန်းတာဝန်များတွင် ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ရေး(Conflict Related Sexual Violence–CRSV) လုပ်ငန်းတာဝန်ကို ထည့်သွင်းဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၅ ခုတွင် ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်လုပ်ငန်းစီမံချက် အကောင်အထည်ဖော်မှုနှင့် တိုင်ကြားမှုယန္တရားကို ပြည်သူအများ သိရှိစေရန် ၂၀၂၃ ခုနှစ် ဇူလိုင်လမှ အောက်တိုဘာလအတွင်း ဆောင်ရွက်ကြောင်း၊ ဒုတိယသက်တမ်း၏ ဒုတိယ(၆)လပတ်ကာလ ဖြစ်သည့် ၂၀၂၃ ခုနှစ် မတ် ၁၀ ရက်မှ နိုဝင်ဘာ ၁၀ ရက်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်ချက်များကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးသို့ အစီရင်ခံတင်ပြရေးအတွက် ရေးသားပြုစုလျက်ရှိပါကြောင်း၊ ယခုအစည်းအဝေးတွင် ရေးသားထားရှိသည့် အစီရင်ခံစာအပေါ် လိုအပ်သည်များ ပြင်ဆင်ဖြည့်စွက် အတည်ပြုရေးလမ်းညွှန်ပြောကြားသည်။



ဆက်လက်၍ ပဋိပက္ခအတွင်းလိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီ အတွင်းရေးမှူး၊ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ပြီးခဲ့သည့်အစည်းအဝေး အမှတ်စဉ် (၃/၂၀၂၃) ၏ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ခဲ့မှုများ၊ ဇန်နဝါရီ ၁၅ ရက်က ကျင်းပပြုလုပ်ခဲ့သည့် လုပ်ငန်းကော်မတီ အစည်းအဝေး(၁/၂၀၂၄) ၏ ဆုံးဖြတ်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မှုများကို ဆွေးနွေးတင်ပြသည်။

ထို့နောက် တက်ရောက်လာသူများက ဒုတိယ(၆)လပတ် အစီရင်ခံစာ(မူကြမ်း)အပေါ် အကြံပြုဆွေးနွေးခြင်း၊ ပြင်ဆင်ဖြည့်စွက်အတည်ပြုခြင်းတို့ကို ဆောင်ရွက်ခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ ဂုဏ်ပြုထောက်ပံ့ပေးအပ်

**ပဲခူး ဖေဖော်ဝါရီ ၁၆**

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ပဲခူးမြို့ ဈေးသူဈေးသားများက စားသောက်ဖွယ်ရာများ ဂုဏ်ပြုပေးအပ်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၅ ရက် မွန်းလွဲပိုင်းက ပဲခူးမြို့ ဗုဒ္ဓအသံဓမ္မဗိမာန်တော်ကြီး၌ ကျင်းပသည်။

**စားသုံးဖွယ်ရာများ ပေးအပ်**

ဦးစွာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက တိုင်းဒေသကြီးအတွင်း သဘာဝဘေးဖြစ်ပွားမှုများတွင် တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များက နေ့ညမပြတ် ကူညီကယ်ဆယ်ရေးလုပ်ငန်းများတွင် ရှေ့ဆုံးမှ ပါဝင်ဆောင်ရွက်ခဲ့သလို ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင်လည်း အင်ပြည့်အားပြည့် ဆောင်ရွက်ပေးခဲ့သည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ နိုင်ငံတော်ကာကွယ်ရေး လုပ်ငန်းများကို ဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ပြီး မိမိတို့၏ အသက်ကို ပဓာနမထားဘဲ တာဝန်ထမ်းဆောင်နေကြသူများဖြစ်ကာ ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင်လည်း ရှေ့ဆုံးမှ ပါဝင်ဆောင်ရွက်နေသူများပင်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအတွင်း နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးကိစ္စများ စွမ်းစွမ်းတမံဆောင်ရွက်နေသော လုံခြုံရေးတပ်ဖွဲ့ဝင်များကို ဂုဏ်ပြုသည့်အနေဖြင့် ဒေသခံပြည်သူများက အပြန်အလှန် ကျေးဇူးတရားနားလည်ပြီး စားသုံးဖွယ်ရာများ လာရောက်ဂုဏ်ပြုပေးအပ်မှုအပေါ် အထူးဝမ်းမြောက်ဝမ်းသာ ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။



ထို့နောက် စုစုပေါင်းတန်ဖိုးငွေကျပ် ၂၆၅ ဒသမ ဝ၅ သိန်းတန်ဖိုးရှိ စားသောက်ဖွယ်ရာများကို ပဲခူးမြို့အတွင်း ဈေးသူ ဈေးသားများကိုယ်စား သက်ဆိုင်ရာ ဈေးအလိုက်ဈေးကော်မတီဝင်များက ထောက်ပံ့ပေးအပ်ခဲ့ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တိုင်းဒေသကြီးလုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်သောင်းထိုက်တို့က လက်ခံရယူခဲ့ကြပြီး အဆိုပါ စားသောက်ဖွယ်ရာများကို လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ ဆက်လက်ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ်၌ ဖေဖော်ဝါရီ ၁၅ ရက် မွန်းလွဲပိုင်းက မီးဘေးကြိုတင်ကာကွယ်ရေး စစ်ဆေးခြင်းနှင့် ဇာတ်တိုက်လေ့ကျင့်ခြင်းသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲမြင့်သိန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးစိုးထွန်းနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်မြင့်နှင့်ဝန်ထမ်းများ၊ဈေးကော်မတီဝင်များနှင့် ဈေးသူ၊ ဈေးသားများ တက်ရောက်ကာ မီးသတ်ဆေးဘူးဖြင့် လက်တွေ့မီးငြိမ်းသတ်ခြင်းများ ပြုလုပ်စဉ်။

မြို့နယ်(ပြန်/ဆက်)

# ပြည်မြို့နယ်၌ လေပြင်းဘေးကြိုတင်ကာကွယ်ရေး ကွင်းဆင်းဆောင်ရွက်

**ပြည် ဖေဖော်ဝါရီ ၁၆**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်အတွင်းရှိ လေပြင်းဘေးဒဏ် အများဆုံးခံစားရနိုင်သော ကျေးရွာများရွေးချယ်၍ မိုးမကျမီ ပြန်လည်ပြင်ဆင်နိုင်ခြင်း မရှိသေးသော နေအိမ်များအား အားဖြည့်ပြင်ဆင်ခြင်း လုပ်ငန်းကို ယနေ့နံနက် ၉ နာရီက ပြည်မြို့နယ် ကုန်းသလင်းကျေးရွာသို့ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

အဆိုပါ ကွင်းဆင်းဆောင်ရွက်မှုကို မြို့နယ်သဘာဝဘေးစီမံခန့်ခွဲမှုဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များဖြစ်ကြသော မြို့နယ်ရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့၊ပညာရေး၊ ကျန်းမာရေး၊ စီမံကိန်း၊ လဝကဦးစီးဌာနတို့မှ ဘေးအန္တရာယ်စီမံခန့်ခွဲမှု ဦးစီးဌာနနှင့်ပေါင်းစပ်ကာ ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ စေတနာ့ဝန်ထမ်းလူငယ်များနှင့်အတူ ကွင်းဆင်းပြုပြင်ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ပေးမှုတွင် ပြင်ဆင်စရိတ်အဖြစ် နေအိမ်တစ်လုံးလျှင် ငွေကျပ် ၄၃၀၀၀ တန်ဖိုးရှိ ထရံလေးချပ်၊ ဝါးအလုံး ၂၀၊ သွပ်ကြိုးခွေကြီးတစ်ခွေနှုန်းဖြင့် ကျေးရွာသို့တိုက်ရိုက်ပို့ဆောင်ပေးခဲ့ပြီး ပြည်မြို့နယ်တွင် လေပြင်းဘေးကြိုတင်ကာကွယ်ရေးအတွက် နေအိမ်တစ်လုံးလျှင် အိမ်ပြင်ဆင်စရိတ် ငွေကျပ် ၄၃၀၀၀ နှုန်းဖြင့် နေအိမ်အလုံး ၅၀၀ အတွက် စုစုပေါင်းငွေကျပ် ၂၁၅ သိန်း ပေးဆောင်သွားမည် ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



**သက်ရှိကမ္ဘာရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

# သတိပြုစရာ ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲများ

**ဒေါက်တာသဉ္ဇာအောင်- ဒုတိယညွှန်ကြားရေးမှူး (ကူးစက်)**

**ကိုဗစ်-၁၉ ရောဂါ၏ မူလအစ**

ကိုဗစ်-၁၉ ရောဂါသည် တရုတ်နိုင်ငံ ဝူဟန်မြို့၌ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလက စတင်တွေ့ရှိခဲ့သည့် အသစ်ဖြစ်ပေါ်လာသော ကူးစက်ရောဂါတစ်ခု (2019 Novel Coronavirus) ဖြစ်ပြီး ကမ္ဘာ့နိုင်ငံများသို့ လျင်မြန်စွာကူးစက်ဖြစ်ပွားခဲ့ပါသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဝူဟန်ရောဂါဖြစ်ပွားမှုဆိုင်ရာ ပထမအကြိမ် အစည်းအဝေးကို ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ၈ ရက်နေ့တွင် ကျင်းပခဲ့ပြီးနောက် ဇန်နဝါရီလ ၃၁ ရက်နေ့တွင် 2019 Novel Coronavirus ဖြစ်ပွားမှုအား ကမ္ဘာလုံးဆိုင်ရာ ပြည်သူ့ကျန်းမာရေးဆိုင်ရာ အရေးပေါ်အခြေအနေ (Public Health Emergency of International Concern – PHEIC) အနေဖြင့် သတ်မှတ်ကြေညာ၍ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ခဲ့ပါသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ၂၀၂၀ ပြည့်နှစ် မတ်လ ၁၁ ရက်နေ့တွင် Coronavirus Disease–2019 (COVID–19) ဟု အမည်ပေး၍ ကမ္ဘာ့ကပ်ရောဂါ (pandemic) အဖြစ် ကြေညာခဲ့ပါသည်။ အဆိုပါရောဂါဖြစ်ပွားစေသော SARS CoV–2 ဗိုင်းရပ်စ်ပိုးသည် ဒေသတွင်းနှင့် ကမ္ဘာ့နိုင်ငံအများအပြားသို့ ကူးစက်ပြန့်ပွားခဲ့ပြီး မျိုးရိုးဗီဇများလည်း လျင်မြန်စွာ ပြောင်းလဲလျက်ရှိနေပါသည်။

**ကိုဗစ်-၁၉ ရောဂါ ရိုက်ခတ်ခဲ့သော ကမ္ဘာ့အခြေအနေ**

ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါသည် ကမ္ဘာတစ်ဝန်း နိုင်ငံများအားလုံးသို့ ကူးစက်ဖြစ်ပွားခဲ့ပြီး ကူးစက်မှုလှိုင်းများကြောင့် လူထု၏ ကျန်းမာရေးနှင့် လူမှုစီးပွားရေးကဏ္ဍများအပေါ် အကြီးအကျယ် သက်ရောက်မှုများရှိခဲ့ကာ လူမှုစီးပွားဘဝ ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ရပါသည်။ ဗိုင်းရပ်စ်ပိုး၏ မျိုးရိုးဗီဇများ လျင်မြန်စွာပြောင်းလဲကူးစက်မှုကြောင့် ၂၀၂၁ ခုနှစ် နှစ်ကုန်ပိုင်းတွင် ကာကွယ်ဆေးထိုးလွှမ်းခြုံမှု မြင့်မားခဲ့သည့် အမေရိကန်နိုင်ငံနှင့် ဂျာမနီနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအများစု၌ ပြင်းထန်သောရောဂါ ကူးစက်မှုနှင့် သေဆုံးမှုများ ခံစားခဲ့ရပါသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထုတ်ပြန်သော အချက်အလက်များအရ ၁၄-၁-




၂၀၂၄ ရက်နေ့အထိ တစ်ကမ္ဘာလုံးတွင် ကိုဗစ်-၁၉ ရောဂါအတည်ပြုလူနာဦးရေ ၇၇၄ သန်းကျော် ၇၇၄၂၉၁၂၈၇ ဦးနှင့် သေဆုံးသူဦးရေ ခုနစ်သန်းကျော် ၇၀၁၉၇၀၄ ဦး ရှိခဲ့ပြီဖြစ်ပါသည်။

၁၉-၁-၂၀၂၄ ရက်နေ့တွင် ထုတ်ပြန်သည့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ လစဉ် အစီရင်ခံစာအရ လွန်ခဲ့သောရက်သတ္တလေးပတ်အတွင်း သတင်းပေးပို့မှုအနေဖြင့် ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသူဦးရေ ၁၁၁၃၇၂၆ ဦးရှိပြီး သေဆုံးသူ ၈၇၀၀ ရှိသည့်အတွက် ယခင်ရက်သတ္တလေးပတ်နှင့် နှိုင်းယှဉ်ပါက ဖြစ်ပွားမှု လေးရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး သေဆုံးမှုမှာ ၂၆ ရာခိုင်နှုန်း ကျဆင်းခဲ့သော်လည်း အရှေ့တောင်အာရှနှင့် အနောက်ပစိဖိတ်ဒေသများတွင် ဖြစ်ပွားသူဦးရေ မြင့်တက်လျက်ရှိကြောင်း သိရှိရပါသည်။

အရှေ့တောင်အာရှဒေသတွင် ယခင်ရက်သတ္တလေးပတ်နှင့် နှိုင်းယှဉ်ပါက ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု ၃၇၉ ရာခိုင်နှုန်းမြင့်တက်ခဲ့ပြီး သေဆုံးမှုမှာ ၅၆၄ ရာခိုင်နှုန်းအထိ ပိုမိုမြင့်တက်ခဲ့ကြောင်းနှင့် သတင်းပေးပို့မှုအရ ရောဂါဖြစ်ပွားသူ အများဆုံးနိုင်ငံများမှာ ရုရှားဖက်ဒရေးရှင်း၊ စင်ကာပူ၊ အီတလီနှင့် မလေးရှားနိုင်ငံတို့မှ ဖြစ်ကြောင်း ထုတ်ပြန်ထားပါသည်။

**ကိုဗစ်-၁၉ မျိုးရိုးဗီဇပြောင်းရောဂါပိုးအကြောင်း**

ကိုဗစ်-၁၉ ရောဂါကို ဖြစ်ပွားစေတတ်သည့် SAR CoV–2 ဗိုင်းရပ်စ်ပိုးသည် ဆဲလ်ပွားချိန်များတွင် ဗီဇပြောင်းမျိုးကွဲများ ပေါ်ပေါက်တတ်ပြီး မူလမျိုးကွဲနှင့် မတူညီသည့် ဗီဇပြောင်းမျိုးကွဲများ ကူးစက်ဖြစ်ပွားခဲ့မှုအား ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားချိန်နှင့် ဖြစ်ပွားပြီးချိန်များတွင် တွေ့ရှိရပါသည်။ အဆိုပါဗီဇပြောင်းမျိုးကွဲများသည် မူလမျိုးရင်း SARS CoV–2 ဗိုင်းရပ်စ်ပိုးနှင့်နှိုင်းယှဉ်ပါက ရောဂါကူးစက်နိုင်မှု၊ ပြင်းထန်ရောဂါဖြစ်ပွားနိုင်မှု၊ ကာကွယ်ဆေးများနှင့် ကာကွယ်နိုင်မှု၊ ကုသဆေးဝါးဖြင့် ကုသပေးနိုင်မှု အခြေအနေများ ပြောင်းလဲတတ်သောကြောင့် အထူးအလေးထား စောင့်ကြပ်ကြည့်ရှုရန် လိုအပ်ပါသည်။

သို့ဖြစ်၍ ကိုဗစ်-၁၉ ရောဂါကို ကမ္ဘာ့ကပ်ရောဂါအဖြစ် သတ်မှတ်ထားရှိမှုမှ ပယ်ဖျက်ပြီး နောက်ပိုင်းတွင်လည်း မျိုးရိုးဗီဇပြောင်းလဲမှုစောင့်ကြည့်ခြင်းအား ဆက်လက်ဆောင်ရွက်သွားရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အကြံပြုထားရှိပါသည်။ မျိုးရိုးဗီဇပြောင်းပိုးများအား Variant of Interest (VOI) နှင့် Variant of Concern(VOC) များဖြင့် သတ်မှတ်ထားရှိပြီး စောင့်ကြပ်ကြည့်ရှုလျက်ရှိရာ ရောဂါစတင်ကူးစက်ချိန်မှ ယခုအချိန်အထိ အယ်လ်ဖာ(Alpha)၊ ဘီတာ(Beta)၊ ဂါမာ(Gamma)နှင့် ဒယ်လ်တာ(Delta)၊ အိုမီခရွန် (Omicron) တို့ကို VOC အဖြစ် သတ်မှတ်ခဲ့ပြီးဖြစ်ပါသည်။

၂၀၂၀ ပြည့်နှစ် အောက်တိုဘာလတွင် အိန္ဒိယနိုင်ငံမှစ၍ တွေ့ရှိကူးစက်ခဲ့သည့် ပြင်းထန်ရောဂါ ဖြစ်ပွားနိုင်ခြေနှင့် သေဆုံးနိုင်ခြေမြင့်မားသည့် ဒယ်လ်တာမျိုးကွဲသည် ၂၀၂၁ ခုနှစ် မေလနှင့် ဇွန်လပိုင်းတွင် ကမ္ဘာ့နိုင်ငံများ၌ မြန်ဆန်စွာ ကူးစက်ဖြစ်ပွားခဲ့ပြီး ၂၀၂၁ ခုနှစ် ဒီဇင်ဘာလမှစတင်၍ ဒယ်လ်တာမျိုးကွဲထက် ပိုမိုကူးစက်နိုင်ခြေမြင့်မားသော်လည်း ပြင်းထန်ရောဂါဖြစ်ပွားနိုင်ခြေနှင့် သေဆုံးနိုင်ခြေနည်းပါးသည့် အိုမီခရွန်မျိုးကွဲများ ကူးစက်ဖြစ်ပွားခဲ့ကြောင်း တွေ့ရှိရပါသည်။ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလမှစတင်၍ အိုမီခရွန် ဗီဇပြောင်းမျိုးကွဲသည် မျိုးကွဲများအဖြစ် ဆက်လက်၍ လျင်မြန်စွာ ပြောင်းလဲလျက် ကူးစက်ဖြစ်ပွားနေကြောင်း တွေ့ရှိရပါသည်။

**ကမ္ဘာ့နိုင်ငံများတွင် ကိုဗစ်-၁၉ ရောဂါ ဗီဇပြောင်းမျိုးကွဲများကူးစက်ဖြစ်ပွားမှု အခြေအနေ**

ကိုဗစ်-၁၉ ရောဂါကိုဖြစ်ပွားစေသည့် SARS CoV–2 ဗိုင်းရပ်စ်ပိုးသည် လျင်မြန်စွာ မျိုးရိုးဗီဇပြောင်းလဲလျက်ရှိသောကြောင့် ရောဂါပြင်းထန်ပြီးသေဆုံးနိုင်ခြေမြင့်မားသည့် ဗီဇပြောင်းမျိုးကွဲများ ထွက်ပေါ်လာပါက စောစီးစွာသိရှိတုံ့ပြန်ဆောင်ရွက်နိုင်ရေးအတွက် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးက မျိုးရိုးဗီဇ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းအား အထူးအလေးထား ဆောင်ရွက်လျက်ရှိပါသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ၁၉-၁-၂၀၂၄ ရက်နေ့ ထုတ်ပြန်ချက်တွင် ဖော်ပြထားရှိသည့် ကိုဗစ်-၁၉ ရောဂါဗီဇပြောင်းမျိုးကွဲ စောင့်ကြပ်ကြည့်ရှုမှုအချက်အလက်များအရ အိုမီခရွန်မျိုးကွဲများဖြစ်သည့် Omicron XBB.1.5, XBB.1.16, EG.5, BA.2.86 နှင့် JN.1 မျိုးကွဲ ငါးမျိုးအား စိတ်ဝင်စားဖွယ်မျိုးကွဲများ (Variants of Interest–VOIs) အဖြစ်လည်းကောင်း၊ Omicron DV.7, XBB, XBB.1.9.1, XBB.1.9.2 နှင့် XBB.2.3 မျိုးကွဲငါးမျိုးတို့အား စောင့်ကြည့်ရမည့်မျိုးကွဲများ (Variants Under Monitoring–VUMs) အဖြစ် လည်းကောင်း ဆက်လက်သတ်မှတ်ထားရှိကြောင်း သိရှိရပါသည်။

JN.1 မျိုးကွဲတွေ့ရှိရမှုသည် ယခင်ကူးစက်ရောဂါ စောင့်ကြပ်ကြည့်ရှုရေးရက်သတ္တပတ်ထက် မြင့်တက်လာကာ နိုင်ငံပေါင်း ၇၁ နိုင်ငံတွင် ဖြစ်ပွားကူးစက်လျက်ရှိကြောင်း တွေ့ရှိရပြီး ဗီဇပြောင်းမျိုးကွဲစစ်ဆေးမှု စုစုပေါင်း၏ ၆၅ ဒသမ ၅ ရာခိုင်နှုန်းမှာ JN.1 ဖြစ်ကြောင်း၊ ၁၆ ဒသမ ၆ ရာခိုင်နှုန်းမှာ EG.5၊ ၇ ဒသမ ၈ ရာခိုင်နှုန်းမှာ BA.2.86၊ ၃ ဒသမ ၃ ရာခိုင်နှုန်းမှာ XBB.1.5 နှင့် ၁ ဒသမ ၅ ရာခိုင်နှုန်းမှာ XBB.1.6 မျိုးကွဲတို့ဖြစ်ကြောင်း ဖော်ပြထားရှိပါသည်။

JN.1 မျိုးကွဲကူးစက်ဖြစ်ပွားမှုများမှာ မြင့်တက်လာသော်လည်း ၁၉-၁၂-၂၀၂၃ ရက်နေ့တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထုတ်ပြန်ခဲ့သော အန္တရာယ်ဖြစ်နိုင်မှု ကနဦးဆန်းစစ်အကဲဖြတ်ခြင်း (initial risk evaluation) အရ JN.1 သည် ပြည်သူ့ကျန်းမာရေးထိခိုက်မှု အန္တရာယ်နည်းပါးကြောင်းနှင့် ၎င်းဗီဇပြောင်းမျိုးကွဲပိုးသည် ကူးစက်ပျံ့နှံ့မှုမြင့်တက်လာသော်လည်း ရောဂါပြင်းထန်မှုမရှိပါကြောင်း၊ ယခင်မျိုးကွဲများနည်းတူပင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံခြင်းဖြင့် ရောဂါပြင်းထန်မှုမှ ထိရောက်စွာ ကာကွယ်နိုင်ကြောင်း ဖော်ပြထားရှိပါသည်။

**မြန်မာနိုင်ငံနှင့် ကိုဗစ်-၁၉ ရောဂါ**

ကျန်းမာရေး ဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါကမ္ဘာ့ကပ်ရောဂါအသွင် ကူးစက်မှုမဖြစ်ပွားမီကပင် စတင်၍ ယနေ့အထိ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို နီးနွယ်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်တွင်း၊ ပြည်ပမှ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှု အခြေအနေအပေါ်မူတည်၍ ကာကွယ်ထိန်းချုပ်ရေး၊ ကုသရေးလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်လျက်ရှိသည့်အပြင် ရောဂါကာကွယ်ရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းနှင့် သတ်မှတ်ချက်များကို ဖြေလျှော့ပေးခြင်းနှင့် တိုးမြှင့်ဆောင်ရွက်ခြင်းတို့ကိုလည်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထုတ်ပြန်ထားသော အကြံပြုချက်များနှင့်အညီ ဆောင်ရွက်နိုင်ရေးအတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေး ဗဟိုကော်မတီသို့ တင်ပြခွင့်ပြုချက်ရယူ၍ ဆောင်ရွက်လျက်ရှိပါသည်။

ကမ္ဘာ့ကျန်းမာရေးဖွဲ့က ကိုဗစ်-၁၉ ရောဂါအား ပြည်သူ့ကျန်းမာရေးဆိုင်ရာ အရေးပေါ်အခြေအနေ (Public Health Emergency of International Concern–PHEIC) အဖြစ် စတင်သတ်မှတ်ခဲ့သည့် ၃၀-၁-၂၀၂၀ ရက်နေ့ မတိုင်မီကပင် မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ်ရေးလုပ်ငန်းများအား အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ခဲ့ရာ ၂၀၂၀ ပြည့်နှစ် မတ်လ ၂၃ ရက်နေ့တွင် ပြည်ပနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူ နှစ်ဦးတွင် ကိုဗစ်-၁၉ ရောဂါ အတည်ပြုစတင်တွေ့ရှိခဲ့ပြီးနောက် ၂၀၂၄ ခုနှစ် ဇန်နဝါရီလအထိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှုလှိုင်း လေးခုအနေဖြင့် ကူးစက်ဖြစ်ပွားခဲ့ရာတွင်လည်း ကူးစက်မှုလှိုင်းအပေါ်မူတည်၍ မဟာဗျူဟာ၊ နည်းဗျူဟာနှင့် လုပ်ငန်းစဉ်များ ချမှတ်၍ ထိထိရောက်ရောက် ကာကွယ်ထိန်းချုပ်နိုင်ခဲ့ပါသည်။

စာမျက်နှာ ၁၂ သို့

> JN.1 မျိုးကွဲကူးစက်ဖြစ်ပွားမှုများမှာ မြင့်တက်လာသော်လည်း ၁၉-၁၂-၂၀၂၃ ရက်နေ့တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထုတ်ပြန်ခဲ့သော အန္တရာယ်ဖြစ်နိုင်မှု ကနဦးဆန်းစစ်အကဲဖြတ်ခြင်း (initial risk evaluation) အရ JN.1 သည် ပြည်သူ့ကျန်းမာရေးထိခိုက်မှုအန္တရာယ်နည်းပါးကြောင်းနှင့် ၎င်းဗီဇပြောင်းမျိုးကွဲပိုးသည် ကူးစက်ပျံ့နှံ့မှုမြင့်တက်လာသော်လည်း ရောဂါပြင်းထန်မှုမရှိပါကြောင်း၊ ယခင်မျိုးကွဲများနည်းတူပင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံခြင်းဖြင့် ရောဂါပြင်းထန်မှုမှ ထိရောက်စွာကာကွယ်နိုင်

# ကချင်ပြည်နယ် ကောင်ရာ KBC IDP စခန်းမှ ယာယီတိုက်ပွဲရှောင်ပြည်သူများ မူလနေရပ်သို့ ပြောင်းရွှေ့ထွက်ခွာ

နေပြည်တော်　ဖေဖော်ဝါရီ　၁၆

ကချင်ပြည်နယ် မံစီမြို့နယ် ကောင်ရာ KBC IDP စခန်းမှ ယာယီတိုက်ပွဲရှောင်ပြည်သူများအနက် အိမ်ထောင်စု ၃၀ မှ လူဦးရေ ၁၃၃ ဦးသည် မံစီမြို့နယ်ရှိ ရပ်ကွက်/ကျေးရွာများတွင် ၎င်းတို့အစီအစဉ်ဖြင့် မြေနေရာဝယ်ယူထားခဲ့ပြီး ဂရုဏာလူမှုကူညီရေးအသင်းအဖွဲ့(ဗန်းမော်)မှ နေအိမ်များ ဆောက်လုပ်လှူဒါန်းပေးခဲ့သဖြင့် အဆိုပါ ရပ်ကွက်/ကျေးရွာများသို့ ၎င်းတို့အစီအစဉ်ဖြင့် ဖေဖော်ဝါရီ ၇ ရက်တွင် ပြောင်းရွှေ့သွားကြောင်း သိရသည်။

**အေးချမ်းဦး**



# ပုသိမ်တက္ကသိုလ်၌ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ ကျင်းပ



ပုသိမ်　ဖေဖော်ဝါရီ　၁၆

မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီနှင့် ဧရာဝတီတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီတို့ ပူးပေါင်းကျင်းပသည့် လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက ပုသိမ်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမတွင် ပြုလုပ်ရာ ဟောပြောပွဲတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းက လူငယ်ရေးရာကော်မတီဖွဲ့စည်းရသည့် ရည်ရွယ်ချက်အား ရှင်းလင်းဆွေးနွေးကာ လူငယ်ရေးရာ မူဝါဒဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံချက်တွင်ပါရှိသည့် လူငယ်ဆိုင်ရာကဏ္ဍ ၁၆ ခုတွင် ဦးစားပေးဆောင်ရွက်သွားရမည့် လုပ်ငန်းစဉ် ၅၈ ခု၊ ဆောင်ရွက်ချက် ၁၂၁ ခုတို့အား အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိကြောင်း၊ အနာဂတ်တွင် နိုင်ငံ့တာဝန်များကို ပခုံးပြောင်း ထမ်းဆောင်မည့် လူငယ်များအား ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်ရန်အတွက် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်လျက် ရှိကြောင်းနှင့် ဘက်ပေါင်းစုံမှ အရည်အသွေးပြည့်ဝလာစေရန် စနစ်တကျ ပြုစုပျိုးထောင်ပေးရမည် ဖြစ်ကြောင်း၊ တိုင်းဒေသကြီးအတွင်းရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ သိပ္ပံနှင့် အခြေခံပညာကျောင်းများတွင် လူငယ်စကားဝိုင်းများကို ပြုလုပ်လျက်ရှိကြောင်း အမှာစကားများ ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ လူငယ်ရေးရာ ဗဟိုကော်မတီ အတွင်းရေးမှူး၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်က တိုင်းပြည်၏ အနာဂတ်အတွက် လူငယ်များ၏အရေးပါမှု အခန်းကဏ္ဍများအား ရှင်းလင်းတင်ပြပြီး ပုသိမ်တက္ကသိုလ်မြန်မာစာဌာန ပါမောက္ခ ဒေါက်တာသန်းထိုက်က လူငယ်ရေးရာ ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောသည်။

ထို့နောက် ဧရာဝတီတိုင်းဒေသကြီး လူငယ်ရေးရာ ကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ်က လူငယ်ရေးရာ အသိပညာပေးဟောပြောပေးသည့် ပုသိမ်တက္ကသိုလ်မြန်မာစာဌာန ပါမောက္ခ ဒေါက်တာသန်းထိုက်အား ဂုဏ်ပြုလက်ဆောင်နှင့် မြန်မာနိုင်ငံလူငယ်ရေးရာ ဗဟိုကော်မတီအတွင်းရေးမှူး အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးက ပုသိမ်တက္ကသိုလ်သို့ အားကစားပစ္စည်းများ ဆက်လက်ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့

❂ စာမျက်နှာ ၁၁ မှ

ကမ္ဘာ့ကျန်းမာရေးဖွဲ့က ကိုဗစ်-၁၉ ရောဂါအား ပြည်သူ့ကျန်းမာရေးဆိုင်ရာ အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်ထားမှုမှ ပယ်ဖျက်ကြောင်း ကြေညာခဲ့သည့် ၅-၅-၂၀၂၃ ရက်နေ့ နောက်ပိုင်းတွင်လည်း ကျန်းမာရေးဝန်ကြီးဌာနသည် ကမ္ဘာ့နိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် မိမိတို့နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှု အခြေအနေများကို စဉ်ဆက်မပြတ် စောင့်ကြပ်ကြည့်ရှု၍ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားကူးစက်မှုအပေါ်မူတည်ပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ၊ သတ်မှတ်ချက်များကို ထုတ်ပြန်ခြင်းနှင့် ဖြေလျှော့ပေးခြင်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

**မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ လက်ရှိကူးစက်ဖြစ်ပွားမှုအခြေအနေ**

မြန်မာနိုင်ငံတွင် ၂၉-၁-၂၀၂၄ ရက်နေ့ ည ၈ နာရီအချိန်အထိ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာပေါင်း ၆၄၁၆၉၁ ဦးနှင့် သေဆုံးသူပေါင်း ၁၉၄၉၄ ဦးရှိခဲ့ပြီး ၁၄-၅-၂၀၂၃ ရက်နေ့မှစ၍ ၂၉-၁-၂၀၂၄ ရက်နေ့အထိ ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသည့် ရက်ပေါင်း ၂၆၁ ရက်နှင့် ၇-၇-၂၀၂၃ ရက်နေ့မှစ၍ ၂၉-၁-၂၀၂၄ ရက်နေ့အထိ နေ့စဉ် ကိုဗစ်-၁၉ ရောဂါပိုးတွေ့နှုန်း တစ်ရာခိုင်နှုန်းအောက်သို့ ရောက်ရှိခဲ့သည့် ရက်ပေါင်း ၂၀၇ ရက် ရှိပြီဖြစ်ပါသည်။

သို့ရာတွင် ကမ္ဘာ့နိုင်ငံများ၌ ကူးစက်ဖြစ်ပွားမှု မြင့်တက်လာမှုနှင့်အတူ မြန်မာနိုင်ငံတွင်လည်း ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ဒုတိယပတ်မှစတင်၍ အပတ်စဉ် ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာတွေ့ရှိမှုနှင့် ပိုးတွေ့ရှိမှုနှုန်းများ တဖြည်းဖြည်း မြင့်တက်လျက်ရှိရာ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ဒုတိယပတ်တွင် အတည်ပြုလူနာ ခုနစ်ဦး၊ ပိုးတွေ့နှုန်းသုည ဒသမ ဝ၅ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၂၄ ခုနှစ် ဇန်နဝါရီလ ဒုတိယပတ်တွင် အတည်ပြုလူနာ ၅၄ ဦး၊ ပိုးတွေ့နှုန်း သုည ဒသမ ၃၅ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့ပြီး စတုတ္ထပတ်တွင် အတည်ပြုလူနာ ၇၃ ဦး၊ ပိုးတွေ့နှုန်း သုည ဒသမ ၄၅ ရာခိုင်နှုန်းအထိ ဆက်လက်မြင့်တက်လာကြောင်း တွေ့ရှိရပါသည်။

**မြန်မာနိုင်ငံနှင့် ကိုဗစ်-၁၉ ရောဂါ ဗီဇပြောင်းမျိုးကွဲများအခြေအနေ**

ကျန်းမာရေး ဝန်ကြီးဌာနလက်အောက်ရှိ ပြည်သူ့ကျန်းမာရေး ဦးစီးဌာန၊ ဆေးသုတေသနဦးစီးဌာန၊ ကုသရေးဦးစီးဌာနနှင့် အမျိုးသားကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာနတို့ ပူးပေါင်း၍ "ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇပြောင်းရောဂါပိုး စောင့်ကြပ်ကြည့်ရှုခြင်း (Genomic Surveillance)" လုပ်ငန်းကို တစိုက်မတ်မတ် ဆက်လက်ဆောင်ရွက်လျက်ရှိရာ ၂၀၂၃ ခုနှစ် နိုဝင်ဘာလနှင့် ဒီဇင်ဘာလများအတွင်း ကမ္ဘာ့နိုင်ငံအချို့နှင့် ဒေသတွင်းနိုင်ငံအချို့တွင် ဆောင်းရာသီကာလသို့ ဝင်ရောက်လာချိန်၌ အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများနှင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှုများ ပြန်လည်မြင့်တက်လာကြောင်း သိရှိရသဖြင့် မြန်မာနိုင်ငံတွင်လည်း ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းနှင့် ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများအား အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိပါသည်။

ကမ္ဘာ့နိုင်ငံများနည်းတူ မြန်မာနိုင်ငံတွင်လည်း ကိုဗစ်-၁၉ ရောဂါ ဗီဇပြောင်းမျိုးကွဲများ ကူးစက်ဖြစ်ပွားမှုရှိ/မရှိ မျက်ခြည်မပြတ် စောင့်ကြပ်ကြည့်ရှုလျက်ရှိရာ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလအတွင်း ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာများ၏ ဓာတ်ခွဲနမူနာများအား ရန်ကုန်မြို့ရှိ အမျိုးသားကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာနတွင် RT-PCR နည်းဖြင့် ထပ်မံစစ်ဆေးပြီး ဆေးသုတေသနဦးစီးဌာနသို့ ဆက်လက်ပေးပို့၍ မျိုးဗီဇတစ်ခုလုံးစစ်ဆေးမှု (Whole Genome Sequencing) ဆောင်ရွက်ခဲ့ပါသည်။

ထိုသို့စစ်ဆေးခဲ့ရာတွင် SARS-CoV-2 Omicron Variant များဖြစ်သည့် JN.1၊ HV.1၊ XBB.1.16.17 နှင့် EG.5.1.8 တို့အား အတည်ပြုတွေ့ရှိရကြောင်းနှင့် အဆိုပါ SARS-CoV-2 Omicron Variant များအနက် HV.1၊ JN.1 နှင့် EG.5.1.8 တို့မှာ မြန်မာနိုင်ငံတွင် အသစ်တွေ့ရှိရသော ကိုဗစ်-၁၉ ရောဂါ ဗီဇပြောင်းမျိုးကွဲများ (Newly Detected Variants In Myanmar) ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ၁၀-၁-၂၀၂၄ ရက်နေ့တွင် သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် တွေ့ရှိရသည့် အိုမီခရွန်မျိုးကွဲတစ်ခုဖြစ်သည့် Omicron HV.1 မျိုးကွဲသည် EG.5 မျိုးကွဲမှ တိုက်ရိုက်ဆင်းသက်လာပြီး CDC's SARS-CoV-2 lineage tree အရ XBB.1.9.2 ၏ မျိုးကွဲဖြစ်ကာ အမေရိကန်ပြည်ထောင်စုတွင် ၂၀၂၃ ခုနှစ် ဇူလိုင်လက စတင်တွေ့ရှိရကြောင်း၊ ၎င်းမျိုးကွဲအား VOI နှင့် VUM အဖြစ် သတ်မှတ်ထားမှုမရှိကြောင်း သိရှိရပါသည်။ မြန်မာနိုင်ငံတွင် တွေ့ရှိရသည့် နောက်ထပ်မျိုးကွဲတစ်ခုဖြစ်သည့် Omicron JN.1 မှာမူ အိုမီခရွန် BA.2.86 ၏ မျိုးကွဲဖြစ်ပြီး လတ်တလောတွင် နိုင်ငံအများအပြား၌ အဓိကကူးစက်မှု မြင့်တက်လာသည့်အတွက် ၁၃-၁၂-၂၀၂၃ ရက်နေ့၌ သီးခြားမျိုးကွဲအဖြစ် သတ်မှတ်ထားသည့်အပြင် ၎င်းအား VOI အမျိုးအစားအဖြစ် သတ်မှတ်ထားရှိပါသည်။ Omicron EG.5.1.8 နှင့် Omicron XBB.1.16.17 တို့သည်လည်း XBB မျိုးကွဲများဖြစ်ပြီး VOI အဖြစ် သတ်မှတ်ထားရှိပြီး စောင့်ကြပ်ကြည့်ရှုနေသည့် မျိုးကွဲများဖြစ်ပါသည်။

**သတိပြုဆင်ခြင်စရာ ကိုဗစ်-၁၉ မျိုးဗီဇပြောင်းရောဂါပိုး**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ထုတ်ပြန်ချက်အရ JN.1 ကူးစက်ပျံ့နှံ့မှု မြင့်တက်လာကာ ပြည်သူ့ကျန်းမာရေးထိခိုက်မှု အန္တရာယ်နည်းပါးပြီး ပြင်းထန်ရောဂါဖြစ်ပွားနိုင်မှုနည်းပါးကြောင်း ဖော်ပြထားရှိသော်လည်း အသက်အရွယ်၊ ကိုယ်ခံအား၊ ရောဂါအခံရှိမှုအပေါ် မူတည်၍ ပြင်းထန်ရောဂါများ ဖြစ်ပွားနိုင်ခြေရှိပါသည်။ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါပြင်းထန်နိုင်ခြေနှင့် သေဆုံးနိုင်ခြေအား လျှော့ချနိုင်သည်ဖြစ်၍ ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အနည်းဆုံး နှစ်ကြိမ်ထိုးနှံထားရှိရန်နှင့် ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် သေဆုံးနိုင်ခြေ မြင့်မားသော အသက်အရွယ်ကြီးသူများ၊ နာတာရှည်ရောဂါအခံရှိသူများနှင့် ကိုယ်ခံအားနည်းနေသူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေးထိုးနှံမှုခံယူကြရန် လွန်စွာအရေးကြီးပါသည်။

ထို့အပြင် ပြည်သူလူထုအနေဖြင့် ပုံမှန်လူနေမှုဘဝပုံစံ (New Normal Setting)ဖြင့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို တတ်နိုင်သမျှ လိုက်နာဆောင်ရွက်ကြရန် လိုအပ်ပါသည်။ မိမိတွင် ကိုဗစ်-၁၉ ရောဂါနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာ တစ်ခုခု ခံစားနေရပါက အခြားသူများသို့ ကူးစက်မှုမရှိစေရေး လူထူထပ်သော နေရာများနှင့် အလုံပိတ်နေရာများသို့ သွားလာခြင်းမှ ရှောင်ကြဉ်ပြီး ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်ထားရှိကြရန်နှင့် ရောဂါလက္ခဏာများ မသက်သာပါက နီးစပ်ရာကျန်းမာရေးဌာနများ၌ လိုအပ်သော ဆေးကုသမှု ခံယူကြရန် လိုအပ်ပါသည်။

ပြည်သူတစ်ဦးချင်း၊ တစ်ယောက်ချင်းမှ ရောဂါကာကွယ်ရေးအသိ၊ သတိများရှိပြီး မိမိအသိစိတ်ဖြင့် ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်သည့် ကာကွယ်ရေးနည်းလမ်းများကို ပူးပေါင်းလိုက်နာဆောင်ရွက်ခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသေဆုံးမှုများအား ကာကွယ်နိုင်မည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားအပ်ပါသည်။ ။

**ရည်ညွှန်းချက်**

(၁) ကျန်းမာရေး ဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm
(၂) ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ WHO COVID-19 dashboard
(၃) ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ (၁၉-၁-၂၀၂၄)ရက်နေ့ ထုတ်ပြန်သော COVID-19 Epidemiological Update, Edition 163
(၄) ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ Initial Risk Evaluation of JN.1, 19 December 2023
(၅) WHO Tracking SARS-CoV-2 variants

# ဂျပန်နိုင်ငံက H3 ဒုံးပျံအသစ်ကို အာကာသသို့ ဖေဖော်ဝါရီ ၁၇ ရက်တွင် လွှတ်တင်မည်

**တိုကျို ဖေဖော်ဝါရီ ၁၆**

ဂျပန်အာကာသစူးစမ်းလေ့လာရေးအေဂျင်စီသည် နိုင်ငံ၏ အထင်ကရဖြစ်သည့် H3 ဒုံးပျံအသစ်ကို အာကာသသို့ လွှတ်တင်ရန် နောက်ဆုံးပြင်ဆင်မှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

အဆိုပါ H3 ဒုံးပျံအမျိုးအစားကို ယမန်နှစ်က လွှတ်တင်ရာတွင် အောင်မြင်မှုမရှိခဲ့ပေ။H3 ဒုံးပျံအသစ်ကို ကာဂိုရှီးမားစီရင်စု အနောက်တောင်ပိုင်းရှိ တာနီဂါရှီမာ ဒုံးပျံလွှတ်တင်ရေးစင်တာမှ ဖေဖော်ဝါရီ ၁၇ ရက် ဒေသစံတော်ချိန် နံနက် ၉ နာရီ ၂၂ မိနစ်တွင် လွှတ်တင်မည်ဖြစ်သည်။

နိုင်ငံ၏ ပထမဆုံး H3 ဒုံးပျံကို ပြီးခဲ့သည့်နှစ်မတ်လတွင် လွှတ်တင်ခဲ့သည်။ သို့သော် ၎င်း၏ဒုတိယအဆင့်တွင် ဒုံးပျံ၏အင်ဂျင်ကို မီးကူးစက်ခြင်းမရှိသည့်အတွက် ဒုံးပျံကို အလိုအလျောက်ဖျက်ဆီးပစ်ခဲ့ရသည်။

တာဝန်ရှိသူများက ၎င်းဒုံးပျံလွှတ်တင်ရာတွင် မအောင်မြင်ခဲ့ရခြင်းကို စုံစမ်းဖော်ထုတ်ခဲ့ပြီး ယခုတစ်ကြိမ်လွှတ်တင်ရန်အတွက် ကြိုတင်ပြင်ဆင်မှုများကို အရှိန်မြှင့်ဆောင်ရွက်ခဲ့သည်။ ဂျပန်အာကာသစူးစမ်းလေ့လာရေးအေဂျင်စီနှင့် မစ်ဆူဘီရှီ အကြီးစားစက်မှုလုပ်ငန်းတို့သည် H3 ဒုံးပျံကို လွန်ခဲ့သော ၁၀ နှစ်က စတင်တီထွင်ခဲ့သည်။

H3 ဒုံးပျံသည် နှစ်ပေါင်း ၃၀ အတွင်း ဂျပန်နိုင်ငံမှ တီထွင်ဖန်တီးသော ပထမဆုံး ဒုံးပျံအကြီးစားတစ်ခုဖြစ်ပြီး ယန်း ၂၀၀ ဘီလီယံကျော် (ဒေါ်လာ ၁ ဒသမ ၃၃ ဘီလီယံ) ခန့် ကုန်ကျကြောင်း သိရသည်။

အာကာသဖွံ့ဖြိုးမှုနယ်ပယ်တွင် နိုင်ငံတကာပြိုင်ဆိုင်မှုများမြင့်တက်လျက်ရှိစဉ် ဂျပန်နိုင်ငံအနေဖြင့် H3 ဒုံးပျံကို အောင်မြင်စွာ လွှတ်တင်နိုင်မည်ဆိုပါက ဂျပန်နိုင်ငံ၏ အာကာသဖွံ့ဖြိုးတိုးတက်ရေးကို များစွာ အထောက်အကူပြုမည်ဖြစ်သည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**

**ဘာသာပြန် – အောင်ကျော်ကျော်**





# မော်စကိုနှင့် စိန့်ပီတာစဘတ်အကြား မြန်နှုန်းမြင့်ရထားလမ်း ဖောက်လုပ်ရန် ရုရှားသမ္မတပူတင် ခွင့်ပြု

**မော်စကို ဖေဖော်ဝါရီ ၁၆**

မော်စကိုနှင့် စိန့်ပီတာစဘတ်အကြား မြန်နှုန်းမြင့် ရထားလမ်း ဖောက်လုပ်ရန် ရုရှားသမ္မတ ဗလာဒီမာပူတင်က ယမန်နေ့တွင် အတည်ပြုခဲ့ကြောင်း ကရင်မလင် ပြောရေးဆိုခွင့်ရှိသူ ဒီမီထရီပက်စကော့ဗ်က ယနေ့ ပြောကြားခဲ့သည်။

၎င်းမြန်နှုန်းမြင့်ရထားလမ်းဖောက်လုပ်ရေးအတွက် အခြေခံပုံစံဒီဇိုင်းကို သဘောတူညီပြီးဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားခဲ့သည်။

ရုရှားနိုင်ငံသည် ရထားပို့ဆောင်ရေးလုပ်ငန်းများနှင့် ပြည်တွင်းခရီးသွားလုပ်ငန်းများကို မြှင့်တင်ရန်အတွက် မြန်နှုန်းမြင့်ရထားလမ်းများ ဖောက်လုပ်ရန် လိုအပ်နေကြောင်း ပူတင်က မှတ်ချက်ပြု ပြောကြားသည်။

၎င်းမြန်နှုန်းမြင့်ရထားလမ်းဖောက်လုပ်ရေးအတွက် ဘဏ္ဍာငွေဆိုင်ရာ ရင်းမြစ်များနှင့် အသုံးပြုမည့် ယန္တရားများ၊ လုပ်ငန်းဆောင်ရွက်မည့် အစီအစဉ်များနှင့် ရင်းနှီးမြှုပ်နှံသူများကို ဆွဲဆောင်ရန်နှင့် ပတ်သက်၍ ကြိုတင်ပြင်ဆင်ထားရေးအတွက် ပူတင်က ညွှန်ကြားခဲ့သည်။

၎င်းမြန်နှုန်းမြင့်ရထားလမ်းဖောက်လုပ်ရေးအတွက် ပြည်ထောင်စုဘတ်ဂျက်မှ ရူဘယ်ဘီလီယံ ၆၀၀ လိုအပ်မည်ဖြစ်ကြောင်း ရုရှားသယ်ယူပို့ဆောင်ရေးဝန်ကြီး Vitaly Savelyev က ပြောကြားခဲ့သည်။

မြန်နှုန်းမြင့်ရထားများအတွက် သီးသန့် အဝေးပြေးလမ်းများ တည်ဆောက်ရန် ၁၉၆၀ ပြည့်လွန်နှစ်များနှောင်းပိုင်းတွင် တာဝန်ရှိသူများက စတင်ခဲ့ခြင်းဖြစ်သည်။ ၁၉၉၂ ခုနှစ်တွင် မော်စကိုနှင့် စိန့်ပီတာစဘတ်ကြားရှိ မြန်နှုန်းမြင့်ရထားလမ်းစီမံကိန်းအတွက် ပူးတွဲစတော့ကုမ္ပဏီတစ်ခုကို တည်ထောင်ခဲ့ပြီး ၂၀၀၀ ပြည့်နှစ်တွင်ရထားလမ်းဖောက်လုပ်မှုပြီးစီးရေး ကနဦးကစီစဉ်ခဲ့သော်လည်း အဆိုပါအစီအစဉ်ကို ၁၉၉၈ ခုနှစ်တွင် ဖျက်သိမ်းခဲ့သည်။

**ကိုးကား–ဆင်ဟွာ**

**ဘာသာပြန်–စိုးသူရ**

# ဂါဇာကမ်းမြောင်ဒေသတွင် ပါလက်စတိုင်းသေဆုံးသူ ၂၈၇၇၅ ဦး ရှိလာ

**ဂါဇာ ဖေဖော်ဝါရီ ၁၆**

ဂါဇာကမ်းမြောင်ဒေသတွင် အစ္စရေး၏ တိုက်ခိုက်မှုများကြောင့် ဖေဖော်ဝါရီ ၁၆ ရက်အထိ ပါလက်စတိုင်းသေဆုံးသူဦးရေမှာ ၂၈၇၇၅ ဦးအထိ ရှိလာပြီး ဒဏ်ရာရရှိသူ ၆၈၅၅၂ ဦးရှိကြောင်း ဟားမတ်စ်အဖွဲ့၏ ကျန်းမာရေးဝန်ကြီးဌာနက ဖေဖော်ဝါရီ ၁၆ ရက်တွင် ပြောကြားခဲ့သည်။

အစ္စရေးစစ်တပ်၏ တိုက်ခိုက်မှုကြောင့် လွန်ခဲ့သည့် တစ်ရက်အတွင်း ပါလက်စတိုင်း ၁၁၂ ဦး သေဆုံးပြီး ၁၅၇ ဦး ဒဏ်ရာရရှိခဲ့ကြောင်း အဆိုပါဝန်ကြီးဌာနက သတင်းထုတ်ပြန်ခဲ့သည်။

ထို့ပြင် ဂါဇာကမ်းမြောင်ဒေသ၏ တောင်ဘက်စွန်းရှိ ရာဖာဒေသ၌ အစ္စရေး၏ လေကြောင်း တိုက်ခိုက်မှုကြောင့် အနည်းဆုံး ပါလက်စတိုင်း ၁၁ ဦး သေဆုံးခဲ့ကြောင်း ပါလက်စတိုင်း ဆေးဘက်ဆိုင်ရာ သတင်းရင်းမြစ်များက ဆင်ဟွာသတင်းဌာနသို့ ပြောကြားခဲ့သည်။

အစ္စရေး၏ လေကြောင်း တိုက်ခိုက်မှုဖြစ်ပွားနေစဉ် အတောအတွင်း ဂါဇာကမ်းမြောင်တောင်ဘက်ရှိ Nasser ဆေးရုံတွင် အောက်ဆီဂျင်ပြတ်တောက်မှုနှင့် ဓာတ်အားပြတ်တောက်မှုကြောင့် ပါလက်စတိုင်း လူနာလေးဦး သေဆုံးခဲ့ကြောင်း ယင်းဝန်ကြီးဌာနက ကြေညာခဲ့သည်။

**ကိုးကား–ဆင်ဟွာ၊ ဘာသာပြန်–အလင်းသစ်**





# ဂျပန်နိုင်ငံ၌ လျှော့ဈေးဒဏ်သင့် အီရှီကာဝါစီရင်စုမှ လက်မှုပစ္စည်းများကို ပြပွဲပြုလုပ်၍ ခင်းကျင်းရောင်းချခဲ့

**တိုကျို ဖေဖော်ဝါရီ ၁၆**

ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ငလျင်ဒဏ်သင့် အီရှီကာဝါစီရင်စုမှ လက်မှုပစ္စည်း များကို ပြပွဲပြုလုပ်၍ ခင်းကျင်းရောင်းချခဲ့ရာ လာရောက်ဝယ်ယူသူများပြားကြောင်း အင်န်အိတ်ချ်ကေသတင်း တစ်ရပ်အရ ယနေ့သိရသည်။ ၎င်းလက်မှုပစ္စည်းလာရောက်ရောင်းချသူများထဲမှ လက်မှုပညာရှင်တစ်ဦးမှာ ဝါဂျီမာမြို့မှ ဖြစ်ပြီး ၎င်း၏ဆိုင်မှာ ငလျင်လှုပ်ခတ်စဉ် ထိခိုက်ပျက်စီးခဲ့ကြောင်း သိရသည်။ ၎င်းကဲ့သို့ ငလျင်ဒဏ်သင့် လက်မှုပညာရှင်များမှာ လက်ရှိအချိန်တွင် ခိုလှုံရေးစင်တာများတွင် နေထိုင်နေရဆဲဖြစ်သည်။ ၎င်းပြပွဲတွင် အမှတ်တရအဖြစ် ခင်းကျင်းပြသထားသည့် အချို့သော ပန်းကန်ကွဲများကို ကြည့်ရှုရခြင်းဖြင့် ၎င်းငလျင်သည် ပြင်းအား မည်မျှရှိကြောင်း သိရှိနိုင်သည်ဟု ပြပွဲ လာရောက်သူများက ပြောကြားသည်။ ပြပွဲလာရောက်သူတစ်ဦးက အီရှီကာဝါ စီရင်စုသို့ တိုက်ရိုက်သွားရောက် အကူအညီမပေးနိုင်သဖြင့် ၎င်းဒေသမှ လက်မှုပစ္စည်းများကို ယခုကဲ့သို့ ဝယ်ယူခြင်းဖြစ်ကြောင်း ပြောကြားသည်။ **ကိုးကား–အင်န်အိတ်ချ်ကေ**

**ဘာသာပြန် –စိုးသူရ**

## တပ်မတော်က လက်နက်ကြီးဖြင့် ပစ်ခတ်မှုကြောင့် ဆီဆိုင်မြို့မဈေး မီးလောင်ပျက်စီးခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများကို မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

ရှမ်းပြည်နယ် (တောင်ပိုင်း) ဆီဆိုင်မြို့ရှိ မြို့မဈေးကို ဖေဖော်ဝါရီ ၁၅ ရက်တွင် တပ်မတော်က လက်နက်ကြီးဖြင့် ပစ်ခတ်မှုကြောင့် မီးလောင်ပျက်စီးခဲ့ရကြောင်း သတင်းတု၊ သတင်းအမှားများကို တရားမဝင် ပြည်ဖျက်မီဒီယာ DVB က တပ်မတော်၏ဂုဏ်သိက္ခာကျဆင်းစေရန်အတွက် တစ်ဖက်သတ်စွပ်စွဲရေးသားထားသည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်အမှန်မှာ ဖေဖော်ဝါရီ ၁၅ ရက်က KNDF၊ PNLA၊ PDF အကြမ်းဖက်သမားများသည် ဆီဆိုင်မြို့တွင် နယ်မြေတည်ငြိမ်ရေးနှင့် လုံခြုံရေးဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် PNO ပြည်သူ့စစ်အဖွဲ့များကို လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ပြီး မြို့မဈေးပေါ်သို့လည်း ရည်ရွယ်ချက်ရှိရှိ ပစ်ခတ်ခဲ့သည့်အတွက် မြို့မဈေး မီးလောင်ပျက်စီးခဲ့ရကြောင်းနှင့် ယခင်ကလည်း လွိုင်ကော်မြို့ရှိ မြို့မဈေးကို KNDF အဖွဲ့နှင့် PDF အကြမ်းဖက်သမားများက




ထိုသို့ ဆောင်ရွက်ခဲ့ခြင်းကြောင့် လွိုင်ကော်မြို့မဈေး မီးလောင်ပျက်စီးခဲ့ရကြောင်း တာဝန်ရှိသူများ၏ ပြောကြားချက်အရ သိရသည်။

တရားမဝင် ပြည်ဖျက်မီဒီယာများအနေဖြင့် နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် နယ်မြေလုံခြုံရေး ဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို ဒေသခံပြည်သူများ အထင်အမြင်လွဲမှားစေရန်အတွက် ဖြစ်စဉ်ဖြစ်ရပ်များကို အခြေခံ၍ သတင်းအမှားများကို ရည်ရွယ်ချက်ရှိရှိ ဝါဒဖြန့်ရေးသားနေခြင်းသာဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## စစ်မှုထမ်းနိုင်သည့် တစ်နိုင်ငံလုံးလူငယ်စာရင်းကို တပ်မတော်က အရေးပေါ် တောင်းခံနေပြီး လူငယ်များကို ထွက်မပြေးရန် လက်မှတ်ထိုးဝန်ခံကတိပြုခိုင်းနေကြောင်း သတင်းတု၊ သတင်းအမှားများကို မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

ရန်ကုန်၊ မန္တလေး အပါအဝင် တစ်နိုင်ငံလုံးမှ လက်ရှိချက်ချင်း စစ်မှုထမ်းရန် ဆင့်ခေါ်နိုင်သော လူဦးရေ ကျား၊ မ စာရင်းကို အမြန်ဆုံး ကောက်ယူခိုင်းထားကြောင်း၊ ပြည်နယ်/တိုင်းဒေသကြီးများရှိ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့များက စစ်မှုထမ်းရန် အကျုံးဝင်သော လူငယ်များကို ရှောင်တိမ်းခြင်းမရှိစေရန်အတွက် မိဘ၊ ဆွေမျိုး၊ မောင်နှမများကို ထောင်ဒဏ် သုံးနှစ်မှ ငါးနှစ်အထိ ချမှတ်နိုင်ကြောင်း ဝန်ခံကတိပြုလက်မှတ်များ ရေးထိုးခိုင်းနေ




ကြောင်း မဟုတ်မမှန်သတင်းများကို တရားမဝင် ပြည်ဖျက်မီဒီယာ Khit Thit က လုပ်ကြံဝါဒဖြန့် ရေးသားလျက်ရှိသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့တွင်လည်း စစ်မှုထမ်းဥပဒေ ထုတ်ပြန်ပြီး နှစ်ရက်အကြာတွင် လမ်းသွားလမ်းလာလူငယ်များကို လုံခြုံရေးတပ်ဖွဲ့ဝင်များက စစ်ဆေးမှုများပြုလုပ်ပြီး လူငယ် ၅၀ ထက်မနည်း ဖမ်းဆီးခေါ်ဆောင်သွားကြောင်း စသည့် ပြည်သူများ ကြောက်ရွံ့ထိတ်လန့်စေမည့် လုပ်ကြံရေးသားထားသည့် ကောလာဟလ သတင်းအမှားများကို တရားမဝင် ပြည်ဖျက်မီဒီယာများက ရည်ရွယ်ချက်ရှိရှိ ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

ထိုသို့ တရားမဝင် ပြည်ဖျက်မီဒီယာများသည် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အုပ်ချုပ်ရေးအဖွဲ့အစည်းများက စစ်မှုထမ်းရန် ပေါ်တာဆွဲခြင်း၊ လမ်းသွားလမ်းလာများကို ဖမ်းဆီးခြင်း စသည့် ကောလာဟလ သတင်းအမှားများကို ဖြန့်ဝေ၍ အကြမ်းဖက်အဖွဲ့အစည်းများသို့ လူငယ်လူရွယ်များက ပိုမိုဝင်ရောက်လာစေရေးအတွက် စည်းရုံးသိမ်းသွင်း လုပ်ဆောင်နေမှုများကို မိဘပြည်သူများနှင့် လူငယ်လူရွယ်များသိရှိနားလည်စေရန်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ကလည်း နိုင်ငံပိုင်သတင်းမီဒီယာများမှတစ်ဆင့် ထုတ်ပြန်ကြေညာလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃(က) နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

**အမှုဖွင့်လှစ်အရေးယူ**

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “So Good-Foods & Bubble Tea” Facebook Page ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံမြို့သစ်နေ ဖြိုးဖြိုးသန့်အား မွန်းလွဲ ၂ နာရီ ၁၀ မိနစ်တွင် လည်းကောင်း၊ “Kyaw Than Hlaing”အကောင့်ပိုင်ရှင်ဖြစ်သူ မွန်ပြည်နယ် မြဝတီမြို့နယ် အမှတ်(၄) ရပ်ကွက်နေ ကျော်သန်းလှိုင်အား ညနေ ၆ နာရီ မိနစ် ၄၀ တွင် လည်းကောင်း၊ “Zin May Phoo”Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် အမှတ် (၁၄)ရပ်ကွက်နေ ဇင်မေဖူးအား ည ၇ နာရီ ၁၅ မိနစ်တွင် လည်းကောင်း သက်ဆိုင်ရာရဲစခန်းများ၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၇-၂-၂၀၂၄ စနေနေ့

### MRTV HD

| | |
|---|---|
| ၀၆:၀၀ | နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်နှင့်အဖွဲ့၏မေတ္တာသုတ်၊ ရတနာသုတ်၊ ဓမ္မစကြာသုတ်၊ အနတ္တလက္ခဏသုတ်ပရိတ်တရားတော် |
| ၀၇:၀၀ | နံနက်ခင်းသတင်း |
| ၀၈:၃၅ | လူမမြင်နတ်ထုသည့်...ကျွန်း |
| ၁၀:၀၀ | သတင်းထဲကသတင်း |
| ၁၀:၃၀ | လူငယ်ရေးရာအစီအစဉ် |
| ၁၁:၃၅ | စားမြိန်ဖွယ်ရာ ပျို့မေ့လက်ရာ 'ရှမ်းရိုးရာအစားအစာ ငါးပေါင်း' |
| ၁၂:၃၅ | မြန်မာဇာတ်လမ်းတွဲ 'အုံ့ဘွယ်ချစ်ပုံပြင်' (အပိုင်း-၁၄) |
| ၁၃:၃၀ | MRTV National News |
| ၁၄:၃၀ | ရုပ်မြင်သံကြားဇာတ်လမ်း |
| ၁၆:၃၅ | ပုံပြင်ကမ္ဘာအစီအစဉ် 'ကံကောင်းခြင်းလက်ဆောင်' |
| ၁၆:၄၅ | ရှုဖွယ်စုံလင်အာဆီယံအစီအစဉ် |
| ၁၇:၁၀ | အိမ်နောက်ဖေးဈေးဆိုင်တည် |
| ၁၇:၃၅ | ဝန်းကျင်သဘာဝလှပဖို့ Clean and Green ကျောင်းများဖန်တီးစို့ |
| ၁၈:၀၀ | ပြည်တွင်းသတင်း |
| ၁၈:၃၅ | သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ |
| ၁၉:၁၀ | မှန်တိုင်းကိုဆန်ပျံသန်းကြသူများရဲ့ရာဇဝင် (အပိုင်း-၁) |
| ၂၀:၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ |
| ၂၁:၀၀ | မှန်တိုင်းကိုဆန်ပျံသန်းကြသူများရဲ့ရာဇဝင် (အပိုင်း-၂) |
| ၂၁:၃၅ | ဟာသမြို့တော် (ရယ်စရာစင်တင်ဟာသတစ်ခန်းရပ်) 'လောကဝံ့ယတြာ' |
| ၂၂:၁၀ | မြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(၇၀)နှစ်မြောက်နှစ်ပတ်လည်နေ့ ဂုဏ်ပြုအငြိမ့် 'အဥ္စလီအငြိမ့်' |

### mitv

| | |
|---|---|
| 07:01 | Evergreen Classic:Zeyatu Sabba Mingalan (TakkathoLaeLae) |
| 07:10 | Weekly Review |
| 07:27 | We'll Leave After 12 Passengers Are On Board |
| 07:43 | Myanmar Family Life: Myanmar Snacks |
| 08:01 | News |
| 08:27 | Styles of Mro & Thet |
| 08:34 | Quiz Time (Ep-59) |
| 08:48 | A Traditional Snack in NgweSaung (ThaYat Taw Htoe Mont) |
| 10:01 | News |
| 10:26 | Children's Delight |
| 10:42 | The Art of Taxidermy: U Myo Naing |

### MRTV NRC

**ရခိုင် (၀၆:၀၀ မှ ၀၈:၀၀)**
ပင်မြင့်သဇင်ပန်းတော်ဝင်

**ရှမ်း (၀၈:၀၀ မှ ၁၀:၀၀)**
ရှမ်းဘာသာစကားပြောကြရအောင် (အပိုင်း-၉)

**ဝ (၁၀:၀၀ မှ ၁၂:၀၀)**
'ဝ' ရိုးရာဝက်သားဆန်ပြုတ်ချက်နည်း

**ကချင် (၁၂:၀၀ မှ ၁၄:၀၀)**
ဒေသထွက်ကုန်ပြခန်း

**ကယား (၁၄:၀၀ မှ ၁၆:၀၀)**
ကယားဘာသာစကားပြောကြရအောင် (အပိုင်း-၁)

**စကောကရင် (၁၆:၀၀ မှ ၁၇:၀၀)**
ပဲခူးမြို့ဟင်္သာကုန်းစေတီသို့အလည်တစ်ခေါက်

**အနောက်ပိုးကရင် (၁၇:၀၀ မှ ၁၈:၀၀)**
ကျန်းမာရေးအတွက်အာလူးရဲ့ကောင်းကျိုးများ

**အရှေ့ပိုးကရင် (၁၈:၀၀ မှ ၁၉:၀၀)**
ရှေးဟောင်းသမိုင်းဝင်ဆဒ္ဒန်ဂူနှင့်ဆဒ္ဒန်အိုင်

**ချင်း (လိုင်ဇို) (၁၉:၀၀ မှ ၂၀:၀၀)**
ချင်းတောင်တွင် စီးပွားဖြစ်လာသည့်စတော်ဘယ်ရီစိုက်ပျိုးရေး

**ချင်း (ချို) (၂၀:၀၀ မှ ၂၁:၀၀)**
နွားနောက်သားဆန်ပြုတ်

**မွန် (၂၁:၀၀ မှ ၂၃:၀၀)**
လုံခြုံနွေးထွေးအရိပ်ပေးမွန်တို့ရိုးရာအိမ်ကလေး

### MRTV NEWS

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ တေးသီချင်း |
| ၀၆:၄၀ | အားကစားသတင်း |
| ၀၈:၄၅ | ရွှေသို့ချိမည်ပန်းတိုင်ဆီ |
| ၀၉:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၀၉:၄၅ | လူငယ်တို့အတွက်လမ်းပြကြယ် |
| ၁၁:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၁၃:၁၅ | Bird's Eye View |
| ၁၄:၀၀ | MRTV National News |
| ၁၆:၀၀ | သတင်းမှန်ကဏ္ဍ (LIVE) |
| ၁၉:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၂၀:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၂၀:၃၀ | နိုင်ငံတကာသတင်း (LIVE) |
| ၂၁:၀၀ | ပြည်တွင်းသတင်း (LIVE) |

### MRTV PARLIAMENT

| | |
|---|---|
| ၀၉:၀၀ | အဖွင့်၊ အလံ |
| ၀၉:၃၀ | ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'ပြည်သူ့ဝန်ထမ်း' |
| ၁၀:၀၀ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ |
| ၁၀:၃၀ | တရားရုံးကဦးဆောင်သည့်စေ့စပ်ဖြေရှင်းရေးစနစ် |
| ၁၁:၀၀ | နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (အာဖရိကနိုင်ငံ) (အပိုင်း-၁) |
| ၁၁:၃၀ | ရွှေသို့ချိမည်...ပန်းတိုင်ဆီ (အပိုင်း-၂၄) |

### MRTV FARMERS' / Hi TV Channel

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက် |
| ၀၆:၁၅ | ကုန်ကြမ်းမှသည်ကုန်ချောဆီသို့ |
| ၀၇:၀၀ | တောင်သူလယ်သမားရေးရာသတင်းနှင့် မိုးလေဝသ |
| ၁၈:၀၀ | ၃၉ ဗိုက်မှု (အပိုင်း-၂)(ဇာတ်လမ်း) |
| ၁၉:၃၀ | Weymiller Family Farm |
| ၂၂:၀၀ | Asteroid-City-2023 (နိုင်ငံခြားဇာတ်လမ်း) |
| ၂၃:၀၀ | A Pen Full of Trouble |

### MRTV SPORTS / Hi TV Sports

| | |
|---|---|
| ၀၆:၀၀ | အဖွင့် |
| ၀၆:၂၀ | လူငယ်တို့အတွက်လမ်းပြကြယ် |
| ၀၆:၄၀ | Sports Diary |
| ၁၆:၃၀ | MNL 2022 Match (Replay) |
| ၁၈:၀၀ | အားကစားသတင်း |
| ၁၉:၄၅ | Soccer View |

MRTV Application

Android iOS Huawei

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

https://mrtv.gov.mm

# နိုင်ငံတော်ကာကွယ်ရေးတာဝန်များ ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိရာမှ ဆေးရုံ၊ ဆေးခန်းများတွင် တက်ရောက်ကုသ၍ ပြန်လည်ကောင်းမွန်လာသည့် တပ်မတော်သား အရာရှိ၊ စစ်သည်များ ချောင်းသာကမ်းခြေသို့ အပန်းဖြေခရီးသွားရောက်



**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

နိုင်ငံတော်ကာကွယ်ရေး တာဝန်ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိရာမှ ဆေးရုံ၊ ဆေးခန်းများတွင် တက်ရောက်ကုသ၍ ပြန်လည်ကောင်းမွန်လာသည့် တပ်မတော်သား အရာရှိ၊ စစ်သည်များအား အနားယူအပန်းဖြေခရီးစဉ်အဖြစ် ဧရာဝတီတိုင်းဒေသကြီး ချောင်းသာကမ်းခြေသို့ ရန်ကုန်တိုင်းဒေသကြီးမှ တစ်ဆင့် မော်တော်ယာဉ်များဖြင့် ယနေ့နံနက်ပိုင်းတွင် ပို့ဆောင်ပေးရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့် တာဝန်ရှိသူများက ရင်းရင်းနှီးနှီး ပို့ဆောင်နှုတ်ဆက်ကြသည်။

**ကြည့်ရှုလေ့လာ**

အဆိုပါအဖွဲ့သည် မွန်းလွဲပိုင်းတွင် ပုသိမ်မြို့သို့ရောက်ရှိကြပြီး ရွှေမုဋ္ဌောစေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကြသည်။ ယင်းနောက် မြတ်ကျောင်းတော် မြန်မာ့ရိုးရာပုသိမ်ထီးလုပ်ငန်းကို သွားရောက်ကြည့်ရှုလေ့လာကြသည်။ ညနေပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ချောင်းသာကမ်းခြေသို့ ရောက်ရှိကြရာ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ဝေလင်းနှင့် တာဝန်ရှိသူများက ရင်းနှီးနွေးထွေးစွာ ကြိုဆိုကြသည်။

ထို့နောက် တိုင်းမှူးက ချောင်းသာအပန်းဖြေ ဧည့်ရိပ်သာ၌ အမှာစကားပြောကြားပြီး ဒေသထွက် စားသောက်ဖွယ်ရာများဖြင့် တည်ခင်းဧည့်ခံ၍ လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ပုသိမ်မြို့နှင့် တောင်သာမြို့တို့၌ ပြည်သူ့စစ်မှုထမ်းဥပဒေအား ကြိုဆိုထောက်ခံပွဲ ပြုလုပ်

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

၂၀၁၀ ပြည့်နှစ်တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ်၊ ၂၇/၂၀၁၀ ဖြင့် ပြဋ္ဌာန်းခဲ့သော ပြည်သူ့စစ်မှုထမ်းဥပဒေအား ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်မှ စတင်၍ အာဏာတည်ကြောင်း ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က လက်မှတ်ရေးထိုးထုတ်ပြန်ခဲ့ပြီးဖြစ်သည်။



အဆိုပါ ပြည်သူ့စစ်မှုထမ်းဥပဒေအား ကြိုဆိုထောက်ခံပွဲများကို ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ကမ်းနားလမ်း ရှုခင်းသာရင်ပြင်၌လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး တောင်သာမြို့ မြို့နယ်အားကစားကွင်း၌လည်းကောင်း ပြုလုပ်ကြသည်။

ဦးစွာ သက်ဆိုင်ရာမြို့နယ်များမှ ဒေသခံတိုင်းရင်းသား မျိုးချစ်ပြည်သူများက သတ်မှတ်နေရာများ၌ စုဝေးကြပြီး ကျင်းပမည့်နေရာအသီးသီးသို့ ချီတက်ထောက်ခံကြသည်။ ချီတက်ရာလမ်းတစ်လျှောက်တွင် ဒေသခံမျိုးချစ်ပြည်သူများက “ဒို့တာဝန် အရေးသုံးပါးကို ထိန်းသိမ်းစောင့်ရှောက်ရန်အတွက် စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်ရန် နိုင်ငံသားတိုင်းတွင် တာဝန်ရှိသည်၊ ပြည်သူ့စစ်မှုထမ်းဥပဒေကို အပြည့်အဝထောက်ခံကြိုဆိုပါသည်။ နိုင်ငံတော်ကိုကာကွယ်ဖို့ တစ်မျိုးသားလုံး စစ်မှုထမ်းဆောင်ကြပါစို့၊ နိုင်ငံတော်ကို ပြည်တွင်း/ ပြည်ပ အန္တရာယ်များက ကာကွယ်ဖို့ စစ်မှုထမ်းဆောင်ကြပါစို့၊ နိုင်ငံတော်၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးတို့ကို ကာကွယ်စောင့်ရှောက်ရေးသည် နိုင်ငံသားတိုင်း၏တာဝန်ဖြစ်သည်” စသည့် ကြွေးကြော်သံများကို သံပြိုင်ကြွေးကြော်ခဲ့ကြပြီး သတ်မှတ်နေရာအသီးသီးတွင် ပြည်သူ့စစ်မှုထမ်းဥပဒေအား ကြိုဆိုထောက်ခံပါသည်ဟု တစ်ခဲနက်ဆန္ဒထုတ်ဖော်ပြောခဲ့ကာ ကြိုဆိုထောက်ခံပွဲကို အောင်မြင်စွာ ရုပ်သိမ်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## လပွတ္တာမြို့နယ်တွင် အဝေးပြေးယာဉ်ရပ်နားစခန်းဖွင့်

**လပွတ္တာ ဖေဖော်ဝါရီ ၁၆**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ် (၃) မိုင်မြို့ အမှတ် (၁) ရပ်ကွက် လပွတ္တာ - မြောင်းမြကားလမ်းဘေးရှိ သဇင်လမ်း၌ အဝေးပြေးယာဉ်ရပ်နားစခန်းဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၅ ရက် နံနက် ၉ နာရီက အဆိုပါကားဝင်းအတွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် လပွတ္တာခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦး၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် (၁) ဒုတိယဗိုလ်မှူးကြီးဝင်းမင်းဦး၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့အတွင်းရေးမှူး ဒုရဲမှူးကြီးဟန်ဝင်းမောင်နှင့် မြို့မိမြို့ဖများက အဝေးပြေးယာဉ်ရပ်နားစခန်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ယာဉ်ရပ်နားစခန်းဆိုင်းဘုတ်ကို အမွှေးနံ့သာရည်များ ပက်ဖျန်းခဲ့သည်။ ထို့နောက် အဝေးပြေးယာဉ်ရပ်နားစခန်းအား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ယာဉ်ရပ်နားစခန်းသည် ၄ ဒသမ ၄၅ ဧကကျယ်ဝန်း၍ အခန်းပေါင်း ၂၄ခန်းရှိပြီး ခရီးသည်တင်မော်တော်ယာဉ်လိုင်း ၂၄ ဂိတ်နှင့် ကုန်တင်ယာဉ် ငါးဂိတ်ဖွင့်လှစ်ထားကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## မြို့ပြ Census Unit များတွင် အဆောက်အအုံတင်ခြင်းလုပ်ငန်းနှင့် Biometric ကောက်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်



**မိတ္ထီလာ ဖေဖော်ဝါရီ ၁၆**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်တွင် ပြည်လုံးကျွတ်လူဦးရေ နှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူနိုင်ရေးအတွက် ယနေ့နံနက်ပိုင်းက မြို့ပြ Census Unit များတွင် အဆောက်အအုံတင်ခြင်းလုပ်ငန်းနှင့် Biometric ကောက်ယူခြင်းလုပ်ငန်းများကို တာဝန်ရှိသူများက ကြည့်ရှုအားပေးသည်။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မိတ္ထီလာမြို့နယ်ရုံးမှ မြို့နယ်ဦးစီးမှူး ဦးဌေးဝင်း ဦးဆောင်မှုနှင့်အတူ ဝန်ထမ်းများက ပြည်လုံးကျွတ်လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူနိုင်ရေးအတွက် မြို့ပေါ်ရပ်ကွက်အတွင်းရှိ ကျီးတော်ကုန်းရပ်ကွက် နယ်မြေ(၈) CU-007၊ အောင်ဇေယျာရပ်ကွက် နယ်မြေ (၁၂) CU-008၊ သီရိမင်္ဂလာရပ်ကွက် နယ်မြေ (၉) CU-002 တို့တွင် အဆောက်အအုံတင်ခြင်းလုပ်ငန်းနှင့် ဝန်ဇင်းရပ်ကွက်ရှိ ဓမ္မာရုံတွင် ဇီဝဆိုင်ရာ အချက်အလက် (Biometric) ကောက်ယူခြင်းလုပ်ငန်းများကို မြေပြင်ကွင်းဆင်းဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ဆောင်ရွက်ရာတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်ဇော်ဦးနှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ်အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များ၊ စက်ရုံနှင့် အလုပ်ရုံများ မီးဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် ကာကွယ်ရေးဆောင်ရွက်ထားရှိမှုများကို ဖေဖော်ဝါရီ ၁၄ ရက် နံနက် ၉ နာရီတွင် REGENCY စက်သုံးဆီဆိုင်၌ သရုပ်ပြခြင်းနှင့် ကွင်းဆင်းစစ်ဆေးခြင်းများ ပြုလုပ်စဉ်။

ဝေဝေ(မြောင်းမြ)





**ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ**

# ကျိုင်းတုံမြို့ရှိ ကျိုင်းတုံတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမအဆောက်အအုံသစ် ဖွင့်ပွဲပြုလုပ်



နေပြည်တော် ဖေဖော်ဝါရီ ၁၆

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ ကျိုင်းတုံတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ အဆောက်အအုံသစ်ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါ တက္ကသိုလ်ရှိ ဘွဲ့နှင်းသဘင်ခန်းမ အဆောက်အအုံ၌ ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် အောင်ခိုင်ဝင်းနှင့် အဖွဲ့ဝင်များ၊ ကျိုင်းတုံ တက္ကသိုလ်ပါမောက္ခချုပ်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ဦးစွာ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဘွဲ့နှင်းသဘင်ခန်းမ အဆောက်အအုံသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကမ္ပည်းမော်ကွန်းတိုင်အား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြကာ ဘွဲ့နှင်းသဘင်ခန်းမအဆောက်အအုံသစ်၌ ခင်းကျင်းပြသထားသည့် ပြခန်းများအား လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် တိုင်းမှူးက အဖွင့်အမှာစကားပြောကြားပြီး ကျိုင်းတုံတက္ကသိုလ်ပါမောက္ခချုပ်က ကျေးဇူးတင်စကားပြောကြားကာ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက အဆို၊ အကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။ ယင်းနောက် တိုင်းမှူးက အလှူငွေများပေးအပ်လှူဒါန်းရာ ကျိုင်းတုံတက္ကသိုလ်ပါမောက္ခချုပ်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ ၎င်းနောက် ဘွဲ့နှင်းသဘင်ခန်းမ အဆောက်အအုံသစ်ဖွင့်ပွဲ ဖြစ်မြောက်ရေးအတွက် အလှူငွေများလှူဒါန်းထားသည့် အလှူရှင်များအား တိုင်းမှူးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# လားရှိုးမြို့၌ သူနာပြု-သားဖွား ဒီပလိုမာ သုံးနှစ်သင်တန်း မောင်မယ်သစ်လွင်ကြိုဆိုပွဲ ကျင်းပ

လားရှိုး ဖေဖော်ဝါရီ ၁၆

လားရှိုးမြို့ သူနာပြုနှင့်သားဖွားသင်တန်းကျောင်း၏ အပတ်စဉ် (၃၂) သူနာပြု-သားဖွား ဒီပလိုမာ သုံးနှစ်သင်တန်း မောင်မယ်သစ်လွင်ကြိုဆိုပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက လားရှိုးမြို့ သူနာပြုသင်တန်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် လားရှိုး သူနာပြုနှင့် သားဖွားသင်တန်းကျောင်း စီမံခန့်ခွဲရေးအဖွဲ့ ဥက္ကဋ္ဌ၊ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာထွန်းညွန့်ဦးက အဖွင့်အမှာစကား ပြောကြားပြီး လားရှိုးသူနာပြုနှင့် သားဖွား သင်တန်းကျောင်း ကျောင်းအုပ်ကြီး လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဟေမာစိုးဝင်းက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။



ဖျော်ဖြေတင်ဆက်

ထို့နောက် သစ်လွင် ပထမနှစ် သူနာပြု-သားဖွားဒီပလိုမာသုံးနှစ် သင်တန်းသား သင်တန်းသူများ ကိုယ်စား သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကားပြောကြားပြီး သင်တန်းသား သင်တန်းသူများက ရိုးရာအကအလှများဖြင့် ဖျော်ဖြေ တင်ဆက်ခဲ့ကြကြောင်း သိရသည်။

စိုင်းထွန်း (လားရှိုး)

# ကွန်ပျူတာတက္ကသိုလ်(သထုံ)၌ ကျောင်းတွင်းထမနဲထိုးပြိုင်ပွဲ ကျင်းပ



သထုံ ဖေဖော်ဝါရီ ၁၆

မွန်ပြည်နယ် သထုံမြို့နယ် ဂေါ့ကျေးရွာရှိ ကွန်ပျူတာတက္ကသိုလ်(သထုံ)၏ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ကျောင်းတွင်း ထမနဲထိုးပြိုင်ပွဲကို ယနေ့နံနက် ၁၁ နာရီမှစတင်ကာ အဆိုပါကျောင်းဝင်းအတွင်း၌ ကျင်းပသည်။

ပြိုင်ပွဲကျင်းပရာတွင် ကွန်ပျူတာတက္ကသိုလ်(သထုံ) ဒုတိယပါမောက္ခချုပ်ဒေါက်တာဝင့်သီတာဇော်နှင့် ပါမောက္ခ/ ဌာနမှူးများ ပါဝင်သော အကဲဖြတ်အဖွဲ့က ပြိုင်ပွဲ ကျင်းပပေးရသည့် ရည်ရွယ်ချက်နှင့် ပြိုင်ပွဲစည်းကမ်းများကို ရှင်းလင်းပြီး ပြိုင်ပွဲကို စတင်ပေးရာ ကွန်ပျူတာတက္ကသိုလ်(သထုံ)မှ ကျောင်းသား ကျောင်းသူများက သင်တန်း နှစ်အလိုက် တပျော်တပါး ယှဉ်ပြိုင်ခဲ့ကြသည်။

ယင်းနောက် အကဲဖြတ်အဖွဲ့ဝင်များက အကောင်းဆုံး ယှဉ်ပြိုင်နိုင်ခဲ့ကြသည့် အသင်းတို့အား ဆုများချီးမြှင့်ပေးခဲ့ကြသည်။

အဆိုပါပြိုင်ပွဲတွင် ကွန်ပျူတာတက္ကသိုလ်(သထုံ)မှ ပထမနှစ် နှစ်သင်း၊ ဒုတိယနှစ် နှစ်သင်း၊ တတိယနှစ်တစ်သင်း၊ စတုတ္ထနှစ်တစ်သင်းနှင့် ပဉ္စမနှစ်တစ်သင်း စုစုပေါင်း အသင်းခုနစ်သင်းတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၇-၂-၂၀၂၄

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၇၇၀ | ၂၈၁၅ | ၂၈၁၀ | ၂၇၇၅ | ၂၈၁၅ | ၂၈၄၀ | ၂၈၂၅ | ၂၈၀၀ | ၂၉၀၀ | ၂၉၁၅ | ၂၈၀၅ | ၂၈၁၅ | ၂၈၅၅ | ၂၈၅၅ | ၂၈၅၅ | ၃၀၈၅ | ၃၁၅၀ |
| 95 Ron | ၂၈၇၅ | ၂၉၂၅ | ၂၉၂၅ | ၂၈၈၅ | ၂၉၂၅ | ၂၉၄၅ | ၂၉၃၀ | ၂၉၁၀ | ၃၀၁၀ | ၃၀၂၅ | ၂၉၁၅ | ၂၉၃၅ | ၂၉၆၀ | ၂၉၆၀ | ၂၉၆၅ | ၃၁၉၅ | ၃၂၅၀ |
| HSD (500 ppm) | ၂၅၉၅ | ၂၆၄၅ | ၂၆၄၀ | ၂၆၀၅ | ၂၆၄၀ | ၂၆၆၅ | ၂၆၆၀ | ၂၆၃၀ | ၂၇၅၀ | ၂၇၄၅ | ၂၆၃၅ | ၂၆၄၅ | ၂၆၈၀ | ၂၆၈၀ | ၂၆၈၅ | ၂၉၁၅ | ၃၅၄၀ |
| HSD (50 ppm) | ၂၆၄၀ | ၂၆၉၀ | ၂၆၉၀ | ၂၆၅၀ | ၂၆၉၀ | ၂၇၁၅ | ၂၇၁၀ | ၂၆၇၅ | ၂၇၉၅ | ၂၇၉၀ | ၂၆၈၀ | ၂၆၉၅ | ၂၇၂၅ | ၂၇၃၀ | ၂၇၃၀ | ၂၉၆၀ | ၃၅၉၅ |
| HSD (10 ppm) | ၂၆၅၅ | ၂၇၀၅ | ၂၇၀၀ | ၂၆၆၅ | ၂၇၀၀ | ၂၇၂၅ | ၂၇၂၀ | ၂၆၉၀ | ၂၈၁၀ | ၂၈၀၀ | ၂၆၉၅ | ၂၇၀၅ | ၂၇၄၀ | ၂၇၄၀ | ၂၇၄၅ | ၂၉၇၀ | ၃၅၉၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၆၄၁ | ၂၇၂၈ |
| 95 Ron | ၂၇၄၆ | ၂၈၃၅ |
| HSD (500 ppm) | ၂၄၇၄ | ၂၅၅၃ |
| HSD (50 ppm) | ၂၅၁၉ | ၂၅၉၉ |
| HSD (10 ppm) | ၂၅၃၂ | ၂၆၁၂ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**



# ပဒေသာကပွဲနှင့် တိုင်းရင်းသားရိုးရာ အစားအစာရောင်းချပွဲ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၆

(၇၇) နှစ်မြောက်ပြည်ထောင်စုနေ့အထိမ်းအမှတ် ပဒေသာကပွဲနှင့် တိုင်းရင်းသားရိုးရာ အစားအစာရောင်းချပွဲကို ဖေဖော်ဝါရီ ၁၄ ရက်က ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ်ရှိ အမျိုးသားစီမံခန့်ခွဲမှုပညာ ဒီဂရီကောလိပ်၌ကျင်းပရာ အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ် ကျောင်းအုပ်ကြီး ဒေါက်တာနီလာမြင့်ထူးနှင့် ပါမောက္ခ (ဌာနမှူး) များက ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့ကြသည်။

ထို့နောက် စာစီစာကုံးပြိုင်ပွဲ၊ အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲနှင့် သင်္ချာစွမ်းရည်ပြိုင်ပွဲတို့တွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိခဲ့ကြသူများအား ကျောင်းအုပ်ကြီးက ဆုများချီးမြှင့်ခဲ့ပြီး အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ်ရှိ စီးပွားရေးလုပ်ငန်းသုံး စီမံခန့်ခွဲမှုပညာဘာသာရပ်၊ လုပ်ငန်းခွင်သုံး အင်္ဂလိပ်စာဘာသာရပ်၊ သတင်းအတတ်ပညာဘာသာရပ်၊ ခရီးသွားလုပ်ငန်းနှင့် ဧည့်ဝန်ဆောင်မှု စီမံခန့်ခွဲမှုပညာဘာသာရပ်နှင့် စီးပွားရေးနှင့်ဘဏ္ဍာရေးဘာသာရပ်တို့မှ ကျောင်းသား ကျောင်းသူများက တိုင်းရင်းသားရိုးရာ အကအလှများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြသည်။ ထို့နောက် တိုင်းရင်းသားရိုးရာ အစားအစာရောင်းချပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။ (NMDC)

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် ဝတ္ထုတိုကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ သိပ္ပံမောင်ဝ၏ ဝတ္ထုတိုကို အလျဉ်းသင့်သလို ဖော်ပြပေးသွားမည်ဖြစ်ပါသည်။

# ပန်းသည်

သိပ္ပံမောင်ဝ

မြန်မာပြည်တွင် ဘုရားများစွာရှိ၏။ ထိုဘုရားများစွာတို့တွင် ပန်းသည်တို့လည်း များစွာရှိလေသည်။ ထိုများလှစွာသော ပန်းသည်တို့အနက် ရွှေတိဂုံစေတီတော် အနောက်စောင်းတန်းတွင် ပန်းရောင်းနေသော ပန်းသည်တစ်ယောက်၏အကြောင်းကို ရေးသားလိုရင်းဖြစ်လေသည်။ သူ၏အမည်ရင်းကို မဖော်ပြလိုပြီ။ မှတ်သားရလွယ်ကူစေရန်အတွက် သူ့အား မသိန်းဟု ခေါ်ကြပါစို့။

မသိန်းသည် ပန်းသည်တို့အနက် အတော်ပင် ယဉ်စစရှိ၏။ အပြောလည်း ကောင်း၊ သဘောလည်း ကောင်း၊ အပြုအပြင်လည်း ကောင်း၊ သူ့မှာအကောင်းချည်း စုနေလေတော့သည်။ သို့ဖြစ်သောကြောင့် တက္ကသိုလ်ကျောင်းသားများ သူ့ဆိုင်မှာချည်း ပန်းဝယ်ကြလေသည်။

စနေ၊ တနင်္ဂနွေနေ့များတွင် မသိန်းပန်းဆိုင်၌ တက္ကသိုလ်ကျောင်းသားများမစဲ တသဲသဲနေတော့၏။ ထိုနေ့များတွင် မသိန်းအလုပ်ရှုပ်လှ၏။ ပန်းကိုလည်း ပို၍ရောင်းရ၏။ စေတီတော်မြတ်ကြီးတွင်လည်း ခါတိုင်းထက်ပိုမို၍ ပန်းများဖြင့် ပူဇော်ခြင်းကို ခံရလေသည်။ တက္ကသိုလ်ကျောင်းသားတို့သည် မသိန်း၏ဆိုင်တွင် ပန်းဝယ်ရုံမျှမကသေး၊ ထိုင်ကာစကားပြောနေကြသေး၏။ မသိန်း၏ဆိုင်တွင်နေ၍ လက်ဖက်ရည်ကို မှာ၍သောက်ကြသေး၏။ ကွမ်းယာများကို ဝယ်၍စားကြသေး၏။ ပြီးမှသာလျှင် ဘုရားကိုယ်တော်မြတ်ကြီး ထံတော်ပါးသို့ ဖူးမြော်ရန် သွားကြလေသည်။ ပန်းဖိုးပိုက်ဆံကို မပေးခဲ့ကြသေး၊ အပြန်တွင် စကားဝင်၍ ပြောရန်ဖြစ်လေသည်။

ဘုရားကိုမှ ဝအောင်ဖူးမြော်ခြင်းမပြုကြဘဲ ဩကာသနှင့်ပင် အဆုံးသတ်ကာ ဆင်း၍လာကြလေသည်။ မသိန်း၏ ဆိုင်သို့ရောက်မှ ထိုင်ကာ အားရပါးရ စကားပြောကြကုန်၏။ ဤသို့ စကားပြောနေကြခိုက်တွင် အခြားတက္ကသိုလ်ကျောင်းသားတစ်သိုက် ဘုရားဖူးရန် တက်လာကြလေသည်။ မသိန်းဆိုင်သို့ ဝင်ကြပြန်၏။ ထိုင်စရာ နေစရာ မရှိသောကြောင့် ခပ်ခက်ခက်ဖြစ်နေကြလေသည်။ သည်တော့မှ လက်ဦးကျောင်းသားတစ်သိုက်မှာ ရွှေစကြာဖြန့်ကြရကုန်၏။ မခွဲချင်၊ ခွဲချင်၊ မသွားချင်၊ သွားချင်နှင့် သွားကြရရှာလေသည်။

ဤသို့လျှင် မသိန်း၏ဆိုင်တွင် နံနက်မှ ညနေတိုင်အောင် ပန်းဝယ်သူများနှင့် ပြည့်နှက်လျက်နေ၏။ မသိန်းမှာလည်း တက္ကသိုလ်ကျောင်းသားအပေါင်းတို့နှင့် ကျင်လည်ရာ သံသရာဝဲဩဃကြီး ဖြစ်လျက်နေလေတော့သည်။ တက္ကသိုလ်ကျောင်းသားများ၏ မေတ္တာတုံး မေတ္တာခဲကြီးလည်း မည်ပေ၏။ တက္ကသိုလ်ကျောင်းသားများဟူ၍ သိမ်းကျုံးကာ ဆိုလိုက်သော်လည်း ဝိဇ္ဇာတန်း၊ သိပ္ပံတန်းတို့၏ ကျင်လည်ရာမျှသာ ဖြစ်လေသည်။ ဥပစာတန်းကျောင်းသားများကား လားလားမျှ မကပ်နိုင်ရှာကြချေ။ မသိန်း သွေးကြီးသောကြောင့်ပေလော မဟုတ်ပါ။ မသိန်းက အဖက်မလုပ်သောကြောင့်ပေလား မဟုတ်ပါ။ ဝိဇ္ဇာ၊ သိပ္ပံသမားတို့၏ ကျင်လည်ရာဖြစ်သောကြောင့် ဥပစာတန်းသားများ သူ့ဆိုင်သို့ဝင်ရန် မျက်နှာခပ်ရှိန်းရှိန်းနေသောကြောင့်သာ ဖြစ်လေသည်။

ဝိဇ္ဇာတန်းသား ကိုသန်းမောင်တို့ လူစုကား နံနက် ၇ နာရီ မှန်မှန် ရွှေတိဂုံစေတီတော်မြတ်သို့ ဘုရားဖူးသွားလေ့ရှိကြ၏။ သူတို့လူစုတွင် မောင်ဘသော်မှာ အသည်းဆုံးဖြစ်လေသည်။ မသိန်း၏ဆိုင်မှအပြန်တွင် နှင်းဆီပန်းတစ်ပွင့်ကို ရင်မှာထိုးပြီး ပြန်စမြဲ။ မောင်အောင်သိန်းကား မသိန်းက လက်ဖက်ရည်တစ်ခွက်ကို ဝယ်၍တိုက်မှ ကျောင်းသို့ပြန်လေသည်။ မောင်မောင်လူကား နှင်းဆီပန်းကို မလို၊ လက်ဖက်ရည်ကိုလည်း မသောက်၊ မသိန်းနှင့် အတောမသတ်အောင် စကားပြောနေရလျှင် ကျေနပ်လေပြီ။

မောင်ထွန်းခင်တို့လူသိုက်ကား နံနက်စာ စားသောက်ပြီးမှ ဘုရားဖူးလာကြလေသည်။ သူတို့လူစုတွင် မောင်ထွန်းခင်မှာ အသည်းဆုံး၊ စကားအများဆုံး၊ ကွမ်းအစားဆုံး၊ အချိန်အမှန်ဆုံးဖြစ်၏။

မောင်အောင်ရတို့ လူသိုက်ကား ဘုရားပေါ်တွင် လူတော်တော်ရှင်းမှ ဘုရားဖူးလာကြလေသည်။ သူတို့တစ်တွေသည် ဣန္ဒြေအလွန်ပင်ရကြလေသည်။ စကားများစွာလည်း မပြောကြ။ မသိန်း၏ဆိုင်တွင် ခပ်တည်တည်လေး ထိုင်ကြရလျှင် ကျေနပ်ကြလေပြီ။ အဝတ်အစားဆိုသည်မှာလည်း သစ်သစ်လွင်လွင်။ သွားကြလာကြသည်မှာလည်း ကိုယ်ပိုင်မော်တော်ကားများနှင့်ဖြစ်၏။ ကိုယ်တော်မြတ်တစ်တွေမှာ အခြေသိပ်ထုတ်ကြသည်။

ဥပစာတန်းသား မောင်ဆိုင်တို့ လူစုမှာကား 'နေသေးသပချုံထဲက' သဘောထားနှင့် မသိန်း၏ဆိုင်ကို ကျော်လွန်သွားပြီးလျှင် ဒေါ်ထူးကြီးဆိုင်တွင် ပန်းဝယ်လေ့ရှိကြကုန်၏။ သို့သော် မသိန်း၏ဆိုင်ဘက်ကိုကား စောင်းငဲ့၍မကြည့်ဘဲ မနေနိုင်ကြချေ။

ဝိဇ္ဇာအထက်တန်းသား မောင်သိန်းခိုင်ကား အဖော်မပါ တစ်ယောက်တည်းသာ သွားလေ့ရှိလေသည်။ မည်သူ့ကိုမျှ ဂရုမစိုက်၊ မသိန်းပန်းဆိုင်ကို သိမ်းခါနီးမှ ဘုရားဖူးတက်လေ့ရှိသည်။ မသိန်း မိမိ၏ပန်းဆိုင်ကိုသိမ်း၍ အိမ်ပြန်တော့မှ မိမိလည်း ကျောင်းသို့ပြန်လေတော့သည်။ တစ်ခါတစ်ရံ မသိန်းနှင့်အတူတူပင် တွဲ၍ လျှောက်သွားသည်ကို အချို့သော ဥပစာတန်းသားများက မြင်ကြ၏။ တစ်ခါတစ်ရံလည်း မသိန်းအား လက်ဆောင်ပေးရန် ရေမွှေး၊ ပေါင်ဒါ၊ လက်ကိုင်ပဝါ၊ မာဖလာတို့ကို မောင်သိန်းခိုင် ဝယ်နေသည်ကိုပင်မြင်ကြလေသည်။ အချို့သော မိတ်ဆွေများက မောင်သိန်းခိုင်ကို မြင်တိုင်းမြင်တိုင်း နောက်ပြောင်လေ့ရှိကြ၏။ စောင်းပါးရိပ်ခြည် ပြောလေ့ရှိကြကုန်၏။ သို့သော် မောင်သိန်းခိုင်ကား ဖြုံပင်မဖြုံ၊ မသိန်း၏ဆိုင်သို့ သွားမြဲတိုင်းသွား၏။ စာကိုလည်း မှန်စွာမကျက်၊ ည ၉ နာရီထိုးလျှင် အိပ်ရာထဲဝင်ကာ ခြင်ထောင်ထဲတွင် ဆေးလိပ်ကို ဖွာနေသည်သာတည်း။ ၁၀ နာရီ ထိုးသည့်တိုင်အောင် မအိပ်သေး။ သန်းခေါင်တိုင်အောင် မအိပ်သေး။ အတွေးကောင်းတုန်းပင်။

ဤသို့လျှင် တစ်နှစ်ကုန်လွန်ခဲ့၏။ တက္ကသိုလ်ကျောင်းကြီးကိုလည်း ပိတ်လိုက်လေပြီ။ သုံးလပတ်လုံး မသိန်း၏ဆိုင်တွင် တက္ကသိုလ်ကျောင်းသားများကို မမြင်ရပေ။

ကျောင်းပြန်၍ဖွင့်သောအခါ ကိုသန်းမောင်တို့ လူစုအနက် မောင်အောင်သိန်းတစ်ယောက်သာ ပေါ်လာတော့၏။ မောင်ထွန်းခင်တို့ လူသိုက်လည်း မပေါ်လာတော့ပြီ။ မောင်မောင်ရင်တို့ လူစုအနက်လည်း မောင်ထွန်းလှိုင်တစ်ယောက်သာ ပေါ်လာလေသည်။ မောင်ထွန်းလှိုင်ကား ယခင်နှစ်က ဥပစာတန်း၊ မောင်သိန်းခိုင်တို့နှင့် တွဲ၍လာ၏။

ဝိဇ္ဇာတန်းသား ကိုသန်းမောင်တို့ လူစုကား နံနက် ၇ နာရီ မှန်မှန် ရွှေတိဂုံစေတီတော်မြတ်သို့ ဘုရားဖူးသွားလေ့ရှိကြ၏။ သူတို့လူစုတွင် မောင်ဘသော်မှာ အသည်းဆုံးဖြစ်လေသည်။ မသိန်း၏ဆိုင်မှအပြန်တွင် နှင်းဆီပန်းတစ်ပွင့်ကို ရင်မှာထိုးပြီး ပြန်စမြဲ။ မောင်အောင်သိန်းကား မသိန်းက လက်ဖက်ရည်တစ်ခွက်ကို ဝယ်၍တိုက်မှ ကျောင်းသို့ ပြန်လေသည်။ မောင်မောင်လူကား နှင်းဆီပန်းကို မလို၊ လက်ဖက်ရည်ကိုလည်း မသောက်၊ မသိန်းနှင့် အတောမသတ်အောင် စကားပြောနေရလျှင် ကျေနပ်လေပြီ

ကိုယ်တော်မြတ် မောင်သိန်းခိုင်လည်း မပေါ်လာပြီ။ အဘယ်သို့ ရောက်နေမှန်းမသိ။ စာမေးပွဲပင် အောင်မြင်သွားရော့သလား။ စာမေးပွဲ မအောင်သောကြောင့် စိတ်ပျက်ပျက်နှင့် ကျောင်းမှပင် ထွက်သွားလေရော့သလား။

ဝိဇ္ဇာတန်းသား မောင်ထွန်းလှိုင်အားမေးသောအခါ ဝိဇ္ဇာစာမေးပွဲကို အောင်မြင်သွားကြောင်း ပြောပြ၍ သိရလေသည်။ သို့သော် မောင်သိန်းခိုင် မည်သည့်အရပ်သို့ ရောက်နေမှန်းကိုကား မည်သူမျှ မပြောကြားနိုင်။ မသိန်းသည် တစ်ခါတစ်ရံ မောင်သိန်းခိုင်အား သတိရမိသည်။ ထိုသို့ သတိရခြင်းကား တာမရှည်၊ ခေတ္တမျှသာဖြစ်သည်။

ယခင်နှစ်က ဥပစာတန်းသားများ ယခုနှစ် ဝိဇ္ဇာတန်း၊ သိပ္ပံတန်းသို့ ရောက်နေကြသဖြင့် မသိန်း၏ဆိုင်သို့ ပန်းဝယ်ရန် ရောက်ကုန်ကြလေပြီ။ မသိန်း၏ဆိုင်သည် ယခင်နှစ်ကကဲ့သို့ပင် တက္ကသိုလ်ကျောင်းသားများနှင့် စည်ကားလျက်နေပြန်၏။ သို့သော် ယခင်နှစ်က ကျောင်းသားတို့အား အနည်းငယ်မျှသာ ပါလေသည်။ လူသစ်တွေ မျက်နှာသစ်တွေ များ၏။

သို့နှင့်ပင် တစ်နှစ်ကုန်လွန်ခဲ့ပြန်၏။ လူဟောင်း၊ မျက်နှာဟောင်းများပျောက်၍ လူသစ်၊ မျက်နှာသစ်များ ရောက်၍လာပြန်၏။ ဤနည်းအတိုင်း လေးနှစ်မျှ ကုန်လွန်ခဲ့လေသည်။ ထို့နောက် ငါးနှစ်၊ ထို့နောက် ခြောက်နှစ်၊ ခုနစ်နှစ်၊ ရှစ်နှစ်၊ ကိုးနှစ် စသဖြင့် နှစ်တွေကုန်လွန်ခဲ့လေသတည်း။ မသိန်း၏ အသက်သည်လည်း အတော်ပင် ကြီး၍လာခဲ့၏။ ရှေးကကဲ့သို့လည်း နုပျိုခြင်းမရှိတော့ပြီ။ အပြောကောင်း၊ သဘောကောင်းခြင်းတို့ကား ရှေးကကဲ့သို့ပင်။

မြစ်ထဲတွင် စီးဆင်းနေသောရေကား အဆက်မပြတ် စီးဆင်း၍ နေသော်လည်း ရှေးက စီးဆင်းသွားသောရေသည် နောက်မှ စီးဆင်း၍လာသော ရေမဟုတ်။ တခြားစီဖြစ်၏။ သို့သော် အဆက်မပြတ် စီးဆင်း၍နေသောကြောင့်သာ ရှေ့ရေနှင့် နောက်ရေတို့ကို အတူတူပင်ဖြစ်သည်ဟု ထင်မှတ်ရ၏။ ထိုနည်းတူ မသိန်း၏ဆိုင်အတွင်းသို့ အမြဲမပြတ် စီးဆင်း၍ နေကြကုန်သော တက္ကသိုလ်ကျောင်းသားတို့အနက်လည်း ရှေ့က ကျောင်းသားများကား မရှိတော့ပြီ။ အဆက်မပြတ် စီးဆင်းနေသောကြောင့်သာ တက္ကသိုလ်ကျောင်းသားများ မစဲဘဲနေလေတော့သည်။

မြစ်ရေသည် အမြဲမစီးဆင်းနိုင်၊ အချိန်တန်လျှင် ခန်းခြောက်ရစမြဲဖြစ်၏။ မသိန်း၏ဆိုင်တွင်လည်း တက္ကသိုလ်ကျောင်းသားများ အမြဲမကျင်လည်နိုင်၊ အချိန်တန်လျှင် ရပ်စဲရမည်သာ။ လောကဓမ္မတာကို မည်သူ လွန်ဆန်နိုင်အံ့နည်း။

တစ်ရံခါသော် မသိန်း၏ဆိုင်အနီးတွင် ပန်းဆိုင်သစ်တစ်ဆိုင် ပေါ်၍လာ၏။ ထိုဆိုင်ရှင်ကား မသောင်းတည်း။ မသောင်းမှာ အသက် (၁၆) နှစ်မျှသာ ရှိသေး၏။ ရုပ်လေးကလည်းချော၊ စတိုင်ကလည်းကျ၊ ကာလပေါ် အင်္ကျီပါးကို ဝတ်ထားသည်မှာလည်း များစွာသဘောကျစရာ ကောင်းလေသည်။ မသိန်းတို့မှာကား ခေတ်ကို မမီသကဲ့သို့ ဖြစ်နေပေ၏။ မသောင်း၏ ပန်းဆိုင်ရောက်ကတည်းက တက္ကသိုလ်ကျောင်းသားများ မသောင်း၏ဆိုင်သို့ ခြေဦးလှည့်ကြလေသည်။ မသောင်း၏ဆိုင်သည် စည်စည်ကားကား။ မသိန်း၏ဆိုင်မှာကား ခြောက်သွေ့သွေ့ ဖြစ်နေလေသည်။

ဤအခြင်းအရာကို မြင်လျှင် မသိန်း၏ စိတ်ထဲတွင် မနာလိုဖြစ်မိ၏။ စိတ်ဆိုးမိ၏။ ဝမ်းနည်းမိ၏။ သို့သော် သူ့ခေတ်နှင့်သူ၊ ကိုယ့်ခေတ်နှင့်ကိုယ်၊ ငြိုငြင်သော်လည်း အကျိုးရှိမည်မဟုတ်သောကြောင့် ထိုမကောင်းသော စိတ်ထားများကို မျိုသိပ်ကာ ထားရသော်လည်း မသိန်း၏ စိတ်ကားအဘယ်မှာလျှင် ကောင်းပါတော့အံ့နည်း။

ရှေး မိမိခေတ်ကောင်းစဉ်ကအကြောင်းများ တွေးပြီးနေ၏။ မောင်သိန်းခိုင်တို့၊ မောင်အောင်သိန်းတို့၊ မောင်အောင်ရတို့၊ မောင်သန်းမောင်တို့ကို များစွာသတိရမိလေသည်။ သူတို့တစ်တွေ အဘယ်ကြောင့် အဘယ်သို့ ရောက်နေကြပါသနည်း။ အထူးသဖြင့် မောင်သိန်းခိုင်ကို အောက်မေ့မိ၏။ မောင်သိန်းခိုင်မျက်နှာမှာ မိမိ၏ မျက်စိထဲတွင် မပျောက်နိုင်။ သူ့မျက်နှာကို တရေးရေးမြင်လေသည်။ မသောင်း၏ဆိုင်တွင် တက္ကသိုလ်ကျောင်းသားများ မြင်လေလေ မောင်သိန်းခိုင်ကို တွေးမိလေလေဖြစ်၏။ ကိုသိန်းခိုင်မှာ ယခုအခါ အသက်အတော်ပင် ကြီးရော့မယ်။ ကျောင်းမှ ထွက်သွားကတည်းက မပေါ်လာ။ ရန်ကုန်ရောက်လျှင် ဘုရားဖူးလာမှာပဲစသဖြင့် တွေးတောကာ နေရှာလေသတည်း။

တစ်နေ့သော် အသက် (၃၀) ကျော် လူလတ်တစ်ယောက်သည် မျက်မှန်အပြာကြီးကို တပ်ကာ ဘုရားကုန်းတော်ပေါ်သို့ တက်၍လာလေသည်။ ခေါင်းပေါင်း၊ အုပ်ပေါင်း၊ ပုဆိုးတောင်ရှည်၊ အင်္ကျီရင်ဖုံးတို့ကို ဝတ်ဆင်ထား၏။ လက်တစ်ဖက်တွင် ကလေးတစ်ယောက်ကိုချီ၊ ကျန်တစ်ဖက်က ကလေးတစ်ယောက်ကို ဆွဲလာလေသည်။ သူ၏အပါးတွင်လည်း မိန်းမတစ်ယောက်ပါလာ၏။ သူ၏ဇနီးနှင့် တူလေသည်။ ထိုမိန်းမ၏ လက်တွင်လည်း ကလေးတစ်ယောက်ပါ၏။ ထိုလင်မယားတို့၏လက်တွင် ပန်းမပါသောကြောင့် 'ပန်းဝယ်ကြပါဦးရှင်'ဟု ပြုံးလျက်ခေါ်လိုက်၏။ ထိုလင်မယားသားအမိတို့လည်း ဆိုင်ထဲသို့ စူးစူးစိုက်စိုက်ဝင်လာကြလေသည်။ ဆိုင်အတွင်းသို့ ရောက်သောအခါ မိမိတပ်ထားသော မျက်မှန်ပြာကြီးကို ဖြုတ်ပြီးလျှင် "ကျုပ်ကို မှတ်မိရဲ့လား"ဟု ယောကျာ်းက မသိန်းအားမေး၏။

"မှတ်မိသလိုလို"ဟု မသိန်းက ဖြေလေသည်။

"ကျုပ် မောင်သိန်းခိုင်လေ" ဆိုတော့မှ နှစ်ယောက်သား အားရပါးရ စကားပြောလိုက်ကြသည်မှာ မဆုံးတော့ပြီ။

မောင်သိန်းခိုင်မှာ ရှမ်းပြည်နယ်တွင် ပညာဝန် ဖြစ်နေလေသည်။

မောင်သိန်းခိုင်နှင့် မသိန်းတို့ စကားလက်ဆုံကျနေသည်ကို မြင်ရသော မောင်သိန်းခိုင်၏ ဇနီး မသောင်းရီမှာ ထိုနှယ်သည်နှယ် တွေးတောနေ၏။ ကလေးသုံးယောက်ကား ငေးလျက်နေကြလေတော့သတည်း။ ။

**၁၉၃၃ ခုနှစ်၊ ဖေဖော်ဝါရီလ၊**
**တက္ကသိုလ်ကျောင်းတိုက်နှစ်လည်မဂ္ဂဇင်း။**

❂ ထင်းမယ်မှ

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် မြစ်၊ ချောင်း၊ အင်း၊ အိုင် စသည့် ရေအရင်းအမြစ်များနှင့် ရေဝေရေလဲဒေသများအား ထိန်းသိမ်းရန်၊ ဂေဟစနစ်တည်ငြိမ်မှုရှိစေရန်၊ ဒေသခံပြည်သူများ၏အခြေခံလိုအပ်ချက်ဖြစ်သော သစ်၊ ထင်း၊ ဝါး စသည့် သစ်တောထွက်ပစ္စည်းများအား ဖြည့်ဆည်းပေးနိုင်ရန်၊ ဇီဝမျိုးစုံမျိုးကွဲများအား ထိန်းသိမ်းနိုင်ရန်နှင့် ရာသီဥတုသာယာမျှတစေပြီး စိုက်ပျိုးရေးလုပ်ငန်းများကို အထောက်အကူပြုစေရန်ရည်ရွယ်၍ ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောများအဖြစ် ဖွဲ့စည်းသတ်မှတ်ခြင်းဖြစ်ပါသည်။

ထင်းမယ်ကြိုးပြင်ကာကွယ်တော သတ်မှတ်ခြင်းဖြင့် အဆိုပါဧရိယာအတွင်း ပေါက်ရောက်လျက်ရှိသော ကညင်၊ ကတွတ်၊ သပြေ၊ ဥဘာန်၊ ရှစ်ခေါ၊ တောင်သရက်၊ ယမနေ၊ ဖန်ခါး၊ ကံ့ကော်၊ သစ်မင်း၊ မရန်းနှင့် မျောက်ငိုစသည့် ဒေသမျိုးရင်းသစ်မျိုးများကို ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ မျိုးသုဉ်းလုနီးပါးဖြစ်သော ငှက်မျိုးဖြစ်သည့် တောင်ငုံးရင်မည်းငှက်အား ကာကွယ်ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ ယင်းဒေသတွင် နေထိုင်ကျက်စားလျက်ရှိသော ကြံ့သူတော်၊ ကျား၊ တောဆင်ရိုင်းများ၏ နေရင်းဒေသအား တိုးပွားလာနိုင်မည်ဖြစ်ခြင်းနှင့် လေညာမြစ်အတွင်း စီးဝင်သော ကလောင်နန်ချိုချောင်း၏ ရေဝေရေလဲဧရိယာအား ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ပါသည်။

**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

❖ ကျောဖုံးမှ

ထို့နောက် Junior Golf Myanmar (JGM) ဒုတိယဥက္ကဋ္ဌ ဦးရန်အောင်မိုးက အသက်အငယ်ဆုံးနှင့် ကြိုးစားယှဉ်ပြိုင်သော လင်းမြတ်မွန်ကို လည်းကောင်း၊ မြန်မာဂေါက်သီးရိုက်အသင်းဥက္ကဋ္ဌ ဒေါက်တာချိုထွန်းက အသက် ၁၂ နှစ်အောက်သက်တမ်းတွင် စုစုပေါင်းရိုက်ချက် ၁၈၁ ချက်ဖြင့် ဒုတိယဆုရရှိသော ရဲမင်းသန့်အား လည်းကောင်း၊ စုစုပေါင်းရိုက်ချက် ၁၆၁ ချက်ဖြင့် ပထမဆုရရှိသော Choi Hwan အား လည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။ ဆက်လက်၍ မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင် ဒေါ်မြင့်မြင့်သန်းက အမျိုးသမီးသက်တမ်းတွင် စုစုပေါင်းရိုက်ချက် ၂၃၂ ချက်ဖြင့် တတိယဆုရရှိသော ယုယု၊ စုစုပေါင်းရိုက်ချက် ၂၃၂ ချက်ဖြင့် ဒုတိယဆုရရှိသော နှင်းထက်သံလွင်နှင့် စုစုပေါင်းရိုက်ချက် ၁၈၈ ချက်ဖြင့် ပထမဆုရရှိသော မိုးမခကျော်သူတို့အား ဆုများပေးအပ်ချီးမြှင့်သည်။



ယင်းနောက် Junior Golf Myanmar (JGM)ဥက္ကဋ္ဌ ဦးမြင့်အောင်က အသက် ၁၄ နှစ်အောက်သက်တမ်းတွင် စုစုပေါင်းရိုက်ချက် ၁၇၀ ဖြင့် တတိယဆုရရှိသော ခန့်ဘုန်းလျှံ၊ စုစုပေါင်းရိုက်ချက် ၁၇၀ ဖြင့် ဒုတိယဆုရရှိသော လုံမျိုးစံနှင့် စုစုပေါင်းရိုက်ချက် ၁၆၈ ချက်ဖြင့် ပထမဆုရရှိသော ထွန်းထွန်းဦးတို့ကို ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကိုကိုအေးက အသက် ၁၈ အောက်သက်တမ်းတွင် စုစုပေါင်းရိုက်ချက် ၁၆၃ ချက်ဖြင့် တတိယဆုရရှိသော ကောင်းထက်အား လည်းကောင်း၊ စုစုပေါင်းရိုက်ချက် ၁၆၀ ဖြင့် ဒုတိယဆုရရှိသော အောင်မင်းခန့်အား လည်းကောင်း၊ စုစုပေါင်းရိုက်ချက် ၁၅၉ ချက်ဖြင့် ပထမဆုရရှိသော Locadio K တို့အားလည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။

**သတင်း – ကိုညီလေး၊ ဓာတ်ပုံ – MGF**

## သရက်ချောင်းမြို့နယ် ကနက်သီရိကျေးရွာ၌ မြစိမ်းရောင်(ငါးကဏ္ဍ) အတိုးရငွေဖြင့် ထပ်ပိုးကျောက်ရောမြေသားလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီး

**သရက်ချောင်း ဖေဖော်ဝါရီ ၁၆**

တနင်္သာရီ တိုင်းဒေသကြီး သရက်ချောင်းမြို့နယ် ကနက်သီရိကျေးရွာ၌ ကမ်းနီးရေလုပ်ငန်းများ ပိုမိုတွင်ကျယ်စွာဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန၏ ကြီးကြပ်မှုနှင့် မြစိမ်းရောင်(ငါးကဏ္ဍ)စီမံကိန်း အတိုးရငွေဖြင့် ကနက်သီရိကျေးရွာရှိ (ဆ)ရပ်ကွက်နှင့် (ဈ)ရပ်ကွက်ချင်းဆက် ကုန်ထုတ်လမ်းပိုင်း ၁၂၆၀ ဒသမ ၄၃ ပေနှင့် ရေဝေးပြေးလမ်းပိုင်း ၈၁၉ ဒသမ ၆၀၃ ပေအား ထပ်ပိုးကျောက်ရောမြေသားလမ်းခင်းလုပ်ငန်းများကို ဖေဖော်ဝါရီ ၁၆ ရက်တွင် အပြီးသတ် ဆောင်ရွက်ပြီးစီးခဲ့သည်။



သရက်ချောင်းမြို့နယ် ကနက်သီရိကျေးရွာရှိ မြစိမ်းရောင်(ငါးကဏ္ဍ)စီမံကိန်းအတိုးရငွေဖြင့် (ဆ)ရပ်ကွက်နှင့် (ဈ)ရပ်ကွက်ချင်းဆက် ကုန်ထုတ်လမ်းပိုင်း ၁၂၆၀ ဒသမ ၄၃ ပေနှင့် ရေဝေးပြေးလမ်းပိုင်း ၈၁၉ ဒသမ ၆၀၃ ပေအား ထပ်ပိုးကျောက်ရောမြေသားလမ်းခင်းလုပ်ငန်း ဆောင်ရွက်နိုင်ရန် မြစိမ်းရောင်(ငါးကဏ္ဍ) စီမံကိန်းအတိုးရငွေမှ ငွေကျပ်သိန်း ၁၉၀ ဖြင့် ဆောင်ရွက်ခဲ့ကြောင်း မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခက်ခက်ဝေခိုင်ထံမှ သိရသည်။

**ပြည့်ဖြိုးပိုင်(ပြန်/ဆက်)**

## ဂုန်မင်း-ဇီးချောင် ကွန်ကရစ်လမ်းခင်းကျင်းနေမှု အရည်အသွေးပြည့်မီစေရေး ကွင်းဆင်းစစ်ဆေး

**ကျောင်းကုန်း ဖေဖော်ဝါရီ ၁၆**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် ဂုန်မင်း-ဇီးချောင် ကွန်ကရစ်လမ်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေအား ပုသိမ်ခရိုင်



ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးက အရည်အသွေးပြည့်မီစေရေး ယနေ့ကွင်းဆင်းစစ်ဆေးခဲ့သည်။

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်ထောင်စု ငွေလုံးငွေရင်းရန်ပုံငွေဖြင့် "အောင်မိုးသန့်"ကုမ္ပဏီက တင်ဒါအောင်မြင်ဆောင်ရွက်မည့် ဂုန်မင်း-ဇီးချောင်လမ်းသည် လမ်းအရှည် သုည မိုင် ၄ ဖာလုံ၊ အကျယ် ၁၂ ပေ၊ ဒု ခုနစ်လက်မဖြင့် ကွန်ကရစ်ခင်းခြင်းလုပ်ငန်းအား ရန်ပုံငွေကျပ် ၁၉၀ ဒသမ ၉၁၀ သန်းဖြင့်ဆောင်ရွက်မည်ဖြစ်ပြီး ကျေးရွာ ၁၁ ရွာ၊ အိမ်ခြေ ၈၆၁ အိမ်၊ လူဦးရေ ၃၁၈၇ ဦးအား အကျိုးပြုသောလမ်းဖြစ်သည်။

အဆိုပါ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေအား ပုသိမ်ခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်သူမင်းက ကွင်းဆင်းစစ်ဆေး၍ အရည်အသွေးပြည့်မီစွာဖြင့် လုပ်ငန်းအချိန်မီပြီးစီးစေရေး အလေးထားဆောင်ရွက်သွားရန် လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**



ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မြို့နယ်မီးသတ်ဦးစီးဌာနမှ ရွာငံမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ဦးက ဦးဆောင်ကာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပညာရေးဌာန၊ မြို့နယ်မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ ဖေဖော်ဝါရီ ၁၆ ရက် နံနက် ၁၀ နာရီက အ.ထ.က(ရွာငံ)၌ ကွင်းဆင်းစစ်ဆေးမှုများ ဆောင်ရွက်စဉ်။

မြို့နယ် (ပြန်/ဆက် )




မိတ္ထီလာခရိုင်မီးသတ်ဦးစီးဌာနက မီးဘေးကြိုတင်ကာကွယ်ရေး၊ မီးသတိမူရေးနှင့် မီးလောင်ဆုံးရှုံးမှု လျော့နည်းစေရေးတို့အတွက် ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၁၆ ရက်က ခရိုင်မီးသတ်ဦးစီးမှူး ဦးကျော်ဆန်းနှင့် တပ်ဖွဲ့ဝင်များက မိတ္ထီလာမြို့ ဝန်ဇင်းရပ်ကွက် ဘိုးဘွားရိပ်သာရှိ အိပ်ဆောင်များ၊ ထမင်းစားဆောင်များ၌ မီးဘေးလုံခြုံရေးစစ်ဆေးပြီး လိုအပ်သည့်အကြံပြုခြင်းများ ဆောင်ရွက်ကာ 2 kg မီးသတ်ဆေးဘူးများ လှူဒါန်းစဉ်။ ခရိုင်မီးသတ်



| **တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၀၀၇၀)** | **တရားလွှတ်တော်ရှေ့နေ (စဉ်- ၉၅၁၈)** |

**အမှတ် (၁၀/၁၂)၊ မြေညီထပ်၊ (၃၅)လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉- ၂၅၄၁၄၅၄၃၀၊ ၀၉- ၄၅၀၀၄၄၆၉၆**

## ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀၈)၊ မြေကွက်အမှတ်(၃၂၃)ဖြစ်သော အမှတ်(၃၂၃)၊ ဦးဖိုးလှိုင် (၁)လမ်း၊ (၁၀၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သည့် (အလျား၄၀'xအနံ၆၀')အကျယ်ရှိ ဦးအေးသောင်း အမည်ပေါက် ပါမစ်မြေကွက်နှင့် ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

အထက်ပါ မြေကွက်နှင့် ပတ်သက်၍ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံပြောဆိုသူဖြစ်သော ဦးကျော်ဝင်းမောင် [၁၂/ဒဂရ(နိုင်)၀၀၀၂၀၀]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အထက်ပါမြေကွက်နှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများသည် ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှ (၇) ရက်အတွင်း လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်ဆုမြတ်မွန် ( LL.B ) (D.B.L,D.I.L)** | **ဒေါ်သူဇာထွေး (LL.B) WIPO Switzerland** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၀၀၇၀)** | **တရားလွှတ်တော်ရှေ့နေ (စဉ်- ၉၅၁၈)** |

**အမှတ် (၁၀/၁၂)၊ မြေညီထပ်၊ (၃၅)လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၂၅၄၁၄၅၄၃၀၊ ၀၉- ၄၅၀၀၄၄၆၉၆**

## "မော်တော်ယာဉ်မှတ်ပုံတင် စာအုပ်မိတ္တူလျှောက်ထားခြင်း"

ယာဉ်အမှတ် AYY/65056၊ DUCATI 899 PANICALE ယာဉ်မှတ်ပုံတင် အမည်ပေါက်သူ ဦးရဲထက်အောင် မှတ်ပုံတင်အမှတ် [၉/ခအဇ(နိုင်)၀၄၈၂၆၈]မှ ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ (၃၀)ရက်အတွင်း အောက် ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်-

**က.ည.နခရိုင်ရုံး(မအူပင်)**
**(မအူပင်)**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ စံပယ်(၂)လမ်း၊ အမှတ်(၅၂၃)နေ-ဒေါ်စန်းစန်းထွေး[၆/ထဝန(နိုင်)၀၇၁၈၇၁]၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်စန်းစန်းထွေးသည် ခင်ပွန်းဖြစ်သူ ဦးနိုင်ဝင်းအပေါ် မြောက်ဥက္ကလာပမြို့နယ်တရားရုံးတော်၊ ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ်-၉၃တွင် လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှုဖြင့် တရားစွဲဆိုဆောင်ရွက်ခဲ့ရာ (၂၀၂၃ခုနှစ်၊ မေလ ၅ရက်)တွင် အနိုင်ဒီကရီရရှိခဲ့ပြီးဖြစ်၍ ယင်းနေ့မှစ ဦးနိုင်ဝင်းနှင့် ဒေါ်စန်းစန်းထွေးမှာ သူစိမ်းများဖြစ်ပြီး ဒေါ်စန်းစန်းထွေးလက်ရှိထားပိုင်ဆိုင်သော ပိုင်ဆိုင်မှုများနှင့် ဦးနိုင်ဝင်းမှာ လုံးဝပတ်သက်ဆက်နွှယ်မှုမရှိတော့ပါကြောင်း၊ ၎င်းနှင့်စပ်လျဉ်းသည့်မည်သည့်ကိစ္စကိုမဆို ကျွန်ုပ်မိတ်ဆွေမှ လုံးဝတာဝန်ယူဖြေရှင်းဆောင်ရွက်ပေးသွားမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်ကျော်လွင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၄၈၂/၁၂-၁၀-၂၀၁၇)**
**အမှတ်-၁၂၄၊ ရော-၂၂လမ်း၊ ည/ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ Ph:09-428006087, 09-43073659**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးသိန်းဆန်းဦး [၈/ရစက(နိုင်)၁၁၈၂၂၇]သည် ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ (ဏ/၁၄)ရပ်ကွက်၊ ဒေါန (၃) လမ်း၊ မြေတိုင်းအမှတ်(၄၀)၊ မြေကွက်အမှတ်(၁၃၅၃က)၊ ပေ(၂၀ x ၆၀) အကျယ်ရှိ ဦးကြိုင် အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင် ပိုင်ဆိုင်သူ ဒေါ်သန်းသန်းဝင်း [၁၂/အလန(နိုင်)၀၃၄၄၀၄]ထံမှ ဝယ်ယူရန်အတွက် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ထိုမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများသည် တရားဝင်ပိုင်ဆိုင်မှု အထောက်အထား မူရင်းများနှင့် ကျွန်ုပ်ထံသို့(၂၇-၂-၂၀၂၄) ရက်နေ့တွင် နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်သည့်ရက်ကုန်ဆုံးသည်အထိ ကန့်ကွက်မည့်သူမရှိပါက အဆိုပါ အရောင်းအဝယ်ကိစ္စ အထမြောက်ရန်အတွက် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးသိန်းဆန်းဦး၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အိအိဖြိုး (LL.B,DB.L)**
**အထက်တန်းရှေ့နေ (စဉ်-၅၃၈၅၂/၂၈-၁၀-၂၀၂၀)**
**တိုက်(၉)၊ ဗိုလ်ဗထူးလမ်း၊ ဗိုလ်စိန်မှန်ရပ်ကွက်၊ ဗဟန်းမြို့နယ်။ Ph:09-420058588**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ဇဝနရပ်ကွက်၊ သီရိဇေယျာလမ်း၊ အမှတ်-၄၈၊ (၂)ခန်းတွဲ ၆ထပ်အဆောက်အဦ၏ မြေညီထပ်-အေ(ခေါင်းရင်း)တိုက်ခန်းနှင့် နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်လွှဲပြောင်း ရောင်းချခွင့်ရှိသူဖြစ်ကြောင်းနှင့် ရောင်းချလိုကြောင်း ဒေါ်လွင်လွင်မြင့် [၁၂/သဃက(နိုင်)၁၀၃၉၁၂]ကိုင်ဆောင်သူက အဆိုပြုကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးဇင်မင်းခန့် [၁၂/ဥကမ(နိုင်)၂၄၄၂၉၀]၊ ဒေါ်ညိုညိုစန်း [၁၂/ဥကတ(နိုင်)၁၄၈၄၉၂]ကိုင်ဆောင်သူတို့က သဘောတူလက်ခံ၍ လက်ရောက် အပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုအထောက်အထား စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကြေညာအပ်ပါသည်။

**ဦးဇင်မင်းခန့်နှင့် ဒေါ်ညိုညိုစန်းတို့၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးမြတ်ဝေချို[B.A (Law), LL.B]**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၆၁၅၀)**
**အမှတ်- ၇၀၂(မြေညီ)၊ ကျော်သူ(၁၆)လမ်း၊ (၉)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း - ၀၉-၂၅၄၃၄၅၇၄၆၊ ၀၉-၉၇၁၈၁၁၉၈၁**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့ နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၈)၊ မြေကွက်အမှတ် (၇/ဆ၂) ဦးစိုးလွင်[၁၂/မရက(နိုင်)၀၃၂၁၁၈]မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ယခုအခေါ် အမှတ်(၉၇)၊ ခနသိဒ္ဓိလမ်း၊ (၈)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်ဟုခေါ်တွင်သော မြေပေါ်တွင် Global Style Co., Ltd. နှင့် အမည်ပေါက်ပိုင်ရှင် ဦးစိုးလွင်တို့ အကျိုးတူပူးပေါင်းဆောက်လုပ်သော (၁)ခန်းတွဲ(၈)ထပ်တိုက်အဆောက်အဦ၏ တတိယထပ်၊၄-လွှာ၊ အကျယ်အဝန်း(အလျား၂၇ပေxအနံ၅၄ပေxအမြင့်၁၀ပေ)ရှိ ကွန်ဒိုတိုက်ခန်းကို Global Style Co., Ltd. ထံမှ ယခုရောင်းချသူ ဦးကျော်တင့် [၁၂/မရက(နိုင်)၁၀၇၆၇၉] မှ (၁၇-၁၁-၂၀၂၁)ရက်စွဲပါ "တိုက်ခန်းအရောင်းအဝယ်ကတိစာချုပ်" ဖြင့် တရားဝင် ဝယ်ယူပိုင်ဆိုင်ထားပြီး ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နွယ်နီလှိုင် [၈/ခမန(နိုင်)၁၀၄၈၅၉]က အပြီးအပိုင် ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄) ရက်အတွင်း ခိုင်မာသော ပိုင်ဆိုင်မှုအထောက်အထားစာရွက်စာတမ်း၊ စာချုပ်စာတမ်းမူရင်းများနှင့်တကွ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ယုနန္ဒာအောင် (LL.B) အထက်တန်းရှေ့နေ (စဉ်-၅၃၅၁၀)**
**အမှတ် (၈၃)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၂၅၈၂၅၁၂၉**

## အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၄/တောင်ရပ်ကွက်၊ မြို့မ(၈)လမ်း၊ အမှတ် (၃၈၉) ဟုခေါ်တွင်သည့် (၂)ခန်းတွဲ (၆)ထပ်တိုက် (ဆောက်လုပ်ဆဲအဆောက်အဦ)ရှိ အခန်းအမှတ်- (A-2)၊ ပထမထပ်၊ အကျယ်အဝန်း (၁၇ပေx ၅၄ပေ)ခန့်ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို လက်ဝယ်ရှိ ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဦးကျော်ကျော် [၁၄/ဟသတ(နိုင်)၀၀၃၅၂၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေတစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါ တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့် ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသည်ဆိုပါက စာရွက်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း လာရောက် ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စ ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးသန့်ဇော်ဝင်းဦး (LL.B., LL.M)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၉၅၂၇)**
**တိုက် C2A၊ အခန်း(၁၁၀)၊ (ပ-ထပ်)၊ Time Square Condo၊**
**ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း- ၀၉-၉၆၅၁၇၈၀၁၈၊ ၀၉-၂၅၀၀၆၀၃၁၃**

## ပြင်ဆင်ဖတ်ရှုပါရန်

(၁၄-၂-၂၀၂၄) ရက်နေ့ထုတ် ကြေးမုံသတင်းစာ၏ စာမျက်နှာ (၂၀)တွင် ဦးစိန်ဝင်း (စဉ်-၆၀၈၂) အထက်တန်းရှေ့နေမှ "အများသိစေရန် အသိပေး ကြေညာခြင်း"တွင် ပါရှိသည့် အရောင်းအဝယ်ပြုလုပ်သော မြေနှင့်အဆောက်အဦ၏ အိမ်အမှတ်- ၃၁ ဟူသော စာသားနေရာတွင် အိမ်အမှတ်- ၃၄ ဟူသော စာသားဖြင့် ပြင်ဆင်ဖတ်ရှုပါရန် အသိပေးကြေညာအပ်ပါသည်။

**ဦးစိန်ဝင်း (အထက်တန်းရှေ့နေ)**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ အမှတ်(၂၉)၊ မပိုလမ်း၊ ငါးလွှာဘီ၊ မြေနီ(မြောက်)ရပ်ကွက်၊ ရေ၊ မီး၊ ရေမော်တာ၊ အဲယားကွန်းတစ်လုံး၊ ရေပူ၊ ရေအေးစက်အပါ အကျိုးခံစားခွင့်အရပ်ရပ် အားလုံးအား လက်ဝယ်ထားရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသည် ဟုအဆိုရှိသူ ဒေါ်မြတ်မျိုးမျိုးမင်း [၁၂/ပဘတ(နိုင်)၀၀၈၆၉၀]ထံမှ ကျွန်ုပ်တို့မှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါတိုက်ခန်းအရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၀)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့် လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက တိုက်ခန်းအရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ် ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **ဦးကျော်ဦး** | **ဒေါ်ခိုင်စန္ဒာလွင်** |
| **[၁၂/ဥကတ(နိုင်)၀၄၇၇၂၈]** | **[၁၀/သထန(နိုင်)၀၈၂၉၁၁]** |
| **Ph: 09-954436994** | **Ph: 09-954436993** |

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ကြည်စုရပ်ကွက်၊ စံပြလမ်း၊ အမှတ်(၃၃၆)ဟုခေါ်တွင်သည့် အမည်ပေါက် ဦးထွန်းထွန်းဦး၊ ဒေါ်ခင်ချိုချိုမြင့်၊ ဦးအောင်အောင်မိုးတို့၏မြေပေါ်တွင် (၂)ခန်းတွဲ မြေညီ (၁၇ ပေအမြင့်)၊ (၅)ထပ်တိုက် သံကူကွန်ကရစ်အမျိုးအစား အဆောက်အအုံမှ အထပ်အမှတ်(B-5)၊ ခြေရင်းဘက်၊ ရေမီးအစုံပါဝင်သည့် အဆောက်အအုံမှ တရားဝင်ပိုင်ဆိုင်ရောင်းချခွင့်ရှိသည် ဆိုသော ဦးခင်မောင်တိုး [၁၀/မလမ(နိုင်)၀၄၂၅၂၇]ထံမှ ကျွန်မ ဒေါ်ထက်ထက်ထွန်း [၁၄/ဝခမ(နိုင်)၁၆၁၃၁၉]မှ ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသဖြင့် ဤတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားမူရင်းများနှင့်တကွ ဤကြေညာချက်ပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်မထံ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက အဆိုပါအရောင်း အဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ပြီးစီးအောင် လုပ်ဆောင်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ထက်ထက်ထွန်း**
**[၁၄/ဝခမ(နိုင်)၁၆၁၃၁၉]**
**Ph: 09-884484981**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၅)၊ လူနေရပ်ကွက်အမှတ် (၁၁)၊ ဘုရင့်နောင်လမ်း၊ အမှတ် (၉၀၇/က)၊ ဧရိယာ (၀.၀၂၇၅)ဧက၊ စတုရန်းပေ (၁၂၀၀)ရှိ ဒေါ်လှမြင့် [၁၂/အစန(နိုင်) ၁၃၉၅၅၃] (အဖ) ဦးမာမက် အမည်ပေါက် နှစ်(၆၀) ဂရန်အမျိုးအစား မြေကွက်ကို လက်ရှိထား စီမံခန့်ခွဲနေထိုင်ပိုင်ဆိုင်လျက်ရှိသူ အမည်ပေါက် ဒေါ်လှမြင့်ကိုယ်တိုင်ထံမှ ကျွန်ုပ်၏အမှုသည်ဖြစ်သူ ဦးနိုင်ဝင်း [၁၄/နေဖ (နိုင်)၁၂၂၀၈၃]က အပြီးအပြတ်ဝယ်ယူရန် သဘောတူညီသည့်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်ကြောင်း စာချုပ်စာတမ်းအထောက်အထားမူရင်းများ ခိုင်လုံစွာဖြင့် (၁၄)ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင် ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများ သိစေရန် ကြေညာအပ်ပါသည်။

**ဦးနိုင်ဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးမင်းထွေး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၆၁၃၈)**
**အမှတ် (၄၆)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၄၂၁၀၉၄၇၁၂**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)
## ကြော်ငြာစာ

၁။ ကုသရေးဦးစီးဌာန၏ (၂၇-၁၂-၂၀၂၃)ရက်စွဲပါစာအမှတ်၊ ၄၇၅၅/ ဘင(စ)ငွေလုံးငွေရင်း/၂၀၂၃ အရ နေပြည်တော် ပြည်သူ့ဆေးရုံကြီး(ခုတင်- ၁၀၀၀)၊ ဓာတ်မှန်ဌာနရှိ Lot(1)64 slices CT စက်၏ X-Ray Tube နှင့် Lot(2) 64 slices CT စက်၏ HV Cable လဲလှယ်တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် တင်ဒါခေါ်ယူဆောင်ရွက်မည်ဖြစ်ပါ၍ လုပ်ငန်း လုပ်ကိုင်ဆောင်ရွက်လိုသည့်လုပ်ငန်းရှင်များ လျှောက်ထားနိုင်ပါသည်။

၂။ တင်ဒါပုံစံစတင်ရောင်းချမည့် နေ့ရက်နှင့်အချိန် - ၁၅-၂-၂၀၂၄ ရက်၊ (ကြာသပတေးနေ့) နံနက်(၁၀:၀၀)နာရီ
တင်ဒါပိတ်မည့်နေ့ရက်နှင့် အချိန် - ၂၈-၂-၂၀၂၄ ရက်၊ (ဗုဒ္ဓဟူးနေ့) ညနေ(၄:၀၀)နာရီ
တင်ဒါတင်သွင်းရန်နေရာ - အုပ်ချုပ်မှုရုံး၊ နေပြည်တော် ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များ အသေးစိတ်သိရှိလိုပါက ဖုန်း ၀၆၇၃-၄၂၁၄၆၅ သို့ ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

**နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)**

## "ရန်ကုန်တိုင်းဒေသကြီး၊တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂)၊ မိဂသီ(၁၉)လမ်း၊ မြေကွက် အမှတ်(၂၁၂) မြေကွက်ပေါ်တွင်ဆောက်လုပ်ထားသည့် (၂)ခန်းတွဲ (၆)ထပ်၊ တိုက်(၁၂)ခန်းရှိသောအဆောက်အဦ၏ စတုတ္ထထပ်၊ (၅)လွှာ၊ (A)၊ အကျယ်အဝန်း(၁၇ပေx၅၄ပေ)ရှိ တိုက်ခန်းအား ဝယ်ယူမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာခြင်း"

အထက်ပါ တိုက်ခန်းသည် ဒေါ်ကြည်ကြည်စမ်း [၁၂/ဥကတ(နိုင်) ၁၈၄၇၅၂] ကိုင်ဆောင်ထားသူက တရားဝင် လက်ဝယ်ပိုင်ဆိုင်ထားပြီး အရှုပ်အရှင်းကင်းစွာဖြင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိ ပြုသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာ ပါသည့်နေ့မှ စ၍(၇)ရက်အတွင်း ခိုင်လုံသည့်ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်း(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပြီး သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများ သိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်ဂျူလိုင်မိုး၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နော်အိဖြူစိုးသန်း (LL.B)**
**အထက်တန်းရှေ့နေ (စဉ်- ၅၂၆၇၃)**
**အမှတ်(၉/၁၁)၊ ၀၀၄ - မြေညီထပ်၊ ၃၆-လမ်းအောက်၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉-၇၉၈၅၉၉၁၄၄**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ကိုယ့်မင်းကိုယ်ချင်း ရပ်ကွက်၊ ရွှေဂုံရိပ်မွန်အိမ်ရာ၊ တိုက် ၁၂၊ ၆ လွှာ၊ အခန်း(၃၅)နေ ဦးလှိုင်ဝင်းဇော် [၁၂/တတန(နိုင်)၁၄၀၅၀၅] ကိုင်ဆောင်သူ၏လွှဲအပ်ညွှန် ကြားချက်အရ အသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဦးလှိုင်ဝင်းဇော်မှာ ၎င်းယခုလက်ရှိနေထိုင်သည့် ဗဟန်းမြို့နယ်၊ ကိုယ်မင်းကိုယ့်ချင်းရပ်ကွက်၊ ရွှေဂုံရိပ်မွန်အိမ်ရာ၊ တိုက် ၁၂၊ ၆ လွှာရှိ အခန်း (၃၅)တိုက်ခန်းအား ဒေါ်ညိုမျက်သွယ် [၈/စလန(နိုင်) ၁၅၂၃၃၂]ထံမှ တရားဝင် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ကျွန်ုပ်၏မိတ်ဆွေကိုယ်တိုင် တိုက်ခန်းအား လက်ရောက်ရရှိပြီး ဝယ်ယူပိုင်ဆိုင်ခဲ့ခြင်းဖြစ်ပါသည်။ လက်ရှိ အဆိုပါတိုက်ခန်းမှာ ကျွန်ုပ်၏မိတ်ဆွေ ဦးလှိုင်ဝင်းဇော် တစ်ဦး တည်းသာလျှင် တရားဝင်ပိုင်ဆိုင်ထားခြင်းဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်ချယ်ရီအောင်(LL.B,D.B.L)** | **ဒေါ်သက်သက်မိုး(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၁၅၂၉၂)** | **(စဉ်-၅၆၂၀၇)** |
| **ဖုန်း- ၀၉-၆၅၁၆၅၉၉၆၂** | **ဖုန်း- ၀၉-၄၂၇၆၆၈၆၃၃** |

**အင်းစိန်စုပေါင်းရုံးဝင်းကြီး၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။**

## အများသိစေရန်ကြေညာခြင်း

ဦးပြည့်ကျော်အောင် [၁၂/ရကန(နိုင်)၀၇၅၀၂၅]၏ လွှဲအပ်ညွှန်ကြား ချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

**ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ သြဘာလမ်း၊ အမှတ်(၇၄)ဟုခေါ်တွင်သော တိုက်ခံအိမ်၏ မြေညီထပ် (ခေါင်းရင်းခန်း)**ကို အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိသူ ဦးအောင်ကြည်ဝင်း [၁၂/တမန(နိုင်)၁၀၄၃၈၄] (ဘ) ဦးသန်းရွှေထံက **(၂၆-၁၂-၂၀၂၃)နေ့တွင် "မေတ္တာဖြင့်အပိုင်ပေးကမ်းခြင်းစာချုပ်"** ချုပ်ဆို၍ လက်ရောက်လွှဲပြောင်း ရယူခဲ့ပြီး သော့ခတ်ကာ လက်ရှိထားပိုင်ဆိုင်ခဲ့ပါသည်။ ယင်းတိုက်ခန်းအား ဦးပြည့်ကျော်အောင်၏ သဘောတူခွင့်ပြုချက်မရှိဘဲ ရောင်းချခြင်း၊ ပေးကမ်းခြင်း၊ ပေါင်နှံခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းမပြု လုပ်ရန် တားမြစ်အပ်ပါသည်။ အကယ်၍ပြုလုပ်ခဲ့ပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ် ပါသည်။

**ဦးပြည့်ကျော်အောင်၏ လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးအုန်းမြင့်** | **ဒေါ်ကေခိုင်မွန်** |
| **B.Sc(Q).,C.T.Med., H.G.P.,R.L** | **LL.B,D.B.L.,D.M.L.,D.I.L.,** |
| **D.B.L.,D.M.L.,D.A.Psy.D.A.E** | **တရားလွှတ်တော်ရှေ့နေ** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၄၅၈)** | **(စဉ်-၁၅၄၉၀)** |
| **ဖုန်း- ၀၉-၄၃၁၁၉၀၁၃** | |

**အမှတ်(၇၄၅)၊ မြရတနာ(၆)လမ်း၊ ၂၄-ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**

## ဖခင်အမည်မှန်

သာကေတမြို့နယ်၊ အမှတ် (၁၄)ရပ်ကွက်၊ သလ္လာဝတီ(၅) လမ်း၊ အိမ်အမှတ် (က၊ ၁၆၉၉) တွင် နေထိုင်သော မောင်အာကာ မျိုး၏ ဖခင်အမည်မှာ ဦးဖုန်းလွင် မှတ်ပုံတင်အမှတ် [၁၂/ကမရ (နိုင်)၀၄၃၂၉၂] ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ်-၆၀၊ မြေကွက်အမှတ် ၁၆၁၉၊ မြေကွက်တည်နေရာအမှတ် (၁၆၁၉)၊ (၆၀)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်း မြို့နယ်၊ ဦးကျော်ရှိန် (G/RGN-၀၀၄၃၃၄) အမည်ပေါက် ပါမစ်မြေ အား ပါမစ်အမည်ပေါက် ဦးကျော်ရှိန် (G/RGN-၀၀၄၃၃၄)ထံမှ အရပ်ကတိ အရောင်းအဝယ်စာချုပ်ဖြင့် ရရှိသူ ဦးစိန်အေး[၁၂/လသန(နိုင်)၀၀၅၇၇၇] မှ ဓာတ်ပုံမှတ်တမ်း၊ ရွှေ့ပြောင်းသူ များ ရာဇဝင်အကျဉ်းချုပ်သာပါရှိပြီး အိမ်ရာ ဆောက်လုပ်နေထိုင်ခွင့်နှင့် မှီခိုသူများ စာရင်းစာရွက်မပါရှိသည့် ပါမစ်မပြည့်စုံနှင့် မြန်မာနိုင်ငံရပ်ရှင် အစည်းအရုံး၏ (၁၀-၃-၂၀၁၅) ရက်စွဲပါ ဦးကျော်ရှိန်၏ငယ်စာရင်း မှန်ကန်ကြောင်း ထောက်ခံစာတို့ တင်ပြ၍ နှစ်(၆၀)မြေငှားစာချုပ် (ဂရန်) လျှောက်ထားလာခြင်း အား မြေပြင်ကွင်းဆင်းစစ်ဆေးရာ မြေ ကွက်လပ်ဖြစ်ပြီး လျှောက်ထားသူမှ ကွင်းဆင်းသိရှိကြောင်း လက်မှတ် ရေးထိုး တင်ပြထားပါသဖြင့် ဦးစိန် အေးမှ ပါမစ်မစုံတင်ပြ၍ နှစ်(၆၀) မြေငှားစာချုပ်(ဂရန်) လျှောက်ထား လာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤ ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက် အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်း အတိုင်း ဆက်လက်ဆောင်ရွက်ပေး မည်ဖြစ်ပါကြောင်း အသိပေးကြေညာ အပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်- ၃၂၊ မြေကွက်အမှတ် ၁/ဏ- ၂၊ ၀.၄၉၅ ဧက၊ မြေကွက်တည်နေရာ အမှတ်- ၁၀၀၊ ဓမ္မာရုံလမ်း၊ ၁၁ ရပ်ကွက်၊ ဒေါ်မြရီ [၉/မနမ(နိုင်) ၀၇၇၄၆၀] အမည်ပေါက် မြေပိုင်မြေ (အိမ်ရာမြေသတ်မှတ်) မြေအား အမည်ပေါက် (မိခင်)ဖြစ်သူ ဒေါ်မြရီ သည် (၈-၁-၂၀၂၁)ရက်နေ့တွင်လည်း ကောင်း၊ (ဖခင်)ဖြစ်သူ ဦးအိုက်နွဲ့သည် (၂၃-၁၀-၂၀၁၄)ရက်နေ့တွင်လည်း ကောင်း အသီးသီး ကွယ်လွန်သွားပါ သဖြင့် ဦးကျော်စိုးဦး [၁၂/မရက(နိုင်) ၁၃၉၈၇၂]၊ ဦးကျော်စိုးမင်း [၁၂/မရက (နိုင်)၁၃၉၈၇၃]၊ ဒေါ်ပိုးအိဖြူ [၁၂/ မရက(နိုင်)၁၃၉၈၇၄]တို့က နိုင်ငံသား စိစစ်ရေးကတ်ပြား၊ အိမ်ထောင်စု လူဦးရေစာရင်း၊ ဒေါ်မြရီနှင့် ဦးအိုက်နွဲ့ တို့၏ သေစာရင်း၊ အမည်ပေါက် စာချုပ်၊ ကွယ်လွန်သူမိခင်/ဖခင်တို့ သား/သမီးအရင်းများဖြစ်ကြောင်း မိမိတို့ မောင်နှမ (၃)ဦးတည်းသာလျှင် အမွေဆက်ခံ ပိုင်ဆိုင်ပါကြောင်း၊ မိမိတို့မှလွဲ၍ အခြားသော အမွေ ဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှ မရှိသည်မှာ မှန်ကန်ပါကြောင်း၊ ကိတ္တိမသားသမီးများလည်း မွေးစား ထားခြင်းမရှိပါကြောင်း (၂၂-၁-၂၀၂၄) ရက်စွဲပါ တရားရုံးကျမ်းကျိန်၊ ထောက်ခံကျမ်းကျိန်လွှာတို့ကိုတင် ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ် ချုပ်ဆို ရန် မြေပုံကူး လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက် အထားများဖြင့် ဤကြော်ငြာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက် နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်အသိပေးကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ်- ၄၀၊ မြေကွက်အမှတ်- ၃၉၂၊ ဧရိယာ (၀.၀၅၅)ဧကရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ (၄၀) ရပ်ကွက်၊ စိန်ပန်းလမ်း၊ အမှတ်- ၃၉၂ ဟုခေါ်တွင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အမည်ပေါက် ပိုင်ဆိုင်ရောင်းချ ခွင့်ရှိသော ရောင်းသူ ဦးသန်းဇော်ဌေး [၁၂/ဒဂမ(နိုင်)၀၃၀၃၄၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသအဖြစ် စရန်တန်ဖိုးငွေ ပေးချေထားပြီး ဖြစ်ပါသည်။ ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် များနှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသည်ဆိုပါက စာချုပ် စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သီတာအုန်း**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၆၃၀၇)**
**အမှတ် (၁၉၄/၁၉၆)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊**
**(၅၁) လမ်းနှင့် (၅၂) လမ်းကြား၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၅၁၆၀၆၀၇**

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မုန့်လက်ဆောင်းကုန်းမြောက် ရပ်ကွက်၊ ရန်ကြီးအောင်လမ်း၊ အမှတ်- ၂-က၊ အကျယ်အဝန်း (၁၅x၄၅)ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နှစ်ထပ်အိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား အရောင်းအဝယ်စာချုပ်အဆင့်ဆင့်ဖြင့် လက်ဝယ်ရှိ ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဒေါ်လှလှဌေး [၁၂/စခန(နိုင်)၀၃၉၇၅၃]ထံမှ ကျွန်ုပ်၏ မိတ်ဆွေက ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသအဖြစ် စရန်တန်ဖိုးငွေကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့် ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသည်ဆိုပါက စာချုပ်စာတမ်းမူရင်းများနှင့် အတူ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သန္တာကျော်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၆၀၄)**
**တိုက်အမှတ်(၁၆၁/ခ)၊ မြေညီထပ်၊ မင်းရဲကျော်စွာလမ်း၊ (၇)ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉ ၄၅၀၀၅၄၅၉၁**

## နှစ်ဦးသဘောတူအကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သော **ဒေါ်စန်းစန်းမိုး [၅/မဟန(နိုင်)၀၄၉၆၂၅]**၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေး ကြေညာအပ်ပါသည်-

**ဦးစိုးစိုးနိုင် [၇/ဖမန(နိုင်)၀၀၃၈၈၁]နှင့် ဒေါ်စန်းစန်းမိုး [၅/မဟန(နိုင်) ၀၄၉၆၂၅]**တို့သည် မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေနှင့်အညီ (၁၉၉၉)ခုနှစ်မှစ၍ တရားဝင် အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်လာခဲ့ကြပါသည်။ ယခုအချိန်တွင် တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်း မတိုက်ဆိုင်တော့ပါသဖြင့် ဆက်လက်ပေါင်းသင်းရန် မဖြစ်နိုင်တော့သောကြောင့် (၁၅-၂-၂၀၂၄)ရက်တွင် နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်း ကတိစာချုပ်ကို သက်သေများရှေ့တွင် မိမိတို့၏လွတ်လပ်သော သဘောဆန္ဒအရ ပြုလုပ်ချုပ်ဆို ခဲ့ကြပြီးဖြစ်ပါသည်။ ထိုသို့နှစ်ဦးသဘောတူ ကွာရှင်းပြီးသည့်အချိန်မှစ၍ ဦးစိုးစိုးနိုင် နှင့် ဒေါ်စန်းစန်းမိုးတို့သည် တစ်ဦးနှင့်တစ်ဦး ကိုယ်ရေးကိုယ်တာကိစ္စအဝဝကို ဝင်ရောက်စွက်ဖက်ခြင်း၊ နှောင့်ယှက်ခြင်းမပြုလုပ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်စန်းစန်းမိုး၏လွှဲအပ်ညွှန်ကြားချက်အရ**

| | | |
|---|---|---|
| **ဦးကျော်ဇင်လင်း(LL.B.)** | **ဦးသိန်းနိုင်စိုး(LL.B.)** | **ဒေါ်ဆုရည်အောင်(LL.B.)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၁၂၆၉၁)** | **(စဉ်-၅၃၆၉၇)** | **(စဉ်-၅၅၉၀၈)** |
| **ဖုန်း- ၀၉-၂၅၁၁၇၇၈၀** | **ဖုန်း- ၀၉-၂၅၄၉၂၈၅၉၈** | **ဖုန်း- ၀၉-၄၄၅၆၄၅၆၉၉** |

**အမှတ် (၁၀၉)၊ ဒုတိယထပ်၊ (၁၄)လမ်း၊**
**လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

## အထွေထွေကိုယ်စားလှယ်လွှဲစာအားပြန်လည် ရုပ်သိမ်းကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၆/အရှေ့ရပ်ကွက်၊ အောင်သုခ(၂၁)လမ်း၊ အမှတ်(၁၁၄၁/က)နေ (ဘ) ဦးအောင်စိန်၏ သားဖြစ်သူ၊ **ဦးကျော်လွင် (၁၂/သကတ(နိုင်)၀၇၉၃၅၃)** ကိုင်ဆောင်သူ၏လွှဲအပ်ညွှန်ကြားချက်အရအောက်ပါအတိုင်းကြေညာ အပ်ပါသည် -

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကျော်လွင်မှနေ၍ (ဘ)ဦးကံချွန်၏ သားဖြစ်သူ **ဦးအောင်ဇေယျဇော် (၁၂/ဥကမ(နိုင်)၁၇၈၈၉၉)** ထံသို့ (၁၆-၁၀-၂၀၁၅)ရက်စွဲပါ အထွေထွေကိုယ်စားလှယ်လွှဲစာ အမှတ်-၁၀၈၈၁/၂၀၁၅အားရန်ကုန်မြို့စာချုပ်စာတမ်းများမှတ်ပုံတင် ရုံးတွင်တရားဝင်ပေးအပ်ခဲ့ပါသည်။ယခုအချိန်တွင်အဆိုပါအထွေထွေ ကိုယ်စားလှယ်လွှဲစာအားအသုံးပြုရန်မလိုအပ်တော့ပါသဖြင့်ကျွန်ုပ်၏ မိတ်ဆွေမှပြန်လည်ရုပ်သိမ်းလိုက်ပြီဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
**ဒေါ်ခင်မေဦး ( LL.B )**
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၀၇၅)
အမှတ်(၁၁၅၄)၊ အောင်သုခ(၂၂)လမ်း၊ ၆/အရှေ့ရပ်ကွက်၊
သာကေတမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၈၈၄၅၉၀၅၅

## ဦးကျော်အေး
**ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) (၁၉၉၂ – ၁၉၉၈) (ယခင်) ရှေ့နေချုပ်ရုံး**
**အဖွဲ့ဝင်(ငြိမ်း)၊ တိုင်းတရားသူကြီးအဖွဲ့၊ တနင်္သာရီတိုင်း**
**အသက်(၈၇)နှစ်**

မြင်းခြံမြို့နေ(ဦးမြဒင်–ဒေါ်မြင့်မြင့်ခင်)တို့၏ သား၊ ပုလောမြို့နယ်၊ တိုရွာနေ(ဦးဘအို–ဒေါ်စော)တို့၏ သားသမက်၊ ရန်ကုန်မြို့နေ ဒေါ်လေးရှင်၏ ချစ်လှစွာသော ခင်ပွန်း၊ ဦးနေမျိုးအောင် – ဒေါ်နီနီထွဏ်း (ယခင် ကထိက၊ ဂျာမန်ဘာသာဌာန YUFL)၊ ဒေါက်တာသန့်စင်အေး (ဒုတိယညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံတိုင်းရင်းသားဘာသာစကားဦးစီးဌာန)၊ ပါမောက္ခဒေါက်တာဦးသီဝတင် – ပါမောက္ခဒေါက်တာစိမ်းမြမြအေး၊ ဒေါက်တာမြမာလာအေး(တရားလွှတ်တော်ရှေ့နေ)တို့၏ ချစ်လှစွာသောဖခင်၊ မောင်ကျော်ထက်အောင်၊ မသင်းရတနာအောင်၊ မောင်စိုးထက်တင်၊ မမိုးပွင့်တင်တို့၏ ချစ်လှစွာသောဘိုးဘိုး ဦးကျော်အေးသည် ၁၆–၂–၂၀၂၄ (သောကြာနေ့)၊ နံနက် ၅ :၀၅ နာရီ၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ ဆန္ဒအရ ကြွင်းကျန်သော ရုပ်ကလပ်ကို ၁၆–၂–၂၀၂၄ (သောကြာနေ့) ညနေ ၄:၃၀ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးနေ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်မြင့်မြင့်ကြည် (သန်လျင်)
**အသက်(၆၉)နှစ်**

သန်လျင်မြို့၊ ထန်းပင်ကုန်းရပ်ကွက်၊ ထန်းပင်ကုန်း(၆)လမ်း၊ အမှတ်(၁၁)နေ(ဦးကုလား–ဒေါ်အုန်းရင်)တို့၏ သမီး၊ (ဦးမြင့်ဦး)နေလကုမ္ပဏီ၏ ဇနီး၊ ကိုခွန်လှရီ–မမေမြတ်မွန်ဦး၊ ကိုတောက်ထွန်းနိုင်–မဇင်ဇင်မြင့်၊ ကိုအောင်သူ–မပန်းသီရိခိုင် တို့၏ မွေးသမိခင် ကျေးဇူးရှင်၊ မြေး သုံးယောက် တို့၏ အဘွားသည် ၁၆–၂–၂၀၂၄(သောကြာနေ့) နံနက် ၄:၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈–၂–၂၀၂၄(တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် အထက်ပါနေအိမ်မှ သန်လျင် ဗိုလ်ချုပ်ရွာသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၂–၂–၂၀၂၄(ကြာသပတေးနေ့)နံနက် ၇ နာရီမှ ၁၁ နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၁)၊ မြေကွက်အမှတ်(၁၃၀၆)၊ မြေကွက်တည်နေရာအမှတ်(၁၃၀၆)၊ စံပယ်လမ်း၊ (၄၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဒေါ်ခင်စောဦး [၁၂/ဥကတ(နိုင်)၀၅၅၃၃၃]အမည်ပေါက် နှစ် (၆၀) မြေငှားစာချုပ် ဂရန်မြေအား အမည်ပေါက် ဒေါ်ခင်စောဦး (မိခင်) ကွယ်လွန်နှင့် ဦးကျော်မြင့် (ဖခင်)တို့အသီးသီးကွယ်လွန်သဖြင့် (၁) ဦးအောင်ကျော်စိုး [၁၂/ဒဂမ(နိုင်)၀၀၅၄၅၃၃]၊ (၂) ဒေါ်တင်တင်စိုး [၁၂/ဒဂန(နိုင်)၀၀၅၅၀၄]တို့က မိဘများတွင် မိမိတို့မောင်နှမ (၂) ဦးသာ မွေးဖွားခဲ့ပြီး၊ တရားဝင်အမွေဆက်ခံခွင့်ရှိသည့်သားသမီးများတော်စပ်ကြောင်း၊ ၎င်းတို့ မောင်နှမ နှစ်ဦးမှလွဲ၍ အခြားသော အမွေဆက်ခံခွင့် ကိတ္တိမသား/သမီးများ မွေးစားထားခြင်းလည်းမရှိကြောင်း၊ မိမိတို့သာ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ အမွေဆက်ခံခွင့်ဥပဒေအရ အမွေဆက်ခံခွင့်ရှိကြောင်း ကျမ်းကျိန်လွှာ၊ ထပ်ဆင့်ထောက်ခံကျမ်းကျိန်လွှာ (၂)စောင် အိမ်ထောင်စုစာရင်း၊ မိဘများ၏သေစာရင်း၊ ဂရန်၊ နိုင်ကတ် တို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် နှင့် စွန့်လွှတ်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## ဦးစိုးနိုင်
**ကျောင်းအုပ်ကြီး(ငြိမ်း)**
**ဟိုတယ်/ခရီးသင်တန်းကျောင်း**
**ကန်တော်ကြီးဟိုတယ်**
**အသက်(၈၃)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ (၁၀)မိုင်၊ ဗိုလ်တေဇလမ်း၊ အမှတ်(၇၄၀)နေ (ဦးချစ်ဖေ–ဒေါ်ထွေးစိန်)တို့၏သား၊ ဒေါ်ဖြူဖြူဆွေ(ဟိုတယ်/ခရီးငြိမ်း)၏ချစ်လှစွာသောခင်ပွန်း၊ ဒေါ်ထူးထူး၏မောင်၊ ဦးခင်မောင်လေး–ဒေါ်မြကြည်တို့၏ အစ်ကို၊ ဒေါက်တာအေးယုစိုး(UNOPS)၊ ဦးရန်နောင်စိုး–ဒေါ်ခင်သီတာထွန်း၊ ဦးနေဝင်း–ဒေါ်သင်းနွယ်စိုး(GNC)တို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ ကိုသော်လွင်သန့်–မခင်မျိုးသက်၊ ကိုစွမ်းဝင့်–မစုစုကြည်၊ မသက်မြတ်နိုး၊ ကိုခိုင်မြဲ၊ ကိုသီဟသွေး၊ မပန်းသွေးနုနု တို့၏ အဘိုးသည် ၁၆–၂–၂၀၂၄ ရက် နံနက် ၁၀:၂၀ နာရီတွင် ဘဝတစ်ပါးသို့ ပြောင်းရွှေ့သွားပါသဖြင့် ၁၈–၂–၂၀၂၄ ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသဖြင့် ဆွေမျိုး၊ မိတ်သင်္ဂဟများအား လိုက်ပါပို့ဆောင်နိုင်ရန် အသိပေးအကြောင်းကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## အထူးကျေးဇူးတင်ရှိခြင်း

ကျေးဇူးရှင် ဖခင်ကြီး ဒုတိယဗိုလ်မှူးကြီးစိုးမြင့်(ငြိမ်း) အသက်(၇၄)နှစ်အား အစွမ်းကုန်ကုသပေးခဲ့ပါသော အာရှတော်ဝင်ဆေးရုံ CCU မှ အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ နာရေးအား လာရောက်ပို့ဆောင်ပေးကြသည့် ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေများ၊ ရက်လည်ဆွမ်းအတွက် သင်္ကန်းပရိက္ခရာ လှူဖွယ်ဝတ္ထုအစုစုနှင့် စားဖွယ်မျိုးစုံကို ပေးပို့လှူဒါန်းပေးကြသော မိတ်ဆွေများ၊ ကွယ်လွန်သည်မှ ရက်လည်သည်အထိ ဝိုင်းဝန်းအားပေးနှစ်သိမ့်ကြသော OTS အပတ်စဉ်(၅၀)၊ (လျှပ်/စက်)တပ်ဖွဲ့ညွှန်ကြားရေးမှူးရုံးနှင့်(ဦး/ပိုင်)မှ လုပ်ဖော်ကိုင်ဖက် မိတ်ဆွေများ၊ morning exercise အဖွဲ့မှ မိတ်ဆွေများ၊ မဟာမြိုင်ဆေးရုံနှင့်အမျိုးသားကျန်းမာရေးခေတ်ခွဲမှုဆိုင်ရာဌာနမှ တာဝန်ရှိလူကြီးများနှင့် လုပ်ဖော်ကိုင်ဖက်များ၊ EMBA မှ သူငယ်ချင်း မောင်နှမများ၊ Zeya & Associate Co.,Ltd နှင့် Mahar Bawga Finance Co.,Ltd မှတာဝန်ရှိလူကြီးများနှင့် လုပ်ဖော်ကိုင်ဖက်များ၊ အကောက်ခွန်ဦးစီးဌာနမှ သူငယ်ချင်းများ လူကိုယ်တိုင်မလာနိုင်၍ Facebook, Viber, email၊ သတင်းစာတို့ဖြင့် ဝမ်းနည်းကြောင်း ရေးသားပေးပို့ကြသော ဆွေမျိုးမိတ်ဆွေများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးအား အထူးကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

---

**ပုလောမြို့နယ်အသင်း(ရန်ကုန်)**
## ဦးကျော်အေး
**ဂုဏ်ထူးဆောင် နာယကကြီး**
**အပူဇော်ခံပုဂ္ဂိုလ်၊ အသင်းဝင်အမှတ်–၉၁**
**အသက်(၈၇)နှစ်**

ရန်ကုန်မြို့နေ ပုလောမြို့နယ်အသင်း(ရန်ကုန်) ဂုဏ်ထူးဆောင် နာယက ဒေါ်လေးရှင်၏ ခင်ပွန်း၊ ဦးနေမျိုးအောင် (အမှုဆောင်–ပုလောမြို့နယ်အသင်း(ရန်ကုန်)–ဒေါ်နီနီထွဏ်း တို့၏ဖခင် ဦးကျော်အေးသည် ၁၆–၂–၂၀၂၄(သောကြာနေ့)နံနက် ၅:၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆–၂–၂၀၂၄(သောကြာနေ့) ညနေ ၄:၃၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

နာယက၊ အမှုဆောင်အဖွဲ့

---

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ ကျန်စစ်သားရပ်ကွက်၊ ပုဂံလမ်း၊ အမှတ်(၄/၁၆၉၉)ရှိ ဦးနေဝင်း အမည်ပေါက် ပါမစ်မြေအမျိုးအစား၊ မြေကွက်အကျယ် (အလျား ၂၅ပေx အနံ ၅၀ပေ)အနက်မှ ခေါင်းရင်းခြမ်း (အလျား၁၂ ½ ပေx အနံ၅၀ပေ)အကျယ်ရှိ မြေကွက်အား ဦးအေးလွင် [၁၂/သကတ(နိုင်)၀၀၀၅၈၄]မှ (၁၂–၅–၂၀၀၂)ရက်စွဲပါ “ နှစ်ဦးသဘောတူ မြေကွက်အရောင်းအဝယ်ကတိစာချုပ်” ဖြင့်ဝယ်ယူပိုင်ဆိုင်ထားပြီး ယနေ့အချိန်ထိ နေထိုင်ပိုင်ဆိုင်လာခဲ့သည်မှာ နှစ်(၂၀)ကျော်ရှိပြီး ဖြစ်သည့်အပြင် အဆိုပါမြေကွက်အား မည်သူတစ်ဦးတစ်ယောက်ကိုမျှ ရောင်းချထားခြင်း၊ ပေါင်နှံထားခြင်း၊ ပေးကမ်းထားခြင်း၊ အခြားနည်းဖြင့် လွှဲပြောင်းထားခြင်း အလျဉ်းမရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **ဦးအေးလွင်၏ –** | **ဦးပြည်သာကျော်မိ (LL.B)** |
| **လွှဲအပ်ညွှန်ကြားချက်အရ** | **(တရားလွှတ်တော်ရှေ့နေ) စဉ်–၁၅၈၃၅** |
| | **အမှတ်(၅၈)၊ ဒုတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊** |
| | **ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။** |
| | **ဖုန်း–၀၉–၄၂၀၄၇၄၀၄** |

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၉)ရပ်ကွက်၊ မြရည်နန္ဒာလမ်း၊ အမှတ်(၈၂၈/က)ဟုခေါ်တွင်သည့် (အလျား၂၀ပေxအနံ၆၀ပေ)ရှိ အိမ်ခြံမြေ**ကို ဒေါ်စန်းမြင့် [၁၂/ဗဟန(နိုင်)၀၁၃၈၈၅]မှ တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံလျက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နွယ်နီအေးမင်း(ခ)ဒေါ်အေးမြသူ [၁၂/ဒဂန(နိုင်)၀၀၂၀၉၈]မှ ဝယ်ယူရန် သဘောတူညီခဲ့သည့်အလျောက်(၁၉–၁–၂၀၂၄)ရက်နေ့တွင် အိမ်ခြံမြေအရောင်းအဝယ်စရန်ပေးကတိစာချုပ်ကို ပြုလုပ်ချုပ်ဆိုခဲ့ပြီး စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားခဲ့ပြီးဖြစ်ပါသည်။ အဆိုပါအိမ်ခြံမြေနှင့် ပတ်သက်၍ ပိုင်ဆိုင်မှုအငြင်းပွားခြင်း၊ ပြဿနာတစ်စုံတစ်ရာ၊ အရှုပ်အရှင်းတစ်စုံတစ်ရာရှိပါက သက်ဆိုင်သူသည် ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်မာသည့် စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်နှင့် ကျွန်ုပ်၏မိတ်ဆွေထံသို့ လူကိုယ်တိုင်တိုက်ရိုက်လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ ကန့်ကွက်သူမရှိပါက သတ်မှတ်ရက်ကျော်လွန်လျှင် ကတိစာချုပ်ပါနေ့ရက်အတိုင်း ဆက်လက်၍ အရောင်းအဝယ်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးကျော်စွာထက် (တရားလွှတ်တော်ရှေ့နေ)(စဉ်–၁၂၈၉၁)**
**ဖုန်း–၀၉–၇၉၅၁၅၈၀၄၀၊ ၀၉–၅၀၈၀၈၇၈**
**ရုံးခန်းလိပ်စာ–အမှတ်(၅၆၆/က)၊ မြို့မလမ်း၊ (မြေညီ)၊ ၄/တောင်ရပ်ကွက်၊ သာကေတမြို့နယ်။**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၆)၊ မြေကွက်အမှတ်(၁၄၇၃/က)၊ ဦးအောင်ညွန့် (CZ – ၀၄၁၄၆၅) (အဖ) ဦးချစ်တီး အမည်ပေါက် မြေချပါမစ်(မူရင်း) အား မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဌာနရှိ မြေငှားစာချုပ်(ဂရန်) (မူရင်း)နှင့် လဲလှယ် ထုတ်ယူခွင့်ပြုပါရန် အရောင်းအဝယ်အရပ်ကတိစာချုပ် အဆက်ဆက်ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ဆုဝင်း[၁၂/ဒဂတ(နိုင်)၀၆၄၁၃၅]မှ ပါမစ်(မူရင်း)တင်ပြ၍ လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း ဤဦးစီးဌာနသို့သက်ဆိုင်ရာစာရွက်စာတမ်းအထောက်အထား (မူရင်း)များတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်(မူရင်း)ကို သိမ်းဆည်း၍ မြေငှားစာချုပ်(ဂရန်) (မူရင်း)ဖြင့် လဲလှယ်ထုတ်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မြေနှင့်အိမ်ရာဌာနခွဲ(ရန်ကုန်)**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေး**
**ဦးစီးဌာန**

---

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၄)၊ ဟံသာဝတီလမ်း၊ မြေကွက်အမှတ်(၄၄၈)၊ အကျယ်အဝန်း(၄၀x၆၀)ပေ ဦးစူလတန်(ခ)လှမြင့်(CK–007749)အမည်ပေါက် မြေချပါမစ် မူရင်းမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်တို့အား ဦးစူလတန်(ခ)လှမြင့်(CK–007749)အမည်ပေါက် မြေချပါမစ်မူရင်းနှင့်တကွ အဆက်စပ် စာချုပ်စာတမ်းမူရင်းများဖြင့် လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားသူ ဦးသန့်ဇော်[၁၂/ပဇတ(နိုင်) ၀၁၀၁၉၉]မှ တရားဝင်ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံအဆိုပြု၍ ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေပြီး ဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်ပြီး အကျိုးသက်ဆိုင်သူ မည်သူမဆိုပိုင်ဆိုင်မှု အထောက်အထား စာရွက်စာတမ်းစုံလင်စွာဖြင့် ကျွန်ုပ်ထံသို့ (၁၀)ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဒေါ်အေးသက်ပိုင်နှင့် ဦးသွက်ထက် တို့၏လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ဒေဝီ LL.B အထက်တန်းရှေ့နေ(စဉ်–၅၃၄၃၁)**
**အမှတ်(၉၁၄)၊ ရေသန့်လမ်း၊ (၁၃၁)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်။ ဖုန်း–၀၉–၇၉၃၀၆၀၅၀၈**

---

## “သက်ဆိုင်သူများနှင့်အများသိစေရန် ကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာအနောက်ပိုင်းမြို့နယ်၊ အပြင်ပဒံကျေးရွာအုပ်စု၊ ကမ်းပြိုကျေးရွာ၊ မြို့ပတ်လမ်းအနောက်ခြမ်း၊ ပန်းလှိုင်မြစ်ကမ်းနေထိုင်သူ ဦးသိန်းစိုး[၁၂/လသရ(နိုင်)၀၇၇၂၄၈]ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်–

အထက်ပါ လွှဲအပ်ညွှန်ကြားသူနေထိုင်လျက်ရှိသောအထက်ဖော်ပြပါလိပ်စာတွင် ယခင်နှစ်များစွာမှစ၍ ယနေ့အချိန်ကာလအထိ အစဉ်အဆက်နေထိုင်သူ အိမ်ထောင်စု(၁၂)ဦးမှ လုပ်ငန်းများ အသီးသီးလုပ်ကိုင်ပြီး စီးပွားရေးလုပ်ကိုင်လျက် အသက်မွေးဝမ်းကျောင်းပြုနေသူများဖြစ်ကြောင်း သိရပါသည်။

ယင်းနေရာဒေသရှိ အိမ်ထောင်စု(၁၂)ဦး၏ မြေနေရာများသို့ လွန်ခဲ့သော(၁၃–၂–၂၀၂၄)ရက်နေ့ကစ၍ တော်ဝင်ကြာဖူး ကုမ္ပဏီလီမိတက်မှ ဦးဆောင်၍ အဆိုပါနေရာဒေသရှိ အိမ်ထောင်စုပိုင်ရှင် (၁၂)ဦးနှင့် ဆက်နွယ်သော မြေနေရာနှင့် အဆောက်အဦများအားလုံးကို ဖယ်ရှားပြီး ဝင်ရောက်ကျူးကျော်လျက်ရှိကြောင်း သိရပါသည်။

သို့ဖြစ်ပါ၍ တော်ဝင်ကြာဖူး ကုမ္ပဏီလီမိတက်မှ ယခုကဲ့သို့ လုပ်ဆောင်ချက်များအရ ပေါ်ပေါက်နေသည့်မြေနေရာများ နှင့် အဆောက်အဦများသို့ ကျူးကျော်ဖယ်ရှားခံရသည့် နစ်နာသူအားလုံးအပေါ် ထိုက်သင့်သည့် လျော်ကြေးပေးရန် နှင့် ပြန်လည်နေထိုင်မှုကိစ္စရပ်များ ဆောင်ရွက်ပေးပါရန် ယနေ့ကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ဖြေရှင်းပေးပါရန် တောင်းဆိုအပ်ပါသည်။ ပျက်ကွက်ခဲ့ပါက ဥပဒေနှင့်အညီ ဆက်လက် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သက်ဆိုင်သူများနှင့်အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်တင်မိုးနွယ်(LL.B, LL.M)**
**အထက်တန်းရှေ့နေ(စဉ်–၃၅၇၉၀/၃၀–၁၂–၂၀၁၀)**
**အမှတ်(၂၇၁)၊ စိန်ပန်းမြိုင်လမ်း၊ (၁၇)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**Ph:09–420135554**

---

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ ရွာမကျောင်းလမ်း၊ အမှတ်(၁၃၂)တွင် နေထိုင်သူ ဦးဉာဏ်ထွန်း (ဘ) ဦးထွန်းရီ [၁၂/လမန(နိုင်)၀၇၈၄၁၁]နှင့် ဒေါ်ခင်ထားမြီ (ဘ)ဦးထွန်းကြိုင် [၁၂/လမန(နိုင်)၀၂၂၉၅၆]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ဦးဉာဏ်ထွန်းနှင့် ဒေါ်ခင်ထားမြီ တို့သည် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်(၁၃)၊ မြေကွက်အမှတ်(၅၈/က)၊ ဧရိယာ(၀.၉၈၁)ဧကရှိ ဂရန်မြေကွက်ပေါ်တွင် အမှတ်(၁၃၂)ဟုခေါ်ဆိုသော နေအိမ်အဆောက်အဦဆောက်လုပ်၍ မြေလခများကို ယနေ့အချိန်ထိ ပေးသွင်းသူများဖြစ်ပါသည်။

မြေအမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်သန်းမြင့်(ခ)ချီစုလျှန်သည် ဦးဉာဏ်ထွန်းနှင့် ဒေါ်ခင်ထားမြီတို့ အပေါ်တွင် မြေငှားနှင်လိုမှုနှင့် စွဲဆိုခဲ့ရာ ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၏ (၁၂–၉–၂၀၂၀)နေ့စွဲပါ စီရင်ချက်နှင့် ဒီကရီအရ မြေငှားအဖြစ်သုံးသပ်ပြီး အချင်းဖြစ်မြေပေါ်မှ နှင်ထုတ်ခွင့်မရှိကြောင်း အမိန့်ဒီကရီချမှတ်ခဲ့ပါသည်။ ယခုအခါ ဦးဉာဏ်ထွန်းနှင့် ဒေါ်ခင်ထားမြီတို့သည် အထက်ဖော်ပြပါ မြေကွက်အတွင်း မြေငှားများအဖြစ် ဥပဒေနှင့်အညီ နေထိုင်လျက်ရှိသဖြင့် ယင်းမြေကွက်နှင့်ပတ်သက်သော မြေငှားတစ်ဦး၏ အခွင့်အရေးများကို လက်ရှိရယူ၍ ခံစားခွင့်ရှိသူများဖြစ်ပါသည်။ ထို့ကြောင့် ဦးဉာဏ်ထွန်းနှင့် ဒေါ်ခင်ထားမြီတို့၏ မြေငှားနှင့်ပတ်သက်သော အခွင့်အရေးများကို အခြားမည်သူတစ်ဦးတစ်ယောက်ကမျှ ရယူသုံးစွဲခြင်း၊ ထိပါးနှောင့်ယှက်ခြင်း မပြုပါရန် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးကျော်မြင့် (LL.B) ဥပဒေတွဲ့**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၆၀၉၀)(၂၈–၇–၁၉၉၄)**
**အမှတ်(၅၀)၊ အခန်း(စီ/၁၁)၊ ပထမထပ်၊ ဘဏ်လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**Ph:09–5104757, 09–792589305**

---

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၇)၊ လူနေရပ်ကွက်အမှတ်(၁၃)၊ မြောင်းမြလမ်း(၅၃၈/က)ရှိ (အလျား၂၀xအနံ၆၀)ပေရှိ ဒေါ်မျိုးမြတ်သူဇင် အမည်ပေါက်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အဆောက်အဦအားလုံး ရေ၊ မီး အစုံနှင့် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဒေါ်မိုးမိုးဆန်း [၁၄/ဇလန(နိုင်)၁၇၁၁၃၃]ထံမှ ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေ ဦးမြင့်တင်[၁၄/လမန(နိုင်)၀၃၇၄၃၈]၊ ဒေါ်ခင်မြသွင်[၁၄/လမန(နိုင်)၀၉၃၄၂၉]တို့မှ စရန်ငွေပေးပြီးဖြစ်ပါသည်။ အရောင်းအဝယ်အပေါ် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း စာရွက်စာတမ်း(မူရင်း) အထောက်အထား အပြည့်အစုံဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးကျော်ဆွေဝင်း(LL.B, D.B.L, D.I.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၈၉၂)**
**အမှတ် – ၁၃၂၈၊ ကုန်းဘောင်လမ်း၊ (၁၃)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း–၀၉–၄၂၀၀၉၉၀၂၉**

---

**အားကစားမြင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

( ခ ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံ စိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

( ဂ ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များ အနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **အမျိုးသားရေးထက် အရေးကြီးသည်မှာ ဘာမျှမရှိဆိုသည့်အတိုင်း နိုင်ငံကို တာဝန်ယူဆောင်ရွက်ချိန်တွင် ဒို့တာဝန် အရေးသုံးပါး မထိခိုက်ရန်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ကို အခြေခံ၍ ဆောင်ရွက်နေခြင်းဖြစ်**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ် အောက်တိုဘာလ ၂၆ ရက်နေ့တွင် ပြုလုပ်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး(၅/၂၀၂၃)သို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

**ယနေ့ ဖတ်စရာ**

**သတိပြုစရာ ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲများ**

ဆောင်းပါး စာမျက်နှာ » ၁၁

**ဂျပန်နိုင်ငံက H3 ဒုံးပျံအသစ်ကို အာကာသသို့ ဖေဖော်ဝါရီ ၁၇ ရက်တွင် လွှတ်တင်မည်**

စာမျက်နှာ » ၁၃



**စစ်မှုထမ်းနိုင်သည့် တစ်နိုင်ငံလုံး လူငယ်စာရင်းကို တပ်မတော်က အရေးပေါ်တောင်းခံနေပြီး လူငယ်များကို ထွက်မပြေးရန် လက်မှတ်ထိုး ဝန်ခံကတိပြုခိုင်းနေကြောင်း သတင်းတု၊ သတင်းအမှားများကို မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိ**

စာမျက်နှာ » ၁၄

# ထင်းမယ်ကြိုးပြင်ကာကွယ်တောသတ်မှတ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်၊ သစ်တောဥပဒေပုဒ်မ-၆၊ ပုဒ်မခွဲ(င)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံးလျက် တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းခရိုင် ဘုတ်ပြင်းမြို့နယ်အတွင်းကျရောက်နေသည့် ဧရိယာအကျယ်အဝန်း ၄၄၃၅ ဧကရှိသောနယ်မြေကို **“ထင်းမယ်ကြိုးပြင်ကာကွယ်တော”** အဖြစ် အမိန့်ကြော်ငြာစာအမှတ်(၁၂/၂၀၂၄)အရ ၁၃၈၅ ခုနှစ်၊ တပို့တွဲလဆန်း ၆ ရက်(၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်)မှစ၍ သတ်မှတ်ကြောင်း ကြေညာလိုက်သည်။

**စာမျက်နှာ ၁၈ ကော်လံ ၁ သို့** ❂



## ကမ္ဘာ့နံပါတ်(၁)တင်းနစ်မယ် ဆွီယာတက်ခ် ကာတာအိုးပင်းဆီမီးဖိုင်နယ်အဆင့် တက်လှမ်း

ကာတာအိုးပင်း တင်းနစ်ပြိုင်ပွဲရဲ့ အမျိုးသမီးတစ်ဦးချင်း ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် ဖေဖော်ဝါရီ ၁၅ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ကမ္ဘာ့နံပါတ်(၁) တင်းနစ်မယ် ဆွီယာတက်ခ်နဲ့ ဘီလာရုစ် တင်းနစ်မယ် ဗစ်တိုးရီးယားအဇာရန်ကာတို့ပွဲစဉ်မှာ ဆွီယာတက်ခ်က အနိုင်ရရှိခဲ့တာကြောင့် ကာတာအိုးပင်း တင်းနစ်ပြိုင်ပွဲရဲ့ အမျိုးသမီးတစ်ဦးချင်း ဆီမီးဖိုင်နယ်အဆင့်ကို တက်လှမ်းခွင့်ရရှိခဲ့ပြီ ဖြစ်ပါတယ်။

ဆွီယာတက်ခ်နဲ့ ကမ္ဘာ့နံပါတ်(၁) တင်းနစ်မယ်ဟောင်း တစ်ဦးဖြစ်တဲ့ ဗစ်တိုးရီးယားအဇာရန်ကာတို့ရဲ့ ပွဲစဉ်မှာ

**စာမျက်နှာ ၁၈ ကော်လံ ၅ သို့** ❍




## မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ၏ မျိုးဆက်သစ်လူငယ် ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့နှင့် ဆုချီးမြှင့်ပွဲကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၆**

မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော(President Cup)ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ၏ မျိုးဆက်သစ်လူငယ်အဆင့်ပြိုင်ပွဲ ဒုတိယနေ့ကို ဖေဖော်ဝါရီ ၁၆ ရက်က ရန်ကုန်မြို့ (၉)မိုင် ပြည်လမ်းရှိ မြန်မာဂေါက်သီးရိုက်အသင်း၌ ဆက်လက်ကျင်းပသည်။

**အမှတ်တရဂုဏ်ပြုလက်ဆောင်ပေးအပ်**

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနား ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင် ဦးတင်မောင်မောင်ဝင်းက မြန်မာဂေါက်သီးရိုက်အသင်းသို့ အမှတ်တရဂုဏ်ပြုလက်ဆောင်ပေးအပ်ရာ မြန်မာဂေါက်သီးရိုက်အသင်း အတွင်းရေးမှူး ဦးသက်ဇော်လှိုင်က လက်ခံရယူသည်။

**စာမျက်နှာ ၁၈ ကော်လံ ၁ သို့** ❖